# ကြေးမုံ

# The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 1 August 2022 ၁၀၈၁၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ကြေညာချက်အမှတ် ၂/၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၀၉:၃၀ နာရီတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂) ကျင်းပစဉ်။

## ပြည်တွင်း/ပြည်ပ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဘဏ်လုပ်ငန်းများ ယုံကြည်မှုကျဆင်းခဲ့ရပြီး ပုံမှန်မလည်ပတ်နိုင်သည့်အတွက် အစိုးရအနေဖြင့် ကျောထောက်နောက်ခံရပ်တည်ပေး၍ တည့်မတ်ပေးခဲ့ရာ လက်ရှိတွင် လုပ်ငန်းများအားလုံး ပုံမှန်လည်ပတ်နိုင်ပြီဖြစ်

### နိုင်ငံရေးအရတည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰**

ကြေးမုံ

# မှန်ကန်သည့်နိုင်ငံရေးစနစ်ဖြင့် ဒီမိုကရေစီနိုင်ငံတည်ဆောက်

"ဒီမိုကရေစီဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အများ၏ သဘောတူညီမှုဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းသည် "ဒီမိုကရေစီယဉ်ကျေးမှု"ဟု ဆိုနိုင်ကြောင်း၊ အဆိုပါ ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုများ ပျက်စီးသွားပါက နိုင်ငံ၏တည်ငြိမ်မှု ပျက်ပြားသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည် ရှိနေသည့်နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂)တွင် ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် အများဆန္ဒသဘောထားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒီမိုကရေစီစနစ်ကို လိုလားနှစ်သက်ကြသည်။ အများဆန္ဒသဘောထားကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူက ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ဖွင့်ပေးထားသော နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးချပြီး နိုင်ငံကောင်းကျိုး၊ ပြည်သူပြည်သားများ အကျိုးစီးပွားကို ဖော်ဆောင်ကြရသည်။ ပြည်သူများက လွှဲအပ်ပေးထားသည့် နိုင်ငံရေးအာဏာကို မှန်မှန်ကန်ကန် အသုံးမချပါက နိုင်ငံရေးစနစ် ယိုယွင်းပျက်စီးပြီး နိုင်ငံတော်ပင် အန္တရာယ်ကျရောက်နိုင်သည့် ဖြစ်စဉ်များကို မျက်မှောက်အခြေအနေနှင့် မြန်မာ့နိုင်ငံရေးသမိုင်းတို့တွင် တွေ့မြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်၌ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး ဖဆပလပါတီကြီးတစ်ခုတည်းက နိုင်ငံတော်၏တာဝန်ကို ရယူဆောင်ရွက်ခဲ့သည်။ ထို့နောက် ဖဆပလအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး ပါတီတွင်းအုပ်စုကွဲများဖြစ်ပေါ်လာခဲ့သည်။ လူပုဂ္ဂိုလ်ဗဟိုပြု အုပ်စုအလိုက် အာဏာတည်ဆောက်မှု၊ နိုင်ငံရေးမရင့်ကျက်မှုများကြောင့် ပါတီတွင်း ထွက်ပေါက်ရှာကြရာမှ အကွဲအပြဲများဖြစ်လာခဲ့သည်။ ထိုအခါ တိုင်းပြည်အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများဖြစ်ပေါ်လာသောကြောင့် တပ်မတော်သည် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။

ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုထူထောင်ပြီး တစ်ပါတီစနစ်ဖြင့် နိုင်ငံကိုတည်ဆောက်ခဲ့ရာ နိုင်ငံရေးထွက်ပေါက်၊ စီးပွားရေးထွက်ပေါက်များပိတ်ပြီး အထွေထွေအကျပ်အတည်းများဖြစ်ပေါ်လာကာ နိုင်ငံရေးစနစ်တစ်ခုလုံး ပြိုလဲပျက်စီးသွားခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ပြီး နိုင်ငံရေးထွက်ပေါက်များ ပြန်လည်ရရှိလာအောင် ပါတီများဖွဲ့စည်းခွင့်ပေးပြီး ဒီမိုကရေစီလမ်းကြောင်းကို ဖောက်ပေးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ပထမဒီမိုကရေစီအစိုးရ၊ ၂၀၁၅ ခုနှစ်တွင် ဒုတိယဒီမိုကရေစီအစိုးရ နိုင်ငံ့တာဝန် ရယူဆောင်ရွက်ခဲ့ရာ အားသာချက်၊ အားနည်းချက်များရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မမှန်မကန်ဆောင်ရွက်မှုများကြောင့် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ထွက်ပေါက်များပေးထားကာ ဒီမိုကရေစီလမ်းကြောင်း မှန်ပေါ်ကို ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံကို မတည်မငြိမ်၊ မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်မှုများမှလွဲ၍ ပါတီများအနေဖြင့် ညီလာခံများ၊ အစည်းအဝေးများနှင့် ပါတီအချင်းချင်းတွေ့ဆုံဆွေးနွေးခွင့်များ ပြုထားရာ ဒီမိုကရေစီဆန်သည့် နိုင်ငံရေးထွက်ပေါက်များ ရရှိနေပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုကြည့်လျှင် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရန် ဦးတည်လျှောက်လှမ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် နောက်ဆုံးအချက်တွင် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟု အတိအလင်းဖော်ပြထားသည်။ ယခုအခါ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ရရှိခဲ့သည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် နိုင်ငံရေးအချိုးအကွေ့ဖြစ်ပေါ်ခဲ့ရပြီး ယခုအခါ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုတည့်မတ်မှန်ကန်စွာဖြင့် ပြန်လည်အကောင်အထည်ဖော်ပေးနေပြီဖြစ်ရာ ရရှိလာမည့် နိုင်ငံရေးထွက်ပေါက်ကို မှန်မှန်ကန်ကန်အသုံးချပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်မည့် မှန်ကန်သောနိုင်ငံရေးစနစ်ဖြင့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၃၅၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၃၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၃၅၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း



နေပြည်တော် ဇူလိုင် ၃၁

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဆေးဝက်ဘာ စာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မန်ကျီးအုပ်ကျောင်းတိုက်သို့ လည်းကောင်း၊တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ဟိုပန်မြို့နယ်ရှိ မြသိန်းတန်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပင်းတယမြို့နယ်၌ နှမ်းလုံးဆီထွက်သီးနှံများ ကေအများအပြား စိုက်ပျိုး

ပင်းတယ ဇူလိုင် ၃၁

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကုန်းသာကျေးရွာနှင့် ပဲယင်းတောင်ကျေးရွာများတွင် နှမ်းလုံးဆီထွက်သီးနှံပျိုးပင်များ ယခုအခါ ဧကအများအပြား စတင်စိုက်ပျိုးနေပြီဖြစ်သည်။

အဆိုပါ ဆီထွက်သီးနှံ နှမ်းလုံးပျိုးပင်များကို ဒေသနေပြည်သူများက မိရိုးဖလာ စိုက်ပျိုးမြေဧကများ၌ မိုးရာသီသီးနှံများဖြစ်သည့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီ၊ ခရမ်းချဉ်၊ မုန်ညင်းစသည့် သီးနှံများ စိုက်ပျိုးခူးဆွတ်ရောင်းချပြီးချိန် ဆောင်းသီးနှံဖြစ်သည့် ပန်းနှမ်းလုံးစေ့သီးနှံများ စိုက်ပျိုးကြခြင်းဖြစ်သည်။ နှမ်းလုံးမျိုးစေ့များစိုက်ပျိုးရာတွင် နွားချေးခြောက်၊ မြေဩဇာ၊ ထွန်ယက်ခြင်းနှင့် စိုက်ပျိုးခြင်း၊ အလုပ်သမားငှားရမ်းခများ အပါအဝင် စုစုပေါင်းစိုက်ပျိုးကုန်ကျစရိတ် ရှစ်သိန်းခန့်ရှိကြောင်း သိရသည်။ နှမ်းလုံးတစ်ဧကလျှင် ပိဿာချိန် ၂၀၀ မှ ၂၅၀ကျော် ထွက်ရှိပြီး၊ စိုက်ပျိုးပြီး လေးလခန့်အကြာတွင် ရိတ်သိမ်းခူးဆွတ်နိုင်ပြီဖြစ်ကြောင်းနှင့် နှမ်းလုံးစေ့တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀နှုန်းရရှိပြီး တစ်ဧကစိုက်ပျိုးထားလျှင် ငွေကျပ် ၂၅သိန်းခန့် ရရှိသည့်အတွက် ယခုအခါ နှမ်းလုံးများ ဧကချဲ့ထွင် ပိုမိုစိုက်ပျိုးလာခြင်းဖြစ်ကြောင်း စိုက်ပျိုးတောင်သူတစ်ဦးထံမှ သိရသည်။ **ခရိုင်ပြန်/ဆက်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ ရှေ့ဖုံးမှ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို အလေးထားဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ NUG ၏ ညွှန်ကြားစေခိုင်းမှုအရ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြသည့် PDF အပါအဝင် အမည်အမျိုးမျိုးဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည့် အကြမ်းဖက်အုပ်စုများက တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် အခြေအနေတို့ကို သုံးသပ်တင်ပြခဲ့ပြီး နိုင်ငံတော်အား အေးချမ်းသာယာ၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၉ အရ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ပေးရန် အချိန်လိုအပ်လျက်ရှိပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ တင်ပြခဲ့ပါသည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ထောက်ခံဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ယာယီသမ္မတအပါအဝင် အစည်းအဝေးတက်ရောက်ခဲ့ကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလအား ဒုတိယအကြိမ် ခြောက်လသက်တမ်းတိုးမြှင့်ကြောင်းကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ခဲ့ကြကြောင်းနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကျန်းမာရေးကြောင့် ခွင့်ပန်ကြားခဲ့ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပုံ
မြင့်ဆွေ
ယာယီသမ္မတ

☆ ရွေးကောက်ပွဲမှ

ထိုသို့ပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတာဝန်များကို ထမ်းဆောင်လာခဲ့သည်မှာ ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် တစ်နှစ်နှင့် ခြောက်လ (၁၈ လ) ပြည့်မြောက်မည် ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အကြီးအကဲများနှင့် အဖွဲ့ဝင်များပါဝင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)ကို ကျင်းပခဲ့ပြီး မိမိတို့အစိုးရ၏ တစ်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့မှု အခြေအနေကို တင်ပြခဲ့ပါကြောင်း၊ အဆိုပါကာလ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ပထမခြောက်လ သက်တမ်းတိုးမြှင့်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက သဘောတူအတည်ပြုခဲ့ပါကြောင်း၊ သက်တမ်းတိုးမြှင့်ခဲ့သည့် ခြောက်လအတွင်း မိမိတို့အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ တိုးတက်ပြောင်းလဲလုပ်ဆောင်မှုများ ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများကို တင်ပြသွားမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားစဉ်။

**မဲစာရင်းကွာဟမှု**

ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"** ဟူသည့်အချက်ကို ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် ရက်စွဲပါ အမိန့်အမှတ်(၇/၂၀၂၁) အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးစီးအဖွဲ့ဝင် ငါးဦးဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အသစ်အားဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၃၈၂၇၁၄၄၇ ဦး (၃၈ ဒသမ ၂၇ သန်းကျော်)ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၄၈၆၉၄၂၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ်/သုံးကြိမ်နှင့် အထက် ပါဝင်နေသူ၊ အသက် ၁၀၀ နှစ်နှင့်အထက်၊ အသက် ၁၈ နှစ်နှင့်အောက် အပါအဝင် မဲစာရင်းကွာဟမှု ၁၁၃၀၅၃၉၀ ရှိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်ကို ဦးစွာတင်ပြလိုပါကြောင်း။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုဆိုင်ရာ များစွာဖြစ်ပေါ်ခဲ့သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများလည်း များစွာဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဖြစ်ပွားခဲ့သည့်အမှုပေါင်း ၁၀၇၇ မှု ဖြစ်ပွားခဲ့သည့်အနက် ရွေးကောက်ပွဲဥပဒေနှင့် ငြိစွန်း၍ အမှုဖွင့်ခဲ့သည့် အမှုပေါင်း ၅၄၆ မှုရှိပြီး ယင်းတို့အနက် အမှုခိုင်မာ၍ တရားစွဲဆိုတင်သွင်းခဲ့မှု ၃၄၅ မှု၊ ပိတ်သိမ်းခဲ့သည့်အမှု ၂၀၀ နှင့် ဥပဒေအကြံပြုချက်တောင်းခံဆဲ တစ်မှုတို့ ရှိခဲ့ပါကြောင်း။

**တရားမဲ့ပြုကျင့်မှု**

ရွေးကောက်ပွဲ လုပ်ရပ်များအပေါ် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် အားနည်းပျက်ကွက်ခဲ့သည့် တာဝန်ရှိသူ ၂၄၁၇ ဦးရှိပြီး တရားစွဲဆိုမှုများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူ ၄၇၉ ဦးကို အမှုဖွင့်လှစ်အရေးယူခဲ့သကဲ့သို့ မဲ နှစ်ကြိမ်နှင့် နှစ်ကြိမ်အထက် မဲပေးသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး တိုင်ကြား/တရားစွဲဆိုခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဦးစီးပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းများ အပါအဝင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့နှင့်အညီ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လမှစပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ နိုင်ငံရေးပါတီ ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ပါကြောင်း၊ စစ်ဆေးရန်ကျန်ပါတီများကို ဆက်လက်စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲစနစ်ဆိုင်ရာများကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ၁၈ လတာ ကာလအတွင်း လေးကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းများ မှန်ကန်ရေးသည် အဓိကကျသည့် အခြေခံအချက်ပင်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်မရှိဘဲ မဲပေးသူ ၄၈၆၉၄၂၇ ဦး(၄ ဒသမ ၈ သန်းကျော်)ရှိပါကြောင်း၊ **လာမည့် ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအနက် ၃-၅-၂၀၂၁ ရက်မှ ၃-၁၁-၂၀၂၂ ရက်အထိ ၁၈ လတာ ကာလသတ်မှတ်၍ အကျုံးဝင်သူဦးရေ ၃၄၉၁၃၈၆၄ ဦး(၃ ဒသမ ၄ သန်းကျော်)အား ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်ကို နိုင်ငံအဝန်း ဆောင်ရွက်ပေးလျက်ရှိ** ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၃၃၄၀၁၃၀(၃ ဒသမ ၃ သန်း)ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်ကို တင်ပြလိုပါကြောင်း။

**၂၉၈ မြို့နယ် ဆောင်ရွက်ပြီးစီး**

သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများတွင် အိမ်ထောင်စုလူဦးရေ စာရင်း ပုံစံ(၆၆/၆)ကို အခြေခံပြုစုထားသည့် စာရင်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ရှေ့ပြေးလုပ်ငန်းစီမံချက် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရန်အတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစီမံချက် (Pilot Project)ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၂၅ ရက်အထိ မြို့နယ် ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးစီး၍ မြို့နယ် ၁၄ မြို့နယ်အား ဆောင်ရွက်ဆဲဖြစ်ပြီး မြို့နယ် ၁၃ မြို့နယ်မှာ ဆောင်ရွက်ရန်ကျန်ရှိနေသေးကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့နယ်များသည် အကြမ်းဖက်မှုများကြောင့် နယ်မြေအေးချမ်းမှုမရှိသည့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တို့မှဖြစ်ပြီး ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၂) **"လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အချက်ကို ဆောင်ရွက်နေမှုအနေဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့ပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူထမ်းဆောင်စဉ်ကာလ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၃၉၅၆၆၈ ဦး၊ ရောဂါပိုးကင်းစင်သွားသူ ၃၈၈၈၃၂ ဦး၊ သေဆုံးသူ ၁၆၁၈၅ ဦးရှိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၇၈၄၇၇ ဦး၊ ရောဂါပိုး ကင်းစင်သွားသူ ၇၉၅၉၂ ဦး၊ သေဆုံးသူ ၁၂၄ ဦးသာရှိခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်း လျင်မြန်စွာ ကျဆင်းလာခဲ့ခြင်းဖြစ်သည်ကို တင်ပြအပ်ပါကြောင်း၊ သက်သာပျောက်ကင်းသူ အရေအတွက်တွင် ဖော်ပြပါကာလ မတိုင်မီ ရောဂါဖြစ်ပွားခဲ့ပြီး ဖော်ပြပါကာလအတွင်း၌ သက်သာပျောက်ကင်းခဲ့သည့် လူနာများကိုလည်း ထည့်သွင်းရေတွက်ထားခြင်းဖြစ်သဖြင့် ရောဂါပျောက်ကင်းမှု အရေအတွက် များပြားနေခြင်းဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း။

**ကာကွယ်ဆေးထိုးနှံပြီးစီးမှု**

မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးစီးမှုအနေဖြင့် ဇူလိုင် ၂၆ ရက်အထိ လူဦးရေ ၃၆၀၄၇၀၉၄(၃၆ သန်းကျော်) ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှုအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရည်မှန်းလူဦးရေ၏ ၈၅ ရာခိုင်နှုန်းအထက်ကို ထိုးနှံပြီးစီး၍ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိုးနှံရမည့် ရည်မှန်းလူဦးရေ၏ ၄၀ ရာခိုင်နှုန်းအောက်ရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုပါဒေသများထဲမှ တချို့နေရာများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသေးသဖြင့် သတ်မှတ်ချက်အောက် အနိမ့်ဆုံးဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် သတ်မှတ်ရာနှုန်းအတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရန် နယ်မြေအခြေအနေများ တည်ငြိမ်အေးချမ်းရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်အထိ ကာကွယ်ဆေး ဝယ်ယူရရှိမှုအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ဝယ်ယူမှုစုစုပေါင်း ၄၅၀၀၀၀၀၀ (၄၅ သန်း)Doses ဖြစ်ပါကြောင်း၊ လှူဒါန်းရရှိမှုအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ Nippon Foundation ၊ GAVI Covax Facility နှင့် AHA Center တို့မှ လှူဒါန်းမှုစုစုပေါင်း ၃၁၅၉၁၆၀၀ Doses ရရှိပါကြောင်း၊ **စာမျက်နှာ ၄ သို့ »»**

## ❖ ၁၈ လတာ ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် EAO အဖွဲ့များ တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီဖြင့်တွေ့ဆုံမှု EAO အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့်အခြားအဖွဲ့အစည်းများ စသည်ဖြင့် စုစုပေါင်း ၇၅ ကြိမ် တွေ့ဆုံ၍ ငြိမ်းချမ်းရေး၊ တိုင်းပြည်နှင့် ဒေသကောင်းကျိုးအတွက် ဆွေးနွေးနိုင်ခဲ့

»»» **စာမျက်နှာ ၃ မှ**

မြန်မာနိုင်ငံအနေဖြင့် ဧပြီလကစတင်ပြီး ကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိပြီး ဇူလိုင် ၁ ရက်အထိ ကာကွယ်ဆေး ၄၀၉၁၆၂၅ (လေးသန်းကျော်)Doses ထုတ်လုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ဝယ်ယူရရှိမှု၊ လှူဒါန်းမှု၊ ထုတ်လုပ်မှုများမှ ၈၀၆၈၃၂၂၅ (သန်း ၈၀ ကျော်) Doses ရရှိပြီး ဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ၁၄၀၀၀၀၀၀(၁ ဒသမ ၄ သန်း) Doses ထပ်မံဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီးလည်း ဖြစ်ပါကြောင်း။

**ဦးစားပေးအစီအစဉ်အနေဖြင့်**

**ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ရေးနှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်း တိုးမြှင့်နိုင်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများကို တိုးမြှင့်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအသောက်များကို မျှတစွာ စားသုံးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများမြှင့်တင်ခြင်း၊ အစားအစာ ဘေးကင်းလုံခြုံရန်အတွက် စစ်ဆေးခြင်းများ၊ ကျန်းမာရေးအတွက်လိုအပ်သည့် ဆေးဝါးနှင့် ကုသရေးကိရိယာများ ခေတ်မီစွာသုံးစွဲနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကို နိုင်ငံတစ်ဝန်းလွှမ်းခြုံကာကွယ်နိုင်ရန် ကာကွယ်ဆေး ထုတ်လုပ်မှုနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရန် ဦးစားပေးအစီအစဉ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်**သည်ကို တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၃)ပါ **“ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်”** ဆိုသည့်အချက်အား ဆောင်ရွက်နေမှုအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း နိုင်ငံများစွာရှိ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့ရပါကြောင်း၊ မိမိတို့နိုင်ငံအတွက်လည်း ရိုက်ခတ်မှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများနှင့် အမြန်ဆုံး ကုစားသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရ တာဝန်မယူမီအချိန်တွင် ပြည်တွင်း၊ ပြည်ပ ကြွေးမြီသည် တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခဲ့သည်ကို တွေ့ရပါကြောင်း၊ ထုတ်ယူသုံးစွဲပြီး ကြွေးမြီပေါင်း အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၇ ဘီလီယံကျော်ရှိပြီး ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ပေးဆပ်ပြီးသည့် ငွေပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၄ ဘီလီယံရှိပါကြောင်း၊ ပေးဆပ်ရန်ကျန် ငွေပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂ ဘီလီယံကျော် ရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိက ချေးငွေများကို နှစ်စဉ် အတိုးအရင်း ဒေါ်လာသန်း ၇၀၀ ခန့် ပေးဆပ်နေရပါကြောင်း၊ ထို့ကြောင့် အစိုးရတာဝန်ယူခဲ့သည့် တစ်နှစ်တာကာလအတွင်း ပို့ကုန်များ တင်ပို့နိုင်ရေးနှင့် မလိုအပ်သည့် သွင်းကုန်များကို လျှော့ချနိုင်ရေး စီမံဆောင်ရွက်ခဲ့ရပါကြောင်း၊ ပြီးခဲ့သည့်အစိုးရနှစ်ဆက်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၁ ဘီလီယံ ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းတွင် ထုတ်လုပ်၍ ရနိုင်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်အတွက် အားမပေးဘဲ ပြည်ပကသာ မှာယူတင်သွင်းမှုများကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ **ကုန်သွယ်မှု အခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ လက်ရှိအချိန်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃၇ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၇ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၅ ဘီလီယံရှိပြီး ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိ**ပါကြောင်း။

ပြည်တွင်း/ပြည်ပ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဘဏ်လုပ်ငန်းများ ယုံကြည်မှုကျဆင်းခဲ့ရပြီး ပုံမှန်မလည်ပတ်နိုင်သည့်အတွက် အစိုးရအနေဖြင့် ကျောထောက်နောက်ခံရပ်တည်ပေး၍ တည့်မတ်ပေးခဲ့ရာ လက်ရှိတွင် လုပ်ငန်းများအားလုံး ပုံမှန် လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖြေလျှော့မှုအစီအစဉ်အနေဖြင့် အတိုးနှုန်းလျှော့ချရေးနှင့် ပတ်သက်ပြီး အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပေးခြင်း၊ အခွန်နှင့်ပတ်သက်သည့် ပေးသင့်ပေးထိုက်သည့် အခွန်များ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အတတ်နိုင်ဆုံးကုစားနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းရှင်များကို စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ငွေကျပ် ၂၃၃၅ ဒသမ ၄၉ ဘီလီယံကို အရင်းအနှီး ပံ့ပိုးထုတ်ပေးထားပါကြောင်း။

**သီးသန့်ရန်ပုံငွေထူထောင်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်နှင့် စနစ်တကျ စိစစ်သုံးစွဲလျက်ရှိသည့် ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျန် ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေထူထောင်ကာ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားသည်ကို တင်ပြအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေနှင့် နိုင်ငံရေးအခြေအနေများအရ ဖြစ်ပေါ်လာသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ၂၉၁ ခုနှင့် အလုပ်သမား ၁၀၄၇၉၈ ဦး ရပ်နားထားရပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၈ ရက် ကာလအတွင်း အသစ်ဖွင့်လှစ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၁၁၄ ရုံနှင့် ပြန်လည်ဖွင့်လှစ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၁၀၀ စုစုပေါင်း ၂၁၄ ရုံရှိခဲ့ပြီး အလုပ်သမားအင်အား ၅၄၈၁၉ ဦး အလုပ်အကိုင် ပြန်လည်ရရှိခဲ့ပါကြောင်း၊ ပုဂ္ဂလိကကုန်ထုတ်လုပ်ငန်းများ မူလအတိုင်း လုပ်ငန်းများပြန်လည်လည်ပတ်ရန်နှင့် အလုပ်သမားများ ရာနှုန်းပြည့် လုပ်ငန်းခွင်တွင် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ၊ နိုင်ငံရေး အခြေအနေနှင့် လောင်စာဆီ ဈေးနှုန်းမြင့်တက်ခြင်းကြောင့် အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ရပြီး ကုန်ဈေးနှုန်းကြီးမြင့်စေမှုသို့ ဦးတည်စေခဲ့ပါကြောင်း၊ အစိုးရမှ Public Transportation များကို ပြည်သူလူထု ပိုမိုအမှီသဟဲပြုနိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့နည်းလာခြင်းနှင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်စပြုလာခြင်းတို့ကြောင့် Public Transportation လုပ်ငန်းများ ယခင် တစ်နှစ်တာကာလထက် လက်ရှိ ခြောက်လတာ ကာလတွင် ပိုမိုလည်ပတ်မှုရှိလာပါကြောင်း။

**ပြည်တွင်း လေကြောင်းလိုင်းများ ပြေးဆွဲခြင်းကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားသော မြို့များကို ကန့်သတ်ထားခြင်းနှင့် ပြည်ပလေကြောင်းလိုင်းများ ပုံမှန်ပြေးဆွဲမှု ရပ်ဆိုင်းထားရာမှ ဧပြီ ၁၇ ရက်ကစပြီး ဖွင့်လှစ်ပေးခဲ့**ပါကြောင်း၊ ယခုအခါ ပြည်ပလေကြောင်းလိုင်း ၁၆ လိုင်း ပြေးဆွဲနေပြီး ဇူလိုင် ၂၉ ရက်အထိ မြန်မာနိုင်ငံသား အထွက် ၁၁၆၇၅၈ ဦး၊ အဝင် ၇၈၆၁၄ ဦး၊ ပြည်ပနိုင်ငံသား အဝင် ၁၉၉၆၃ ဦး၊ အထွက် ၁၈၉၇၀ ရှိသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံ လူဦးရေတိုးတက်လာသည်နှင့်အမျှ စားရေးနှင့် ဝတ်ရေးသည် ပိုမိုလိုအပ်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ တစ်နှစ်လျှင် ဆန်စားသုံးမှု ၁၅၅ ကီလိုဂရမ် ၉၇ ပြည်ခန့် စားသုံးမှုရှိသည့်အတွက် လက်ရှိစပါးစိုက်ပျိုးမှုနှင့် လုံလောက်မှုရှိပါကြောင်း၊ အထွက်နှုန်း တိုးတက်အောင် စီမံဆောင်ရွက်ပြီး စိုက်ပျိုးမည်ဆိုပါက တိုင်းပြည်၏ ဝင်ငွေများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ စားသုံးဆီအနေဖြင့် လိုအပ်သည့် ပြည်တွင်းဖူလုံမှု မလောက်သည့်အတွက် ပြည်ပမှ ပြည်ပငွေနှင့် များစွာတင်သွင်းနေရပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းဆီစားသုံးမှု ဖူလုံစေရန်အတွက် နေရာဒေသမရွေး တစ်ဧကဆီထွက်နှုန်း ပိဿာ ၁၄၀ ခန့် ရရှိစိုက်ပျိုးနိုင်သည့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး နေကြာသီးနှံ စိုက်ဧက ၁ ဒသမ ၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်ရန်အတွက် စီမံလျာထားလျက်ရှိပြီး နေကြာစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံ ထုတ်ချေးခွင့်ပြုပြီး ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းသည် မိမိတို့အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရေးအတွက် ထိရောက်သည့်နည်းလမ်းများကိုအသုံးပြုပြီး မြို့ပြနှင့် ကျေးလက်ဒေသအကြား ကွာဟချက်ကျဉ်းမြောင်းစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်ကို တင်ပြလိုပါကြောင်း။

**စပါး တစ်ဧကထွက်နှုန်းကောင်းမွန်ရေး**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ ဒသမ ၃၀၆ သန်းကို စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ မိုးစပါးစိုက်ဧက ၁၄ ဒသမ ၉၂၆ သန်းနှင့် နွေစပါးစိုက်ဧက ၂ ဒသမ ၂၇၆ သန်းဖြစ်ပါကြောင်း၊ တိုင်းပြည်၏ အဓိကသီးနှံဖြစ်သည့် စပါး တစ်ဧက ထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ **လာမည့်စိုက်ပျိုးရာသီတွင် နွေစပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကို Contract Farming စနစ်ဖြင့် တစ်နိုင်ငံလုံးတွင် စိုက်ပျိုးနိုင်ရေးအတွက် ငွေကျပ်ဘီလီယံ ၄၀၀ မြှုပ်နှံစီမံဆောင်ရွက်လျက်ရှိကြောင်း** တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၄) **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဆိုသည့်အချက်အား ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် စတင်ထုတ်ပြန်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၂၀၂၂ ခုနှစ်ကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထုတ်ပြန်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်မှုပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့သည်ကို တင်ပြလိုပါကြောင်း။

အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ **၁၈ လတာ ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် EAO အဖွဲ့များ တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီဖြင့် တွေ့ဆုံမှု EAO အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများ စသည်ဖြင့် စုစုပေါင်း ၇၅ ကြိမ် တွေ့ဆုံ၍ ငြိမ်းချမ်းရေး၊ တိုင်းပြည်နှင့် ဒေသကောင်းကျိုး အတွက် ဆွေးနွေးနိုင်ခဲ့**ပါကြောင်း။

**ငြိမ်းချမ်းရေး**
**အကောင်အထည်ဖော်နိုင်ရန်**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့သည်နှင့်အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ရန်အတွက် မိမိအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ရာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ ခုနစ်ဖွဲ့၊ လက်မှတ် မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထဲမှ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ရန် အကြောင်းပြန်ကြားခဲ့ရာ အဖွဲ့ ကိုးဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်အဖွဲ့ တစ်ဖွဲ့ကို ဩဂုတ်လ လဆန်းပိုင်းတွင် တွေ့ဆုံသွားရန်ရှိသကဲ့သို့ ဆွေးနွေးပြီး အဖွဲ့များနှင့်လည်း ဒုတိယအကြိမ် အမြန်ဆုံးထပ်မံတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီ ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်သည်နှင့် ဖြစ်ချင်သည်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)ပါ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား(၂)ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

**ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုနှင့် ပတ်သက်ပြီး ပထမအကြိမ်ဖိတ်ခေါ်မှုမှာ တက်ရောက်လာခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ထပ်မံဖိတ်ခေါ်ခဲ့ပါကြောင်း၊ EAO များ(တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ)ကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါ**ကြောင်း။

**စာမျက်နှာ ၅ သို့** »»»

»»» **စာမျက်နှာ ၄ မှ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၃ ရက်အတွင်း နိုင်ငံတွင်းသို့ နည်းမျိုးစုံဖြင့်သွင်းယူခဲ့သည့် လက်နက်များနှင့် အကြမ်းဖက်သူများ၏ ထိတွေ့ပစ်ခတ်မှုများမှ ဖမ်းဆီးရမိခဲ့သည့် လက်နက်မျိုးစုံ ၆၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅၁၈၄ တောင့်၊ လက်ပစ်ဗုံး/မိုင်းမျိုးစုံ ၁၁၇၁၅ လုံးရှိပါကြောင်း၊ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များတွင် နောက်ကွယ်မှ လူအင်အားနှင့် လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုရှိသည့် KIA၊ KNU နှင့် KNPP စသည့်နယ်မြေများတွင်သာ ဖြစ်စဉ်အများဆုံး ဖြစ်ပေါ်နေသည်ကိုတွေ့ရပါကြောင်း၊ ဖမ်းဆီးရမိသည့် လက်နက်များကို စစ်ဆေးကြည့်ပါက KIA ထုတ်လက်နက်များနှင့် KNU နယ်မြေ ထိုင်း-မြန်မာ နယ်စပ်ကလာသည့် လက်နက်များပင် ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရားမဝင်ထုတ်လုပ် တင်သွင်းသည့် လက်နက်များမရှိစေရန်အတွက် အချိန်ယူ ဆောင်ရွက်ရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

**အကြမ်းဖက်တိုက်ခိုက်မှုများ**

မိမိတို့အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်မှုအပေါ် တရားမဝင်ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့အစည်းများ ဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည်များရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ ၁၈ လတာ ကာလအတွင်း တစ်နိုင်ငံလုံး လက်ပစ်ဗုံး/လက်လုပ်ဗုံးပစ်ခံရမှု၊ မိုင်းခွဲမှု ၇၂၄၆ ကြိမ်၊ တိုက်ခိုက်/သတ်ဖြတ်ခံရမှု ၆၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁၀၉၄ ကြိမ်၊ စုစုပေါင်း ၁၄၉၀၇ ကြိမ်ဖြစ်ပွားခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရဟန်း/သံဃာ/ သီလရှင်များ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့အရပ်သား ၃၄၈၃ ဦး သေဆုံးခဲ့ပြီး ၃၀၆၅ ဦးဒဏ်ရာရရှိ၍ ၄၁ ဦးပျောက်ဆုံးမှု ရှိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၃၉၅ ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းတို့မှာ အများဆုံးဖြစ်ပွားခဲ့သည့်အတွက် အဆိုပါဒေသများအတွင်း မူလအခြေအနေများအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

**မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်နှိမ်နင်းရေး**

တစ်မျိုးသားလုံးလူညွန့်တုံးစေမည့် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ်နှိမ်နင်းရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် တစ်နှစ်တာကာလတွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၉၇၀၂၈၈ ဒသမ ၉၇၁၄ သန်း (USD ၅၂၄ ဒသမ ၄၈ သန်း)ကျော်၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မေလအထိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၅၇၆၄၁၆ ဒသမ ၆၆၅၁ သန်း(USD ၃၁၁ ဒသမ ၅၈ သန်း)ကျော် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် ငါးလအတွင်း ဖမ်းဆီးရမိသည့် တန်ဖိုးသည် ၂၀၂၁ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် တန်ဖိုးထက် ထက်ဝက်ကျော်ရှိသည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးများသည် ရှမ်းပြည်နယ်အတွင်းမှ အဓိကလာခြင်းဖြစ်သည်ကို မိမိတို့ဖော်ထုတ်ရရှိထားပြီးဖြစ်သည့်အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုများ လုံးဝမရှိသည်အထိ ရှာဖွေ၊ ဖော်ထုတ်နှိမ်နင်းနိုင်ရန် လိုအပ်မည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းစဉ်(၅) "အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသည့် အချက်အား ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြောကြားရာတွင် "ကျွန်တော်တို့အစိုးရအနေနဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး အစဉ်တစိုက် ဦးတည်ချက်ထားဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်(၁)ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ကျန်သည်များကို ပြည့်ပြည့်စုံစုံတင်ပြပြီး ဖြစ်ပါတယ်။

**နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့လို**

စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့လူထုလူတန်းစား အလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့လိုအပ်ကြောင်း တင်ပြလိုပါတယ်။

**❖ ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့လူထုလူတန်းစား အလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့လိုအပ်**

**❖ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း(Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်**

ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးတဲ့ကာလကစပြီး အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါတယ်။ နိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့မှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပနိုင်တဲ့ မြို့နယ်အရေအတွက် နည်းပါးလာတာကိုတွေ့ရပါမယ်။ ဒီမိုကရေစီစနစ်နဲ့ရွေးချယ်ခံရပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ်ဆိုတဲ့ အစိုးရတွေလက်ထက်မှာမှ ရွေးကောက်ပွဲ မကျင်းပဖြစ်လို့ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးရတဲ့ တိုင်းရင်းသားဒေသတွေ များပြားလာတာကို သတိပြုဖွယ်တွေ့ရမှာဖြစ်ပါတယ်။

နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိနေသေးကြောင်း တင်ပြလိုပါတယ်။

ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်တွေမှာ တည်ငြိမ်အေးချမ်းမှုမရှိလို့ဆိုတဲ့ အကြောင်းပြချက်များရှိပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိခြင်းနဲ့ အဓိကအကြောင်းအရာကတော့ လက်နက်ကိုင်ပဋိပက္ခတွေရှိနေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ပေါ်ပေါက်လာခြင်းကြောင့်ဖြစ်ပါတယ်။ ဒီကိစ္စတွေကိုဖြေရှင်းနိုင်ဖို့ တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေးပိုမိုဆောင်ရွက်နိုင်ဖို့ လိုတယ်ဆိုတာကို ကျွန်တော်တို့အစိုးရအနေနဲ့တွေ့ရှိရပါတယ်။ တိုင်းရင်းသားတွေ၊ တိုင်းရင်းသားဒေသတွေနဲ့ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေ တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကိုရောက်ရှိလာဖို့ ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**သုံးမျိုး၊ သုံးစားခွဲခြားတွေ့ရှိ**

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိရှိနေတဲ့ နိုင်ငံရေးပါတီ ၉၂ ပါတီကို အမျိုးအစားခွဲခြားကြည့်တဲ့အခါမှာ (၁) နိုင်ငံရေးအယူဝါဒ၊ အယူအဆကို ကိုယ်စားပြုတဲ့ ပါတီ ၄၃ ပါတီ၊ (၂) ဒေသကိုကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီ ၃၀ ပါတီနဲ့ (၃) တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ပါတီ ၁၉ ပါတီဆိုပြီး သုံးမျိုး၊ သုံးစားခွဲခြားတွေ့ရှိရပါတယ်။ အားလုံးဟာ ကိုယ့်အစုအဖွဲ့နဲ့ ကိုယ်ထောက်ခံမှုများ၊ ကိုယ်စားပြုမှုများ ရှိကြပါတယ်။ ဒီကိုယ်စားပြုမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်လုပ်ဆောင်နိုင်ရေး လက်ရှိအသုံးပြုနေတဲ့ နိုင်သူအကုန်ယူ (First Past The Post-FPTP)ရွေးကောက်ပွဲစနစ်ဟာ ပြည့်ပြည့်စုံစုံလုံလောက်မှုမရှိတဲ့အတွက် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation-PR)ကိုပါ ထည့်သွင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ရွေးကောက်ပွဲကော်မရှင် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေဟာ ကြိုတင်ပြင်ဆင်မှု၊ စီမံဆောင်ရွက်မှုတွေ ဆက်လက်ပြုလုပ်ရဦးမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများကိုလည်း ရွေးကောက်ပွဲစနစ်နဲ့ ဆီလျော်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုကိုလည်း ရွေးကောက်ပွဲစနစ်နဲ့ ပတ်သက်ပြီး ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရန်လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်ချိန်၊ လုပ်ဆောင်ချိန်တွေ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်" ဟု ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင် ဆောင်ရွက်နေမှုနှင့်** ပတ်သက်၍ ပြောကြားရာတွင် "**ယနေ့** တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ယခင်အစိုးရ တာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း (Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက် ခုအချိန်မှာ အခြေခံအုတ်မြစ်တွေ တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့်အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကိုဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကိုရည်မှန်းပြီး ကျွန်တော်တို့ အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" ကို ခိုင်မာအောင်ဆက်လက်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒီ့တာဝန်အရေးသုံးပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ခြောက်လသက်တမ်းတိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်များကို အောင်မြင်ပြီးမြောက်သည်အထိ ထမ်းဆောင်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအား နောက်ထပ် ခြောက်လသက်တမ်းတိုး တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်ပါရန် တင်ပြသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ အချိန်ကာလတိုးမြှင့်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များအား ဆွေးနွေးကြရန် တစ်ဦးချင်းဖိတ်ခေါ်သည်။ အဖွဲ့ဝင်များက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံးအရေးပေါ် အခြေအနေကြေညာထားသည့် ကာလကို နောက်ထပ် ခြောက်လတိုးမြှင့်သတ်မှတ်ရန် တင်ပြမှုကို တညီတညွတ်တည်း ထောက်ခံကြောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် မိမိဆွေးနွေးတင်ပြခဲ့မှုများသည် ပကတိအခြေအနေများအတိုင်း တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြီးဆုံးချိန်ကတည်းက မဲစာရင်းကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သော်လည်း ယခင်အစိုးရအနေဖြင့် မျက်ကွယ်ပြုခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ပြီး တည်ဆဲဥပဒေများအတိုင်း လိုက်နာလုပ်ဆောင်လျက်ရှိပါကြောင်း။

တပ်မတော်သည် ပြည်ပရန်ကာကွယ်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက် မဟုတ်ပါကြောင်း၊ သို့သော်နိုင်ငံ၏အခြေအနေအရ လိုအပ်လာပါက အစိုးရမှ တာဝန်ပေးအပ်လာချိန်တွင်သာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ ဖဆပလ အစိုးရခေတ်ကတည်းကပင် ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရပူးတွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း **စာမျက်နှာ ၆ သို့** »»»

»»» **စာမျက်နှာ ၅ မှ**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုများကြောင့် လုပ်ဆောင်ရန် ခက်ခဲခဲ့ပါကြောင်း၊ အာဆီယံ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပချိန်၌ တိုင်းရင်းသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိ၍ လွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**ကာကွယ်ရပ်တည်ပေးခဲ့**

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လတာကာလအတွင်း နိုင်ငံတော်တာဝန်များကို အစိုးရက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့မှု အခြေအနေများ၊ ရှေ့ဆက်လက်လုပ်ဆောင်သွားရမည့် အခြေအနေများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးသွားသည်ကိုတွေ့ရကြောင်း၊ ပြည်တွင်း၊ ပြည်ပ တားဆီးနှောင့်ယှက်မှုများ၊ အခက်အခဲများကြားမှ ကြံ့ကြံ့ခံပြီး နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားဖြစ်သည့် "ဒို့တာဝန်အရေး ၃ ပါး" ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အသိအမှတ်ပြုကြောင်း၊ မိမိတို့နိုင်ငံတွင် အခက်အခဲအကျပ်အတည်းများ၊ ကြီးမားသည့် အပြောင်းအလဲများ ပေါ်လာသည့်အချိန်တိုင်း ရှေ့မှထွက်၍ ကာကွယ်ရပ်တည်ပေးခဲ့ခြင်းသည် တပ်မတော်ဟူသည့် ခိုင်မာစနစ်ကျသည့် အဖွဲ့အစည်း(Institution) ပင်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် သက်ဆိုင်သည့် အဖွဲ့အစည်း

> **❖ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမှုများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒို့တာဝန်အရေးသုံးပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ) အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ(Guardian)အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာဖြစ်**

များ၊ လူပုဂ္ဂိုလ်များကို ဖြေရှင်းပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းရန် အကြိမ်ကြိမ်တိုက်တွန်းကြိုးပမ်းခဲ့ကြောင်း၊ ဒီမိုကရေစီအမည်ခံ အစိုးရနှင့် တာဝန်ရှိသူများသည် ယင်းစေ့စပ်ဆွေးနွေးညှိနှိုင်း အဖြေရှာရေးလမ်းကြောင်းကို လျစ်လျူရှုပြီး ထင်ရာစိုင်းခဲ့ကြသောကြောင့် နောက်ဆက်တွဲအခြေအနေများ ဖြစ်လာရခြင်းဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ **ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် "အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်" အဓိက တာဝန်ရှိကြောင်း၊ ယင်းတို့သည် ဖန်တီးထားသည့် တာဝန်များ မဟုတ်ဘဲ သမိုင်းကပေးလာသည့် သမိုင်းပေးတာဝန်များသာဖြစ်ကြောင်း။**

ယနေ့ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်က အခြေခံဥပဒေနှင့်အညီဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံ့တာဝန်များကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးလုပ်ငန်းစဉ် (၂)ခု၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂)ခုတို့နှင့်အညီ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့အပြင် မြန်မာပြည်သူလူထု၏ ပြင်းပြသည့် ဆန္ဒဖြစ်သော "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" ကို မယိမ်းယိုင်အောင် ကာကွယ်ပေးနေသည်ကိုလည်း တွေ့ရကြောင်း၊ "ပြည်သူ့ဒီမိုကရေစီစနစ်"နှင့် "အမျိုးသားဒီမိုကရေစီစနစ်"ကို ဘက်ညီမျှတအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးခိုင်မာစေရေး "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု" အုတ်မြစ်ကို တည်ဆောက်နေသည်ကိုလည်း တွေ့ရကြောင်း။

**သမိုင်းပေးတာဝန်**

"ယုံကြည်မှုဟာ ရဲစွမ်းသတ္တိ" (Belief is Courage)ဟု ကြားသိဖူးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် ယင်းသမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတော်၏လက်ရှိအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအရ မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် "စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်" ကို ခိုင်မာစေရေး၊ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု" တည်ဆောက်ရေးတို့ကို အခြေခံမှတစ်ဆင့် ဒီမိုကရေစီနည်းကျကျ ဖော်ဆောင်ပေးမည့် "လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ" ဖြစ်မြောက်စေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလအား(၆)လ သက်တမ်းထပ်မံတိုးမြှင့်ပေးရန် မိမိအပါအဝင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက တညီတညွတ်တည်း ထောက်ခံကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ "နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလကို ၁-၈-၂၀၂၂ ရက်မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ထပ်မံအပ်နှံကြောင်းကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အနေဖြင့်လည်း ကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ(တပ်မတော်) အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်သူ(Guardian)အဖြစ် သမိုင်းပေးတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ပေးရန်၊ တာဝန်ထမ်းဆောင်စဉ်ကာလတွင် နိုင်ငံအဝန်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးတို့အတွက် လုပ်သင့်လုပ်ထိုက်သည်များ အခြေခံသင့်၊ အခြေခံထိုက်သည်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်၌ ဖွင့်လှစ်သည့် နိုင်ငံခြားသားမှတ်ပုံတင်ခြင်းနှင့် အခွန်ဆောင်ပျက်ကွက်ဖော်ထုတ်ခြင်း နည်းပြသင်တန်းမှ သင်တန်းသားများနှင့် တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၁**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်းသို့ သွားရောက်၍ အဆိုပါ သင်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် နိုင်ငံခြားသားမှတ်ပုံတင်ခြင်းနှင့် အခွန်ဆောင်ပျက်ကွက် ဖော်ထုတ်ခြင်း နည်းပြသင်တန်း၌ တက်ရောက်လျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ကိုယ်စားလှယ် သင်တန်းသားအရာရှိများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများကို နိုင်ငံအတွင်း ဥပဒေအရ အမြဲနေနိုင်ငံခြားသားအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်သွားလာသည့် နိုင်ငံခြားသားများကို သွားလာနေထိုင်လုပ်ကိုင် ဆောင်ရွက်မှုများ ဥပဒေနှင့်အညီ စနစ်တကျ ဖြစ်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို မိမိတို့ဌာနမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အမျိုးသားအကျိုးစီးပွားတို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ နိုင်ငံခြားသားထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ ကိုယ်ရေး အထောက်အထားစာရွက်စာတမ်းများအား ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရေးသည် အရေးကြီးသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး ရှုံးအချင်းချင်း ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ အမြဲနေနိုင်ငံခြားသား မှတ်ပုံတင်ရေးနှင့် နှစ်စဉ်သတ်မှတ် အခွန်ဆောင်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းအချက်အလက်များအား မိမိတို့ဌာနမှ ဆောင်ရွက်နေသည့် e-ID စနစ်လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ရာ မှတ်တမ်းမှတ်ရာများ ပြည့်စုံမှန်ကန်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုကြောင်း၊ ယခင်ရှိပြီးသား ပြည်တွင်းနေ နိုင်ငံခြားသားမှတ်ပုံတင်ခြင်းလုပ်ငန်းကို ပိုမိုတိကျမှန်ကန်စေရေးအတွက် အောက်ခြေမြေပြင်ကွင်းဆင်းကာ လုပ်ထုံးလုပ်နည်းများအတိုင်း ကောက်ယူဖြည့်သွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ပြည်သူအတွက် ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် မိမိတို့၏ လုပ်ငန်းများကို တာဝန်ရှိသူအားလုံးက နားလည် သဘောပေါက်ပြီး အောက်ခြေ ဝန်ထမ်းများအား မှန်ကန်သော ဦးဆောင်မှုပေးကာ ကွပ်ကဲကြပ်မတ်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



အဆိုပါ နိုင်ငံခြားသားမှတ်ပုံတင်ခြင်း နည်းပြသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ကိုယ်စားလှယ်သင်တန်းသား ၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၉ ရက်မှ ၃ ရက်ကြာဖွင့်လှစ်ခဲ့ကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အလိုက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၃၁

| | |
|---|---|
| **မတ္တရာ** | **၁၁ ဒသမ ၇၃ လက်မ** |
| **ပြင်ဦးလွင်** | **၉ ဒသမ ၆၀ လက်မ** |
| **ဘီးလင်း** | **၂ ဒသမ ၇၆ လက်မ** |
| **မိုးကုတ်** | **၂ ဒသမ ၀၅ လက်မ** |
| **မန္တလေး (အောင်မြေသာစံမြို့နယ်)** | **၁ ဒသမ ၈၅ လက်မ** |
| **ပေါင်** | **၁ ဒသမ ၈၅ လက်မ** |
| **ရွှေကူ** | **၁ ဒသမ ၆၅ လက်မ** |
| **မိုးမိတ်** | **၁ ဒသမ ၅၇ လက်မ** |

မိုး/ဇလ

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းမိသားစုများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများ ပညာထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများ၏ သား သမီးများအနက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီး ဒေါ်နီလာစိန်၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၏ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများက **"မြန်မာ့ကျောင်း"** သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် တပ်ဖွဲ့/ ဦးစီးဌာနအလိုက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သား သမီး၊ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ခြောက်ဦးကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်နီလာစိန်က ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ငါးဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က ငါးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ငါးဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၏ဇနီး ဒေါ်မိုးစန္ဒာဝင်းက ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ လေးဦးကို လည်းကောင်း၊ ဒုတိယဝန်ကြီး ရဲချုပ်ဗိုလ်ချုပ် ဇင်မင်းထက်က ငါးဘာသာ ဂုဏ်ထူးရှင် သုံးဦးကို လည်းကောင်း၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၏ဇနီး ဒေါ်သဇင်ခိုင်က ငါးဘာသာဂုဏ်ထူးရှင်သုံးဦးကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၏ဇနီးက လေးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ ငါးဦးကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများက လေးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ရဲနိုင်အောင်၏ သမီးဖြစ်သူ မသန့်သီရိအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဂုဏ်ပြုတေးသီချင်းများဖြင့် ညှော်ခံဖျော်ဖြေကြသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား သမီးများ၊ ကျောင်းသား ကျောင်းသူများအနက်မှ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၂၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၅၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၉၁ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၂၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၅၂ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၈၅၂ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၁၅၉ ဦးတို့ဖြစ်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုပညာသင်နှစ်အတွက် ငွေကျပ် ၂၆၀၇၇၅၀၀၀ ကို ပညာသင်ထောက်ပံ့ကြေးအဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ပေးအပ်

ကျိုင်းတုံ ဇူလိုင် ၃၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ခွဲ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းထိုက်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ပုံငွေများ ပေးအပ်ချီးမြှင့်ရာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း(VDP) စီမံကိန်း တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ Cash for Work တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ Cash for Work တစ်ယူနစ် အတွက် ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတစ်ယူနစ်အတွက် ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း(RBF)စီမံကိန်းတစ်ရွာအတွက် ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို လည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း သုံးယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၉၀၀ ကို လည်းကောင်း၊ Cash for Work ၁၃ ယူနစ်အတွက် ရန်ပုံငွေကျပ် သိန်း ၁၃၀၀ ကို လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၁၀၆ ယူနစ်အတွက် ရန်ပုံငွေကျပ် သိန်း ၁၀၆၀၀ ကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က မိတ္ထီလာ-တောင်ကြီး -ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ တံတားအမှတ် (၁/၆၂၉) ကျိုင်းဖောင်း တံတားတည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပြီး ကျိုင်းတုံမြို့ ရှောင်လမ်းနှင့် တံတားများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်ခန်းမတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းမှ ကျိုင်းတုံမြို့ရှောင်လမ်း ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ရွာငံမြို့နယ်၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုပညာပေးသင်တန်းနှင့် လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ရွာငံ ဇူလိုင် ၃၁

ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ရေရှည်တည်တံ့သော ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုပညာပေး သင်တန်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရွာငံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးသန့်က အမှာစကားပြောကြားသည်။ ထို့နောက် ရွာငံမြို့နယ် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံမှ ဦးစီးမှူး ဦးသက်နိုင်ထွေးက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို သင်တန်းပို့ချပေးခဲ့ပြီး ကော်ဖီကိုင်းဖြတ်ပြုပြင်ရာတွင် အသုံးပြုသော ပုံသွင်းကိရိယာနှင့် ကော်ဖီလုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာသည့်သင်တန်းသားများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်(ကြေးမုံ)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် ဇူလိုင် ၃၁

နေပြည်တော်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# သစ်ပင်စိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန် အရေးကြီး စိုက်ပျိုးပြီးသစ်ပင်များ စနစ်တကျပြုစုထိန်းသိမ်း

ဘားအံ ဇူလိုင် ၃၁

ကရင်ပြည်နယ် မိုးရာသီပြည်နယ်အဆင့် သစ်ပင်စိုက်ပွဲ(စတုတ္ထအကြိမ်) အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်အနီးရှိ ဘားအံဂေါက်ကွင်း၌ ကျင်းပသည်။




**ထိန်းသိမ်းကာကွယ်**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း မိုးရာသီအကြိုသစ်ပင်စိုက်ပွဲ ရှစ်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပွဲ လေးပွဲ ကျင်းပပြီးစီးခဲ့ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်ပေါင်း ၉၃၀၃ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် သစ်ပင်ပေါင်း ၁၄၃၁ ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီတွင် သစ်ပင်ပေါင်း ၃၇၀၀၀၀ ကျော်စိုက်ပျိုးရန် လျာထားပြီး လမ်းဘေးဝဲ/ယာစိုက်ပျိုးခြင်း၊ လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ ဖြန့်ဝေစိုက်ပျိုးခြင်း၊ ပြည်သူများသို့ဖြန့်ဝေစိုက်ပျိုးခြင်း၊ ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များသို့ ဖြန့်ဝေစိုက်ပျိုးခြင်းဖြင့် သစ်ပင်ပေါင်း ၃၃၅၆၁၈ ပင် သစ်မျိုးပေါင်း ၁၆ မျိုးကို ဖြန့်ဝေစိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန်အရေးကြီးပြီး စိုက်ပျိုးပြီးသည့်သစ်ပင်များကို စနစ်တကျပြုစုထိန်းသိမ်းခြင်းနှင့် ရှင်သန်အောင်မြင်သောသစ်ပင်များကို ဖျက်ဆီးမှုဘေးအန္တရာယ်အမျိုးမျိုးမှ ထိန်းသိမ်းကာကွယ်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**စုပေါင်းစိုက်ပျိုးခဲ့**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံဂေါက်ကွင်းကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူထံ ပျိုးပင်များဖြန့်ဝေပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက တက်ရောက်လာသူများနှင့်အတူ မဟော်ဂနီပင်များကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၏ မိုးရာသီ သစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သာပေါင်းမြို့နယ်အတွင်းရှိ ကြက်သွန်ကွင်း-သဲဖြူ-မကျီးဇင်လမ်း ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ သာပေါင်းမြို့နယ်အတွင်းရှိ ကြက်သွန်ကွင်း-သဲဖြူ-မကျီးဇင်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပုသိမ်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှူးက ယာယီရှင်းလင်းဆောင်၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ထားရှိမှုလုပ်ငန်းများ၊ ကြက်သွန်ကွင်း-သဲဖြူ-မကျီးဇင်လမ်းပေါ်ရှိ Box Culvert နှင့် တံတားလုပ်ငန်းဆောင်ရွက်မှုများ၊ ဘဏ္ဍာနှစ်အလိုက် ကွန်ကရစ်လမ်း၊ မြေသားလမ်းနှင့် ခွဲကျောက်ထုအခြေခံလွှာခင်းကျင်းပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အလေးထားဆောင်ရွက်စေရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်ထားသော ဘဏ္ဍာနှစ်များတွင် လမ်းပိုင်းအလိုက် အချိန်မီပြီးစီးစေရေး၊ အောက်ခြေ ခွဲကျောက်ထုထည်ခိုင်မာစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လမ်းပခုံးများ စနစ်တကျရှိစေရေး၊ လမ်းအရည်အသွေး ပြည့်မီစေရေးတို့ကို မှာကြားခဲ့ပြီး ကွန်ကရစ်လမ်းခင်းရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပွဲတော်စုံညီ သိဟ်ရာသီ

❖ လဝါခေါင် နံကာလ
မှန်စွာပါ့ ရေဖောင်ဖောင်။
ကျေးဇူးရှင် တောင်သူကြီးတို့
ထွန်တော်စီး ပျိုးထောင်။
ပင်ထနောင်း ကြောင်ကျစ်ရယ်နဲ့
ဆူးရစ်တို့ မြိုင်မြိုင်ဆိုင်။
ရနံ့ကြိုင် ခတ္တာမွှေးက
ယှက်ဖြာထွေးလှိုင်လှိုင်။

❖ လပြည့်ရက် ဝါခေါင်မှာကွယ်
အေးမေတ္တာ လွှမ်းခြုံပေး။
ကုသိုလ်ရေး အတူနဲ့လို့
စာရေးတံမဲရွေး။
ပုပ္ပားတောင် ထိုကလပ်ထက်
ရှေးအဆက်ဆက် နွဲပျော်ရာ။
ပွဲတော်မဟာ တောင်ပြုံးရယ်က
တဖြုန်းဖြုန်းစည်ဗျာ။

❖ တိုင်းရင်းသား တို့အမျိုးတွေ
ဖားစည်မြေ ရိုးရာပွဲ။
ချည်ဖြူဖွဲ့တဲ့ မင်္ဂလာကွယ်
ညီညွတ်စွာတူနွဲ။
ခါရာသီ လှေသဘင်ပွဲလည်း
ပျော်ရွှင်နွဲ အားမာန်အရေး။
ပွဲတော်စုံညီ ကောင်းကျိုးအစီအရီနဲ့
နွယ်သာကီ မြန်မာပြည်မှာကွယ်
သိဟ်ရာသီတဲ့လေး။

နုခန့်ယဉ်(ရစ်ကန်ကြီး)

# မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်းစိုက်ခင်း၊ အခြားစိုက်ခင်းစုစုပေါင်း ၂၀၂၃၄၅ ဧက စိုက်ပျိုး

ရေနံချောင်း ဇူလိုင် ၃၁

မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြို့ရှောင်လမ်း နတ်ကန်ဦး ကြိုးပြင်ကာကွယ်တောရှိ စံပြတမာစိုက်ခင်း ၂၅ ဧကအတွင်း ကျင်းပသည်။

**၂၀၂၃၄၅ ဧက စိုက်ပျိုးပြီး**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က မကွေးတိုင်းဒေသကြီးအတွင်း ကြိုးဝိုင်းတော ၁၀၅ ခု၊ ကြိုးပြင်ကာကွယ်တော ၆၇ ခု၊ သဘာဝထိန်းသိမ်းရေးနယ်မြေလေးခု စုစုပေါင်း ၂၈၈၀၆၆၃ ဧကရှိသဖြင့် သစ်တောနယ်မြေဧရိယာ ၂၆ ဒသမ ၀၁ ရာခိုင်နှုန်းတည်ရှိကြောင်း၊ ယနေ့အထိ ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ တောင်တန်းစိုက်ခင်း၊ အခြားစိုက်ခင်း စုစုပေါင်း ၂၀၂၃၄၅ ဧက စိုက်ပျိုးခဲ့ပြီး အထူးစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးပင်ပေါင်း ၈၀၂၂၇၃ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအနေဖြင့် တမာပင်စုစုပေါင်း ၁၀၇၇၂၅၀ စိုက်ပျိုးပြီးကြောင်း၊ တမာပင်များ ပျိုးထောင်ပြီး မကွေးခရိုင်အတွင်း သက်ဆိုင်ရာဌာန လမ်းပိုင်းအလိုက် စိုက်ပျိုးနိုင်ရေးအတွက်လည်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့က ယခုနှစ်မိုးရာသီတွင် တမာပျိုးပင်ငါးသိန်း၊ ၂၀၂၄ ခုနှစ် မိုးရာသီတွင် တမာပျိုးပင်ငါးသိန်းကို ပျိုးထောင်ဖြန့်ဝေစိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။



**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက စံပြတမာစိုက်ခင်း ၂၅ ဧကတွင် အမြင့် သုံးပေနှင့်အထက်ရှိသော သက်တမ်းရင့် တမာသစ်မျိုးအပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးမှုအခြေအနေကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ဘဝနတ်ထံပျံလွန်တော်မူလေပြီးသော စစ်တွေမြို့ မဏိရတနာပရိယတ္တိစာသင်တိုက်၏ အာဒိကမ္မိက ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ကြီး၏ အဂ္ဂါဘိဓဇမော်ကွန်းပြတိုက် အုတ်မြစ်တော်စီမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၃၁**

ဘဝနတ်ထံပျံလွန်တော်မူလေပြီးသော စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် မဏိရတနာပရိယတ္တိစာသင်တိုက်၏ အာဒိကမ္မိက ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်သံဃမဟာနာယက(ငြိမ်း) ဖြစ်တော်မူသော သက်တော် ၈၂ နှစ် သိက္ခာတော် ၆၂ ဝါရှိ ကျေးဇူးတော်ရှင် ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ကြီး၏ အဂ္ဂါဘိဓဇမော်ကွန်းပြတိုက် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝံသအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။



ရှေးဦးစွာ အဂ္ဂါဘိဓဇမော်ကွန်းပြတိုက် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ရခိုင်မင်္ဂလာစည်တော်ရွမ်း၍ ဖွင့်လှစ်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ဟေတုပစ္စယောစသော ပဋ္ဌာန်းပါဠိတော်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြပြီး တပ်ဦးဆုတောင်းပြည့် ကျောင်းဆရာတော်ကြီးနှင့် သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ကျောင်းဒါယကာများက ရတနာကိုးပါး အုတ်မြစ်တော်များကို သတ်မှတ်နေရာအတိုင်း စီချပေးကြကာ ဆရာတော်၊ သံဃာတော်များက ဇယန္တော ဗောဓိယာမူလေဂါထာကို သုံးကြိမ်ရွတ်ဆို၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် အဂ္ဂါဘိဓဇမော်ကွန်းပြတိုက်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျောင်းတိုက်အတွင်းရှိဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ တပ်ဦးဆုတောင်းပြည့်ကျောင်း ဆရာတော်ကြီးထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင်များက ဆရာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီး၏ အဂ္ဂါဘိဓဇမော်ကွန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကနဦးမတည်အလှူငွေ ကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ အလှူရှင်များက အဂ္ဂါဘိဓဇမော်ကွန်းကျောင်းဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများ လှူဒါန်းကြကာ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါ အဂ္ဂါဘိဓဇမော်ကွန်းကျောင်းဆောင်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ကြီး၏ ဘဝတစ်သက်တာကာလပတ်လုံး၌ အမျိုးဘာသာ သာသနာတော်အတွက် ဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို တစုတဝေးတည်း ပူဇော်နိုင်ရန် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုးသည်းထန်စွာရွာသွန်းခဲ့သည့် ပြင်ဦးလွင်မြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

မိုးသည်းထန်စွာရွာသွန်းခဲ့သည့် မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အတွင်းရှိ ပြည်တော်သာရပ်ကွက် ရပ်ကွက်ကြီး ၉၊ ရပ်ကွက်ကြီး ၁၈ နှင့် ဆင်လမ်းကျေးရွာတို့ရှိ မြေနိမ့်ပိုင်းများ၌ ယနေ့နံနက် ၂ နာရီခွဲခန့်တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုများကြောင့် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ရေဘေးသင့်အိမ်ထောင်စု ၁၀၈၈ စုတို့ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းကူညီကယ်ဆယ်ရေးများဆောင်ရွက်ပေးခြင်း၊ ပြိုကျပျက်စီးနေသည့် အုတ်တံတိုင်းများနှင့် အဆောက်အအုံများကို ဖယ်ရှား ရှင်းလင်းပေးခြင်းနှင့် လမ်းပိတ်ဆို့နေသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁ ရွှေဆင်မင်း သီလရှင် ကျောင်းတိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင်များကို ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ရပ်ကွက်ကြီး ၁ နှင့် ရပ်ကွက်ကြီး ၄ တို့ရှိ ဓမ္မာရုံများ၌ ရေဘေးသင့် ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်ဆည်မြို့နယ်၌ နှမ်းစိုက်တောင်သူများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရသဖြင့် အဆင်ပြေ

**ကျောက်ဆည် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ နှမ်းစိုက်တောင်သူများ အပင်ဖြစ်ထွန်းပြီး ထွက်နှုန်းကောင်းကာ ရောင်းချရာတွင် ဈေးကောင်းရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။


နှမ်းစိုက်ပျိုးရာတွင် စိုက်ပျိုးပြီး ၁၈ ရက်အကြာတွင် ပေါင်းနုတ်ခြင်းနှင့် နှမ်းသားခွဲခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးရကြောင်း၊ လိုအပ်ပါက ဆေးဖျန်းခြင်း၊ ပုလဲမြေဩဇာ သင့်တင့်စွာကျွေးပေးရကြောင်းနှင့် နှမ်းတစ်ဧကတွင် အပင်အပြုအစု၊ ရာသီဥတုနှင့် မြေအမျိုးအစားအပေါ်မူတည်ပြီး တစ်ဧက ၁၄ တင်းမှ တင်း၂၀ အထိ ထွက်ရှိကြောင်း မြောင်းဦးကျေးရွာမှ တောင်သူ ဦးမောင်ငွေးက ပြောသည်။

နှမ်းများရိတ်သိမ်းရာတွင် တလင်းနှမ်းနှင့် ထောင်နှမ်းဟူ၍ နှစ်မျိုးရှိကြောင်း၊ တလင်းနှမ်းသည် မြေပြင်တွင်လှန်းသဖြင့် ထောင်နှမ်းမျိုးနှင့်ယှဉ်ပါက သန့်ရှင်းမှုနည်းသောကြောင့် ရောင်းချရာတွင် အနည်းငယ်ဈေးလျော့ကြောင်းနှင့် နှမ်းတစ်တင်းလျှင် ငွေကျပ် ၇၇၀၀၀ နှုန်းဖြင့် ရောင်းရပြီး ဆီကြိတ်ရောင်းချပါက ခုနစ်ပိဿာခွဲရရှိကာ ဆီတစ်ပိဿာလျှင် ငွေကျပ် တစ်သောင်းဖြင့် ရောင်းချရကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# “မိတ်ကောင်း ဆွေကောင်း အိမ်နီးချင်းကောင်း တပ်မတော်၏ ၉၅ နှစ်တာ ခရီး ...”

မောင်မျိုးအောင်(ပန်းရော)



လူသားတို့သည် တစ်ဦးတစ်ယောက်တည်း ထီးတည်းရှင်သန်ရပ်တည်နိုင်ရန်ကား ခက်ခဲကြမ်းတမ်းလှ၏။ သို့ဖြစ်၍ ပေါင်းသင်းဆက်ဆံရန် အေးအတူပူအမျှ ဖေးမကူညီပေးတတ်သော အပေါင်းအသင်းကောင်းများရှိရန် အထူးတလည်ပင် လိုအပ်လှပေသည်။ သစ်ပင်ပန်းမန်တို့သည် တစ်ပင်တည်း ထီးတည်းရပ်တည်ခြင်းထက် အစုအဖွဲ့ဖြင့်ရှိနေမှသာ လေဒဏ်မိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၊ သစ်ပင်တစ်ပင်ကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံအတွက်လည်း မိတ်ကောင်းဆွေမွန်လိုအပ်ပါသည်။ မိသားတစ်စု၊ အဖွဲ့တစ်ဖွဲ့၊ ကျေးရွာတစ်ရွာမှသည် တူရာလူမျိုးစုများကိုစုစည်းပြီး လူသားမျိုးနွယ်များ စုပေါင်းနေထိုင်ကြရာမှ တိုင်းနိုင်ငံအသီးသီးဖြစ်ပေါ်လာခဲ့ကြသည်။ လူ့အဖွဲ့အစည်းဟူ၍ ပေါ်ပေါက်လာသည့်နောက် သမိုင်းဦးဘုံမြေခေတ်၊ ကျွန်ပိုင်ရှင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်ကာလတို့မှသည် ကာလရွေ့လျားလာသည်နှင့်အမျှ နိုင်ငံတစ်ခုအတွက် လိုအပ်သောစံနှုန်းသတ်မှတ်ချက်များကိုပြဋ္ဌာန်းလာခဲ့ရာ မျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ်သတ်မှတ်နိုင်ရေးအတွက် ပိုင်နက်နယ်မြေ၊ အမြဲတမ်းနေထိုင်သည့် လူဦးရေ၊ အုပ်ချုပ်သည့်အစိုးရ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတကာမှအသိအမှတ်ပြုမှုဟူသည့်အချက်များနှင့် ပြည့်စုံရန် လိုအပ်သည်ဟုဆိုလာကြပါသည်။ အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ဟူ၍ ဖြစ်လာသည်နှင့် အိမ်နီးချင်းဆိုသည်မှာ ရှိလာရစမြဲပင်ဖြစ်သည်။ အိမ်နီးချင်းဟုဆိုသည်နှင့် မိမိကိုအကျိုးပြုသော အိမ်နီးချင်းများရှိနိုင်သကဲ့သို့ မိမိထံမှအကျိုးအမြတ်များကိုသာမျှော်ကိုးသော အိမ်နီးချင်းများလည်း ရှိတတ်ကြပါသည်။ သို့သော် ရွေးချယ်၍ရကောင်းသော အရာမဟုတ်ပါချေ။

## နယ်နိမိတ်ချင်းထိစပ်လျက်ရှိ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် အာရှတိုက်၏ အရှေ့တောင်ဘက်၊ အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အနောက်ဘက်ဆုံးအပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ထိုသို့နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းငါးနိုင်ငံအထဲတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်နယ်နိမိတ် အရှည်လျားဆုံး ထိစပ်နေသည့် နိုင်ငံတစ်ခုပင်ဖြစ်သည်။ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အားလျော်စွာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှည်လျားသောသမိုင်းကြောင်းနှင့်အတူ မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် အိမ်နီးချင်းကောင်းပီသစွာ ယှဉ်တွဲနေထိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။

၁၉၁၁ ခုနှစ်တွင် ဒေါက်တာဆွန်ယက်ဆင် ဦးဆောင်သည့် တုန်မင်ဟွေ့(ခေါ်) အမျိုးသားအသင်းအဖွဲ့များသည် တရုတ်ပြည်အတွင်း နှစ်ပေါင်း ၂၆၀ ကျော်မျှ အုပ်စိုးလာခဲ့သော မန်ချူးတို့ကိုတော်လှန်ခဲ့ကြပြီး ၁၉၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် တရုတ်သမ္မတနိုင်ငံကို ထူထောင်ခဲ့ကြပါသည်။ နောက်ပိုင်းတွင် တရုတ်အမျိုးသားရေးပါတီအဖြစ် ဖွဲ့စည်းသည့် ကူမင်တန်ပါတီ(KMT)နှင့် ကွန်မြူနစ်ခေါင်းဆောင်များဦးဆောင်ဖွဲ့စည်းသည့် တရုတ်ကွန်မြူနစ်ပါတီ နှစ်ခုကြား ကာလရှည်စစ်ပွဲများ ဖြစ်ပွားခဲ့ပြီး မော်စီတုန်း၏ဦးဆောင်မှုဖြင့် ကွန်မြူနစ်တို့က အောင်ပွဲရရှိခဲ့ကြသည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအဖြစ် ထူထောင်ကာ အစိုးရအဖွဲ့ကို ပီကင်းမြို့တော်တွင် ရုံးစိုက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်မှုကို တရားဝင်အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ်အား ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ တရုတ်နိုင်ငံအပေါ် ကြိုဆိုထောက်ခံခြင်းသည် အာရှတိုက်တွင် အစောဆုံးအသိအမှတ်ပြုပေးသည့် နိုင်ငံဖြစ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ထိုသို့မြန်မာနိုင်ငံ၏ ခရီးဦးကြိုဆိုမှုနှင့် အစိုးရချင်း တရားဝင်အသိအမှတ်ပြုမှုအပေါ် ဝမ်းသာကျေးဇူးတင်ရှိပါကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုအကျိုးစီးပွားကိုမလိုလားသော အမေရိကန်နှင့် အနောက်နိုင်ငံများ၏ပံ့ပိုးမှုဖြင့် တရုတ်ဖြူကူမင်တန်တပ်များသည် ၁၉၅၀ ပြည့်လွန်ကာလများတွင် မြန်မာနိုင်ငံအတွင်း တဖြည်းဖြည်းနှင့်ခြေကုပ်ယူကာ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းလာခဲ့ကြပါသည်။ အမေရိကန်၏ပံ့ပိုးမှုဖြင့်အစပြုခဲ့သော တရုတ်ဖြူကျူးကျော်မှုသည် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားစေရန်ရည်ရွယ်ခဲ့သည်။ သို့သော် မြန်မာနှင့်တရုတ်သည် **“ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်စေနှင့်”** ဟူသည့်အတိုင်း ကူမင်တန်တို့အား လက်တွဲညီညီ နိုင်ငံအတွင်းမှမောင်းထုတ်ကာ အစိုးရချင်း၊ ပြည်သူချင်း၊ တပ်မတော်ချင်း ရင်းရင်းနှီးနှီးရှိခဲ့ခြင်းဖြင့် အိမ်နီးချင်းကောင်းပီသမှုကို ပြသနိုင်ခဲ့သည်။

တရုတ် -မြန်မာဆက်ဆံရေးနှင့် ပတ်သက်၍ ၁၉၆၁ ခုနှစ် ဇန်နဝါရီလတွင် တရုတ် - မြန်မာ နယ်နိမိတ်စာချုပ် အတည်ပြုစာချွန်တော်များ လဲလှယ်ရန် တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိစဉ် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းက **“တရုတ် - မြန်မာနှစ်နိုင်ငံပြည်သူတို့ ကူးလူးဆက်ဆံလာခဲ့ကြတာ ရှေးအထက်ကျော်ကာရီကတည်းကဖြစ်ပါတယ်။ အက္ခရာတင်မှတ်တမ်းများကို ကျွန်တော်တို့နိုင်ငံ ဟန်မင်းဆက်သမိုင်းစာတမ်းများကစပြီး တွေ့နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံ ဟန်မင်းဆက် ကဗျာဆရာများဟာ ဟိုးအခါက တရုတ်ပြည်မှာတင်ဆက်ကပြခဲ့ကြတဲ့ မြန်မာတေးဂီတနဲ့အကတို့ကို ကဗျာများအထူးဖွဲ့နွဲ့သီကုံးပြီး ချီးကျူးခဲ့ဖူးပါတယ်။ ဒီလိုအပြန်အလှန်သွားလာတာဟာ အခါမလပ် တိုးပွားလာခဲ့ပါတယ်၊ နှစ်ပရိစ္ဆေဒကြာညောင်းစွာ ပျက်ပြယ်ခြင်းမရှိခဲ့ပါဘူး”** ဟူ၍ ပြောကြားခဲ့သည်ကို လေ့လာမှတ်သားခဲ့ရဖူးသည်။

## စတင်ဖွဲ့စည်း

တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာမှုသည် နိုင်ငံကိုဦးဆောင်ဦးရွက်ပြုခဲ့သော တရုတ်ကွန်မြူနစ်ပါတီ၏ အခန်းကဏ္ဍသည် အဓိကကျသကဲ့သို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(People’s Liberation Army– PLA)သည်လည်း အခရာကျလှသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ၁၉၂၇ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယနေ့ဆိုလျှင် ၉၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တရုတ်လူမျိုးတို့အတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်နေ့ပင်ဖြစ်သည်။ မြန်မာ့သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ထာဝစဉ်ဒွန်တွဲနေသကဲ့သို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည်လည်း တရုတ်နိုင်ငံ၏သမိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ အင်အားကြီးနိုင်ငံများ၏ နိုင်ငံငယ်များအပေါ် တစ်ဖက်စောင်းနင်း ထိုးနှက်တိုက်ခိုက်မှုများမှာ သမိုင်းစဉ်တစ်လျှောက်မှသည် ယနေ့ကာလတိုင်ရှိနေဆဲဖြစ်ရာ တရုတ်နိုင်ငံသည်လည်း ဆိုးရွားလှသော သမိုင်းဖြစ်စဉ်များနှင့်ရင်ဆိုင်ခဲ့ရသည်။ တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ဦးဆောင်သည့် အနောက်နိုင်ငံများ၏ဖိနှိပ်မှုကို အစဉ်တစိုက်ခံခဲ့ရသည့်သာဓကများရှိခဲ့၏။ နိုင်ငံရေး၊ စီးပွားရေး၊ မဟာဗျူဟာလက်နက်၊ ဝါဒသဘောတရားရေး စသည်ဖြင့် ဘက်ပေါင်းစုံမှ အားပြိုင်ထိုးနှက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့တိုင်အောင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ မားမားမတ်မတ်ရပ်တည်နိုင်ခဲ့သည်မှာ တရုတ်နိုင်ငံရှိ ပြည်သူတို့၏ တိုင်းပြည်တိုးတက်ရေးအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်မှုရှိခြင်း၊ အင်အားတောင့်တင်းသည့် ခေတ်မီတပ်မတော်တစ်ရပ် ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှ၏။

## ခရီးရှည်ချီတက်ပွဲ

တရုတ်ပြည်သူ့သမ္မတ နိုင်ငံတော်ကြီးကို မတည်ထောင်မီကပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က ၁၉၃၃-၁၉၃၅ ခုနှစ်တွင် မော်စီတုန်းဦးဆောင်သော တရုတ်ကွန်မြူနစ်ပါတီဝင်များနှင့် တပ်နီတော်စစ်သားများပါဝင်သည့် အင်အား ၈၀၀၀၀ ဦးဖြင့် တရုတ်ပြည် အရှေ့တောင်ဘက်မှ အနောက်မြောက်ဘက်သို့ ခရီးရှည်ချီတက်ပွဲကြီးကို ဆင်နွှဲခဲ့ကြသည်။ အလုပ်သမားနှင့် တောင်သူလယ်သမား တပ်နီတော်၊ သို့မဟုတ် တရုတ်တပ်နီတော်ဟုခေါ်တွင်ခဲ့သော ထိုအဖွဲ့ကြီးသည် ခရီးစဉ်အတွင်း တောင်တန်းကြီးပေါင်း ၁၈ ခုကိုကျော်ဖြတ်၍ မြစ်ပေါင်း ၂၄ ခုကိုဖြတ်ကူးခဲ့ကြသည်။ မြောက်မြားစွာသော သဲကန္တာရများ၊ နုန်းများ၊ နွံများကိုလည်း ဖြတ်ကျော်ခဲ့ကြရသည်။ ထိုသို့ချီတက်နေစဉ်အတွင်း ချန်ကေရှိတ်၏ ကူမင်တန်တပ်များ၏ ပိတ်ဆို့တိုက်ခိုက်မှု၊ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများအပြင် နယ်စပ်ဒေသ ခြောက်ခုကို ဖြတ်သန်းသွားသည့်အခါတွင်လည်း ဒေသခံတောင်ပေါ်သားတို့၏ ချောင်းမြောင်းတိုက်ခိုက်မှု စသည့်အခက်အခဲပေါင်းများစွာကို ကြုံတွေ့ခဲ့ကြရသည်။ စခန်းချနေထိုင်မည့် ယင်အန်းသို့ ရောက်ရှိချိန်တွင် ခရီးရှည်ချီတက်ပွဲ၌ပါဝင်သည့် လူ ၈၀၀၀၀ ဦးအနက် ၃၅၀၀၀ ဦးမှာ သေဆုံး၊ ပျောက်ဆုံးမှုများဖြင့်ပြုန်းတီးခဲ့ရပါသည်။ ၁၉၃၇ ခုနှစ်တွင် တရုတ်တပ်နီတော်သည် ဂျပန်တို့၏ ကျူးကျော်မှုအား ချန်ကေရှိတ်၏ ကူမင်တန်ပါတီအစိုးရနှင့် အမျိုးသားညီညွတ်ရေးကိုရယူလျက် တွန်းလှန်တိုက်ထုတ်ခဲ့ကြသည်။ ဂျပန်တို့စစ်ရှုံးပြီးနောက် ပြည်တွင်းစစ်ကာလအတွင်း တရုတ်တပ်နီတော်အား ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ တရုတ်ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း တိုင်းပြည်အကျပ်အတည်းများဖြစ်ပေါ်ခဲ့ချိန်တွင် တရုတ်တပ်နီလူငယ်များနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တို့အကြား ပြဿနာအချို့ရှိခဲ့သော်လည်း ဝန်ကြီးချုပ် ချူအင်လိုင်း၏ကြိုးပမ်းမှုကြောင့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခြင်းမရှိဘဲ ပြေလည်သွားခဲ့ရပါသည်။ ထိုစဉ်က ယဉ်ကျေးမှုတော်လှန်ရေးကြောင့် ၁၉၆၇-၁၉၆၈ ခုနှစ်တွင် တရုတ်ပြည်တစ်ဝန်း၌ လမ်းပန်းအဆက်အသွယ်များပြတ်တောက်သွားခဲ့သည်။ အလုပ်ချိန်နာရီများလည်း လျော့နည်းသွားခဲ့ပြီး အကျိုးဆက်အားဖြင့် စက်မှုကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ကျဆင်းခဲ့၏။ ထိုအခြေအနေမျိုးကို တရုတ်ကွန်မြူနစ်ပါတီက လမ်းညွှန်ချမှတ်ထားသည့် စီးပွားရေးစီမံကိန်းလျာထားချက်များအတိုင်း ပြည့်မီအောင် ချူအင်လိုင်းက ထိန်းသိမ်းတည့်မတ်ပေးနိုင်ခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တင်းပြည့်ကျပ်ပြည့် ကာကွယ်နိုင်စွမ်းအားသည် ယင်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းအား မည်မျှတောင့်တင်းခိုင်မာသည်ဆိုသော

စာမျက်နှာ ၁၁ သို့ ❖

**“မြန်မာနိုင်ငံ၏ တရုတ်နိုင်ငံအပေါ် ကြိုဆိုထောက်ခံခြင်းသည် အာရှတိုက်တွင် အစောဆုံးအသိအမှတ်ပြုပေးသည့်နိုင်ငံဖြစ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ထိုသို့မြန်မာနိုင်ငံ၏ ခရီးဦးကြိုဆိုမှုနှင့် အစိုးရချင်း တရားဝင်အသိအမှတ်ပြုမှုအပေါ် ဝမ်းသာကျေးဇူးတင်ရှိပါကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုအကျိုးစီးပွားကိုမလိုလားသော အမေရိကန်နှင့် အနောက်နိုင်ငံများ၏ပံ့ပိုးမှုဖြင့် တရုတ်ဖြူကူမင်တန်တပ်များသည် ၁၉၅၀ ပြည့်လွန်ကာလများတွင် မြန်မာနိုင်ငံအတွင်း တဖြည်းဖြည်းနှင့်ခြေကုပ်ယူကာ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းလာခဲ့ကြပါသည်။ အမေရိကန်၏ပံ့ပိုးမှုဖြင့်အစပြုခဲ့သော တရုတ်ဖြူကျူးကျော်မှုသည် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားစေရန်ရည်ရွယ်ခဲ့သည်။ သို့သော် မြန်မာနှင့်တရုတ်သည် “ဘယ်သူတရားပျက်ပျက်၊ ကိုယ်မပျက်စေနှင့်” ဟူသည့်အတိုင်း ကူမင်တန်တို့အား လက်တွဲညီညီ နိုင်ငံအတွင်းမှမောင်းထုတ်ကာ အစိုးရချင်း၊ ပြည်သူချင်း၊ တပ်မတော်ချင်း ရင်းရင်းနှီးနှီးရှိခဲ့ခြင်းဖြင့် အိမ်နီးချင်းကောင်းပီသမှုကို ပြသနိုင်ခဲ့”**

❖ စာမျက်နှာ ၁၀ မှ

အချက်ဖြင့်သာ တိုင်းတာနိုင်မည်ဖြစ်ပါသည်။ ကာကွယ်ရေးစွမ်းအား အဘက်ဘက်မှ လျော့ပါးချိန်တွင် ကမ္ဘာ့နိုင်ငံအချို့သည်လည်း နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ တရုတ်နိုင်ငံသည်ပင်လျှင် ၁၈၉၄-၁၈၉၅ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၃၇-၁၉၄၅ ခုနှစ်တွင် တစ်ကြိမ် ဂျပန်တို့၏ ကျူးကျော်မှုများကိုခံခဲ့ရသည်။ ပထမအကြိမ်တွင် ထိုင်ဝမ်ကျွန်းကို လက်လွှတ်ခဲ့ရ၏။ ဒုတိယအကြိမ်တွင် မဟာမိတ်များ၏ ပူးပေါင်းတိုက်ပွဲဝင်မှုဖြင့် ဂျပန်တို့အား အပြီးတိုင် တိုက်ထုတ်နိုင်ခဲ့ပါသည်။ တရုတ်အစိုးရအဆက်ဆက်သည် အတိတ်တွင် ကြုံတွေ့ခဲ့ရသော တိုင်းပြည်ကာကွယ်ရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများကို သင်ခန်းစာယူလျက် ခေတ်အဆက်ဆက်၌ ကာကွယ်ရေးအင်အား တောင့်တင်းရေးကို အလေးပေးဆောင်ရွက်ခဲ့ကြပါသည်။ သမ္မတကျန်ဇီမင်းလက်ထက်တွင် ပါတီနှင့်စစ်ဘက် ဆက်ဆံရေး၏ အရေးပါမှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာအားထားမှု၊ နိုင်ငံတကာတိုက်ပွဲအတွေ့အကြုံများကိုလေ့လာ၍ သင်ခန်းစာဖော်ထုတ်မှု စသည်ဖြင့် စစ်ရေးမူဝါဒပိုင်းဆိုင်ရာတွေးခေါ်မှုနယ်ပယ်တွင် ပိုမိုကျယ်ပြန့်စွာထည့်သွင်းစဉ်းစားလာမှု နမူနာပုံစံသစ်ကို မျိုးစေ့ချပေးနိုင်ခဲ့သည်။ ကျန်ဇီမင်း၏ထုတ်ပြန်ချက်ဖြစ်သည့် **"အနာဂတ်တွင်ဖြစ်ပွားမည့် စစ်ပွဲများတွင် နည်းပညာမြင့်မားသောစစ်ပွဲ၊ ဘက်စုံစစ်ပွဲ၊ အီလက်ထရောနစ် စစ်ပွဲနှင့် ဒုံးလက်နက်စစ်ပွဲတို့ ပါဝင်ကြမည်ဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အနေဖြင့် လက်တွေ့ကျကျ တိုက်ပွဲဝင်အသင့်ဖြစ်စေရမည်"** ဆိုသည့် စစ်ရေးမူဝါဒသစ်၏ အဓိကအနှစ်သာရဖြစ်ခဲ့သည်။







**စစ်ရေးအင်အားတောင့်တင်းခိုင်မာမှု**

ယနေ့အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးအင်အားကို တောင့်တင်းခိုင်မာလာအောင် တည်ဆောက်နိုင်ခဲ့သည်သာမက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (People's Liberation Army– PLA) ကိုလည်း နည်းပညာသစ်များနှင့် လက်နက်ဆန်းများကို ပိုင်ဆိုင်သည့် စွမ်းဆောင်ရည်မြင့်မားသော ကမ္ဘာ့အဆင့်မီတပ်မတော်အဖြစ်တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရေတပ်ကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သလို အဆင့်မြင့်ဆုံးသော ဒုံးလက်နက်များ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုင်ဆိုင်ထားသည့် နိုင်ငံလည်းဖြစ်သည်။ ထို့အပြင် နိုင်ငံ၏ ရေပြင်ပိုင်နက်ကိုကာကွယ်နိုင်ရန်၊ မဟာဗျူဟာအရ အရေးကြီးသည့် စစ်ဆင်မှုများကို ဆောင်ရွက်နိုင်ရန်အတွက်တရုတ်နိုင်ငံရဲ့တတိယမြောက်လေယာဉ်တင်သင်္ဘောကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၇ ရက်တွင် ရေချနိုင်ခဲ့ခြင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ စစ်ရေးအင်အားတောင့်တင်းခိုင်မာမှုကို ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

**နိုင်ငံတကာအတွက် စံပြလုပ်ဆောင်မှု**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဆောင်ရွက်ချက်များမှာလည်း နိုင်ငံတကာအတွက် စံပြလုပ်ဆောင်မှုပင်ဖြစ်ခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ချိန်မှစ၍ ဗဟိုစစ်ကော်မရှင်၏ ထောက်ပံ့ပို့ဆောင်ရေး ပူးပေါင်းတပ်ဖွဲ့အား ဝူဟန်မြို့တွင် ရုံးထိုင်စေခဲ့ပါသည်။ ဟူဘေးခရိုင်အတွင်း ကူးစက်လူနာများ ကုသမှုခံယူနိုင်ရေးအတွက် တပ်မတော်သားဆရာဝန်တစ်သောင်းကျော်ကိုလည်း ပို့ဆောင်ပေးခဲ့သည်။ ဆေးရုံများသို့ပစ္စည်းများထောက်ပံ့ခြင်း၊ သွားလာမှုကန့်သတ်ခြင်းများ ပြုလုပ်ထားသည့်နေရာများရှိ ပြည်သူများအတွက် အစားအသောက်များဖြန့်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဆေးတက္ကသိုလ်မှ အထူးကုပါရဂူများအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာပင် ဝူဟန်မြို့သို့ ရောက်ရှိခဲ့ကြပြီး ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသည်။ လက်ရှိသမ္မတ ရှီကျင့်ဖျင်လက်ထက်တွင် တရုတ်နိုင်ငံ၏ သမိုင်းတစ်လျှောက် မကြုံဖူးသောအဆင့်မြှင့်တင်မှုများဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ရ၏။ ထို့အတွက်ကြောင့်ပင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကမ္ဘာ့ထိပ်တန်း တပ်မတော်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ တရုတ်သမ္မတရှီကျင့်ဖျင် ဦးဆောင်သည့် အဖွဲ့ဝင် ခုနစ်ဦးပါဝင်သော ဗဟိုစစ်ကော်မရှင်သည် တရုတ်နိုင်ငံ၏ စစ်ဘက်ဖွဲ့စည်းပုံတွင် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော် လက်နက်ကိုင်တပ်ဖွဲ့များအားလုံးကို ပေါင်းစည်းကွပ်ကဲခြင်း၊ စစ်ရေးမဟာဗျူဟာဆုံးဖြတ်ချက်များချမှတ်ခြင်း၊ စစ်လက်နက်ပစ္စည်းများ တိုးတက်တီထွင်ထုတ်လုပ်မှုနှင့် တပ်ဆင်မှုတို့အား ကြီးကြပ်ခြင်း စသည်တို့အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များအားလုံးအပေါ်တွင် ဗဟိုကြီးကြပ်ကွပ်ကဲမှုအဖြစ် ဆောင်ရွက်ရသောအဖွဲ့ အစည်းဖြစ်သည်။

**ခုခံကာကွယ်ရေးအလေးပေးသောမူဝါဒ**

တရုတ်နိုင်ငံသည် အမျိုးသားကာကွယ်ရေးမူဝါဒ(National Defense Policy) ချမှတ်ရာတွင် ခုခံကာကွယ်ရေး(Defensive)ကို အလေးပေးသောမူဝါဒကိုသာ ဦးစားပေးချမှတ် ဖော်ဆောင်နေလျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်အချုပ်အခြာအာဏာ၊ လုံခြုံရေးနယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းကာကွယ်ခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားနှင့် တရုတ်ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကိုလည်း အခြေခံ၍ နိုင်ငံတော်ကာကွယ်ရေးမူဝါဒကိုချမှတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ အမျိုးသားကာကွယ်ရေးမူဝါဒချမှတ်မှုကိုကြည့်ပါက တရုတ်တပ်မတော်အနေဖြင့် နိုင်ငံကာကွယ် စောင့်ရှောက်ရေးအတွက် မည်မျှအထိ အလေးပေးနေကြောင်း ထင်ရှားလှပါသည်။ တပ်မတော်၏အင်အားနှင့် မူဝါဒခိုင်မာတောင့်တင်းမှုသာ နိုင်ငံတည်ငြိမ်အေးချမ်းတည်တံ့နေမည်မှာ သံသယဖြစ်ဖွယ်မရှိသည့်အချက်ပင်ဖြစ်ပါသည်။ နိုင်ငံတကာအရေးကိစ္စများတွင် အခြားသောအင်အားကြီးနိုင်ငံအချို့နှင့် ထိပ်တိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြုံတွေ့နေရဆဲဖြစ်ပြီး အဆိုပါအရေးကိစ္စများကို ပြေလည်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့အိုလံပစ်ပွဲတော်ကို လက်ခံကျင်းပနိုင်ခဲ့ခြင်းအားဖြင့်လည်း တရုတ်နိုင်ငံ၏ အဆင့်မီနည်းပညာများနှင့် အခြားသောကဏ္ဍစုံတို့၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို ဖော်ထုတ်ပြသခွင့်ရရှိစေခဲ့ပါသည်။

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှု၊ ယုံကြည်စိတ်ချရမှုများရရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြ၏။ မြန်မာ့အရေးနှင့် ပတ်သက်လာလျှင်လည်း ခေတ်အဆက်ဆက် အိမ်နီးချင်းကောင်းဟူသော ဂုဏ်ပုဒ်အပြင် မိတ်ဆွေကောင်းဟူသော ခံယူချက်ဖြင့် တရုတ်နိုင်ငံသည် သမိုင်းစဉ်ဆက် သက်သေထူလျက်ရှိသည်။ တရုတ်နှင့် မြန်မာတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ပါအတိုင်း တစ်ဖက်နှင့်တစ်ဖက် နားလည်မှုရှိစွာ ဆောင်ရွက်ခဲ့သောကြောင့် အခြားသောကမ္ဘာ့အဖွဲ့အစည်းများကပင် အတုယူခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အရေးကြီးသောအိမ်နီးချင်း အင်အားကြီးနိုင်ငံတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း တရုတ်နိုင်ငံအတွက် ပထဝီနိုင်ငံရေးအရ အလေးထားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံမဟာဗျူဟာမြောက် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေးအဆင့်သို့ လျှောက်လှမ်းနေသည်နှင့်အမျှ အပြန်အလှန်နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်သာဖြစ်ပေသည်။ မြန်မာနှင့်တရုတ်၊ တရုတ်နှင့်မြန်မာသည် ရေမြေတောတောင် သဘာဝအလှတို့တွင်သာမက ယဉ်ကျေးမှုခြင်း တူညီမှုရှိသကဲ့သို့ နှစ်နိုင်ငံသမိုင်းကြောင်းတွင်လည်း တူညီမှုများရှိခဲ့သည်။ သံလွင်မြစ်၊ မဲခေါင်မြစ်တို့မှ အစပြုလျက် သဘာဝတောတောင်ရေမြေချင်းများစွာထိစပ်နေသည့် တရုတ်နှင့် မြန်မာတို့၏ ကောင်းမွန်သည့်သမိုင်းကြောင်းများ၊ ယဉ်ကျေးမှုများသည် ဘယ်သူဖျက်ဖျက် ပျက်စီးမည့်အရာများမဟုတ်ပါချေ။ ရှေးမြန်မာဘုရင်များလက်ထက်ကပင် တရုတ်နိုင်ငံနှင့် ရွှေလမ်းငွေလမ်းဖောက်ကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ဆောက်ခဲ့ရာ ယနေ့ကာလတိုင် အမွေကောင်းသဖွယ် ဆက်ခံလျက်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ မိတ်ဝတ်မပျက် ချစ်ကြည်သွားလာလျက် မိသားစုသဖွယ်ဆက်ဆံရေးရှိရုံမျှမက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ၉၅ နှစ်တာ ခရီးတစ်လျှောက်တွင်လည်း မြန်မာ့တပ်မတော်နှင့် အားကောင်းသောရင်းနှီးချစ်ကြည်မှုရှိခဲ့သည်။ ယင်းမှာ နှစ်နိုင်ငံအကြား၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု၏ ထူးခြားသည့် ဝိသေသတစ်ခုပင်ဖြစ်သည်။

**စွမ်းရည်မြင့်မားသည့် တပ်မတော်အဆင့်**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီးသည် ၉၅ နှစ်တာခရီးကာလအတွင်း လှိုင်းကြီးလေအောက်၊ တောင်ကြီးဖဝါးအောက်ဆိုသောထုံးဖြင့် ကြုံတွေ့ခဲ့ရသော အခက်အခဲမှန်သမျှကို ရင်ဆိုင်အန်တုလျက် နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်ခဲ့ပေသည်။ အင်အားတောင့်တင်းမှုအရသာမက မျိုးချစ်စစ်သည်တော်ကောင်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် နိုင်ငံ့ခေါင်းဆောင်များအဆက်ဆက်က ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲတည်ဆောက်ခဲ့သော ကာကွယ်ရေးဆိုင်ရာမူဝါဒများအောက်တွင် စနစ်တကျ လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကြောင့် ကမ္ဘာတွင် စွမ်းရည်မြင့်မားသည့် တပ်မတော်အဆင့်ကို ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် စစ်ရေးအင်အား တောင့်တင်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ရန်လိုမှုကင်းသော နိုင်ငံချစ်စိတ်တို့ဖြင့် အမိတိုင်းပြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာကြီး၏ကောင်းကျိုးအဖြာဖြာကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆန္ဒပြုရင်း ဂုဏ်ယူဝံ့ကြွားဖွယ်ရာအပြည့်ဖြင့် ၉၅ နှစ်တိုင်ခဲ့ပြီဖြစ်သည့် အိမ်နီးချင်းတပ်မတော်အား ဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၆၅ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၀ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၀၅ | ၁၉၀၅ | ၂၀၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၀ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၈ | ၁၇၉၆ |
| 95 Ron | ၁၇၉၃ | ၁၈၆၂ |
| HSD (500 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

---

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက် လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံ ရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေး သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်



**နေပြည်တော် ဇူလိုင် ၃၁**

အမျိုးသားရေးတက်ကြွ လှုပ်ရှားသူများစုပေါင်း၍ အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက် သတ်ဖြတ်မှုများနှင့်အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားအနီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းနှင့် ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်းနေရာများ အပါအဝင် မန္တလေးမြို့ပေါ်ရှိ အထင်ကရနေရာများတွင် ပြုလုပ်ထုတ်ဖော်ခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်ခဲ့ပြီး အကြမ်းဖက် အစွန်းရောက်လုပ်ရပ်များ (အလိုမရှိ)၊ အပြစ်မဲ့ သံဃာနှင့်ပြည်သူများ အပေါ် ယုတ်မာ ကောက်ကျစ်မှုများ (အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက် လုပ်ရပ်မှန်သမျှ (ဆန့်ကျင်ကြ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ (ဆန့်ကျင်ကြ)၊ နိုင်ငံတော် အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုး ဒေါ်လာစားပြည်ဖျက်လောက်ကောင်များအား (ဆန့်ကျင်ကြ)ဟူသောကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြသည်။

ထို့နောက် အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခြင်းကို ဆက်လက် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲကို ရပ်နားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ



**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံခဲ့ရကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသော်လည်း မည်သည့်ရောဂါ လက္ခဏာမျှ မပြသကြောင်း၊ သို့ရာတွင် အိမ်ဖြူတော်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထား စောင့်ကြည့်မှုကို ထပ်မံခံယူမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျိုးဘိုင်ဒင်သည် လွန်ခဲ့သည့်သီတင်းပတ်ကျော်ကာလကလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်းနှင့် ယင်းအချိန်က ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်မှုခံယူရင်း မူလတာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဇူလိုင် ၂၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ပြန်လည်သက်သာလာပြီးနောက် ၎င်း၏တာဝန်များကို ပြန်လည်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

သမ္မတ ဂျိုးဘိုင်ဒင်သည် ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၂ ရက်တို့တွင် ပြည်တွင်းသို့ ခရီးသွားရောက်ရန် စီစဉ်ထားခဲ့သည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံခဲ့ရသောကြောင့် ယင်းနှစ်ရက်အတွင်း သွားရောက်မည့် ခရီးစဉ်နှစ်ခုကို ဖျက်သိမ်းခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



## အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်၌ မျောက်ကျောက်ရောဂါကူးစက်မှုဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာ

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်၌ မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် အရေးပေါ် အခြေအနေတစ်ရပ် ယနေ့ကြေညာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၅၁၈၉ ဦးရှိကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

နယူးယောက်ပြည်နယ်သည် အခြားသော အမေရိကန်ပြည်နယ်များထက် ရောဂါကူးစက်မှုပိုမိုများပြားသည့်အတွက် ရောဂါထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ပြည်နယ်အတွင်း တင်းကျပ်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ကာသီဟိုချူက ဆိုသည်။

မျောက်ကျောက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကာသီဟိုချူက တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ထို့ပြင် မျောက်ကျောက်ရောဂါကာကွယ်ဆေး ထိုးနှံရေးနှင့် ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုတို့ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အမေရိကန်အစိုးရအဖွဲ့က မျောက်ကျောက်ရောဂါ ကာကွယ်ဆေး အလုံးရေ ၃၄၀၀၀၀ ခန့်အား ပြည်နယ်အာဏာပိုင်များထံသို့ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများ၌ မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

လက်ရှိအချိန်အထိ နိုင်ငံပေါင်း ၇၉ နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၂၂၄၈၅ ဦးရှိပြီး စပိန်နှင့် ဘရာဇီးနိုင်ငံများတွင် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးမှုရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၇၁ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဇူလိုင် ၃၁**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၇၁ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၆၇၇၂၇၀ ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် သုံးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၄၂၆၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ လေးဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၉၆၀ ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၅၅၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၅၉၄၂၉၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း၊ ၈၄ ရာခိုင်နှုန်းသည် နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၀၆ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ ဇူလိုင် ၃၁**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၀၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၇၁၄၀၅၆ ဦးရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ပြည်တွင်းကူးစက်ခံရသူများအနက် ၆၅၀ သည် ရောဂါကွင်းဆက်တုံ့ပြန်မှုအရ စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ကျန် ၄၄၅၆ ဦးသည် လျင်မြန်သော ရောဂါစစ်ဆေးမှုများအရ တွေ့ရှိရခြင်းဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

ရောဂါကွင်းဆက်တုံ့ပြန်မှုအရ စစ်ဆေးတွေ့ရှိသူများအနက် ၆၁၆ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ၃၄ ဦးသည် ပြင်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

လျင်မြန်သော ရောဂါစစ်ဆေးမှုများအရ တွေ့ရှိသူများအနက် ၄၂၇၉ ဦး သည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်ပြီး ၁၅၉ ဦးသည် ပြင်ပမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူ ၆၉၈ ဦးသည် ဆေးရုံများတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ယင်းတို့အနက် ၁၅ ဦးသည် ပြင်းထန်သော ဝေဒနာများ ခံစားနေရကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း သုံးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၀၀ ရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

❖

# အမေရိကန်နိုင်ငံ ကန်တက်ကီပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၅ ဦး ရှိလာ

**ချီကာဂို ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ ကန်တက်ကီပြည်နယ်အရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် မိသားစုတစ်စုတည်းမှ ကလေးငယ် လေးဦးအပါအဝင် သေဆုံးသူ ၂၅ ဦးအထိရှိလာကြောင်း ကန်တက်ကီပြည်နယ်အုပ်ချုပ်ရေးမှူး ဘီရှီယာက ပြောကြားသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာပျောက်ဆုံးနေပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာတချို့တွင် ဝင်ရောက်ခြင်းမပြုသေးကြောင်းနှင့် သေဆုံးသူအရေအတွက်မှာ မြင့်တက်လာဖွယ်ရှိကြောင်း ကန်တက်ကီပြည်နယ်အုပ်ချုပ်ရေးမှူး ဘီရှီယာက ပြောကြားသည်။

ကန်တက်ကီပြည်နယ်၌ ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန်အတွက် နှစ်ပေါင်းများစွာ အချိန်ယူရဖွယ်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဘီရှီယာ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြသည်။

ကန်တက်ကီပြည်နယ်တစ်ဝန်းတွင် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းအထိ လျှပ်စစ်သုံးစွဲသူ ၁၆၀၀၀ သည် လျှပ်စစ်မီးမရရှိသေးကြောင်း ကန်တက်ကီပြည်နယ်လျှပ်စစ်ဌာနက ပြောကြားသည်။

ကန်တက်ကီပြည်နယ် အုပ်ချုပ်ရေးမှူးသည် ပြည်နယ်တစ်ဝန်းတွင် အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဗာဂျီးနီးယားပြည်နယ်တွင်လည်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဗာဂျီးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးက ပြည်နယ်အတွင်းရှိ ဒေသခြောက်ခုတွင် အရေးပေါ်အခြေအနေကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



## မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ်နောက်ဆုတ်ချိန်တွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၂၉၅)

**မော်တော်ယာဉ်မောင်းနှင်သူသည် မော်တော်ယာဉ် နောက်ဆုတ်ချိန်တွင် အောက်ပါအချက်များကို လိုက်နာရပါမည်–**

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ဘေးနှစ်ဖက်နှင့် နောက်သို့ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြားမော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ။

(ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ။

(ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ။

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ။

(င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာနောက်ဆုတ်ခြင်းမပြုရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၆ ဒသမ ၂၈၈ တန် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၆ ဒသမ ၂၈၈ တန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ပြင်ဦးလွင်မှ မန္တလေးသို့ ဝင်းမြိုင် မောင်းနှင်ပြီး ရန်မျိုးအောင်လိုက်ပါလာသော ၁၂ ဘီး ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။

တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၁ ဒသမ ၆၄ တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးချက်အရ ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီတွင် အမရပူရမြို့နယ် စာကလေးအင်းကျေးရွာရှိ ကုမ္ပဏီကို ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ မန်နေဂျာ သက်နောင်ကို တရားမဝင် သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၄ ဒသမ ၆၄၈ တန်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ် ၆ ဒသမ ၂၈၈ တန် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်း အမိုနီယမ်နိုက်ထရိတ်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ အီလက်ထရောနစ်ပစ္စည်းများနှင့် မော်တော်ယာဉ် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၂၀ ဒသမ ၈၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၀၇၅၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၃၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၃၂၀၀ ခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် ကားလမ်း မိုင်တိုင်အမှတ် ၂၀ မိုင် ၃ ဖာလုံခန့်၌ မသင်္ကာဖွယ် ရပ်တန့်ထားသော ကုန်တင်ယာဉ် တစ်စီးပေါ်မှ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ ဖုန်းအပိုပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၂၂၀၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ၁၀ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၂၂၀၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၅၂၈၀၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိသည့် အီလက်ထရောနစ်ပစ္စည်းများကို တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၈-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၀၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁)နှစ်နှင့်(၆)လ၊ (၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း
- **၀၉:၀၀** စစ်ပီးငြိမ်းချိန်တန်ပါပြီ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၀** MRTV National News
- **၁၃:၀၀** ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု(အကြိုဗိုလ်လုပွဲ) (မန္တလေးတိုင်းအသင်းနှင့် ကရင်အသင်း)
- **၁၅:၁၅** ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု(အကြိုဗိုလ်လုပွဲ) (ကချင်အသင်းနှင့် မွန်အသင်း)
- **၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇူလိုင်လ) (ပထမပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘက်စကက်ဘောအက်ငဆး'** (အပိုင်း–၁၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်ဆိုသည်မှာ'** (အပိုင်း–၂)

**mitv**

- **07:01** Evergreen Classic : Sone Taw Myaing (Takkatho Lae Lae)
- **07:08** Tour around Kyaukse
- **07:25** Myanmar Bamboo Xylophone (or) Pattala
- **07:31** Me & My Dancing Brother
- **08:01** Let's Explore Organic Farming
- **08:47** Lines & Wash Painting
- **08:55** Mandalay, The Golden City
- **09:01** News
- **09:26** Global Partnership for Brighter Future: Kenya Pavilion at Expo 2020 Dubai
- **09:36** Danu Food: Tofu Dish
- **09:43** Myanmar Traditional Thatched Roofs: IN-LEAF
- **10:02** Tray Art Products

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဝါခေါင်လဖြစ်တည်ရာ ချည်ဖြူဖွဲ့မင်္ဂလာ

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်စလပ်ရဲ့ရှိုးရာအလှ (အပိုင်း–၁)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မွန်ဘာသာစကားပြောကြရပါစို့ (အပိုင်း–၄)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အိပ်မက်ကကြိုးကာခုနှိသူ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးကြက်သားမီးကင်ပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ရဝမ်ဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
အပန်းဖြေစရာဘုရားဖြူကြာကန်သို့ အရောက်လှမ်းခဲ့ပါ

**ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀)**
ငါးကင်မွှေးမွှေးလေးလုပ်စားကြမယ်

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း–၅)

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူမိုက်တို့သွားရာလမ်း'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၂)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း–၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း–၂)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၇:၀၀** ဆန်စပါးကဏ္ဍတိုးတက်ဖို့ရေရှည်တည်တံ့သည့် စီးပွားဝန်းကျင်ဖော်ဆောင်စို့
- **၀၇:၁၅** စိမ်းနေမည့်လယ်ကွင်းဆီသို့ အရောက်လှမ်းလာမည့် ကောက်စိုက်စက်လေးများ
- **၀၈:၀၀** တောင်သူများပါဝင်ဆင်နွှဲ နိုင်ငံတကာလယ်ယာသုံးစက်ကိရိယာပြပွဲ
- **၀၉:၂၀** ဂေါ်ဘာအဆင့်(၁)ရရန်နည်းစနစ်မှန်

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၁၅** ၂၀၂၂ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု(အကြိုဗိုလ်လုပွဲ) (မန္တလေးတိုင်းအသင်းနှင့် ကရင်အသင်း)
- **၀၉:၃၀** အားကစားလောကထဲကသူတို့အကြောင်း
- **၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၃၁**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းမိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပခုက္ကူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၃၁**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်အောက်ခံ PDFအမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ လုယူခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွဲတဲ(ရွာမ)ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းအုပ်ဆရာမကြီးရုံးခန်း တံခါး၀၌ ခြိမ်းခြောက်စာတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် ခြိမ်းခြောက်စာသားများ ရေးသားထားသည့် စာတစ်စောင်အား တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။



ဒေါ်ခင်မာနိုင်(ဒဏ်ရာရ)

အလားတူ မွန်းတည့် ၁၂ နာရီတွင် ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၄)ရပ်ကွက်နေ သရက်ကန်အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ခင်မာနိုင်(၃၈)နှစ် (ဘ) ဦးဘိုဆင့်သည် မြစ်ခြေ-ကမ္မကားလမ်းအတိုင်း သရက်ကန်အခြေခံပညာမူလတန်းကျောင်းမှ ၎င်း၏နေအိမ်သို့ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် လားရာတူနောက်မှ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဒေါ်ခင်မာနိုင်တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာနေ စည်သူအောင်၊ ကျော်မျိုးအောင်၊ ကံသာအေးကျေးရွာနေ ဇင်မေသန့်နှင့် ပေါက်ကုန်းကျေးရွာနေ ဇင်နိုင်တိုးတို့သည် ၎င်းတို့အသုံးပြုသည့် “Sithu Aung” Facebook အကောင့်၊ “Kyaw Myo Aung” Facebook အကောင့်၊ “Zin May Thant” Facebook အကောင့်နှင့် “Zin Naing Toe” Facebookအကောင့်၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အလယ်ပိုင်းရပ်ကွက်နေ နှင်းနန္ဒာစိုး(ခ) စန္ဒီသည် ၎င်းအသုံးပြုသည့် “Sandi” Facebook အကောင့်၊ ဖြူးမြို့နယ် ဈေးရပ်ကွက်နေ ရဲမင်းထွန်းသည် ၎င်းအသုံးပြုသည့် “Ye Min Htun” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ ကျော်ဇင်လတ်(ခ)အိုစမာသည် ၎င်းအသုံးပြုသည့် “Ohsamar” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**“မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ၎င်းတို့၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း၊ ထိုငွေများကို အဓိကရည်ညွှန်းခြင်းသည် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ပြည်နယ်များတွင်ရှိသည့် ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ အခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားသောစီးပွားရေးကဏ္ဍများကို မြှင့်တင်ရေးဟူ၍ မိမိတို့၏စီးပွားရေးဦးတည်ချက်ထဲတွင် ပါဝင်ကြောင်း၊ အခြားသောစီးပွားရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည်မှာ အခြေခံလူထုကို အလုပ်များများပေးနိုင်သည့်လုပ်ငန်းများ၊ စီးပွားရေးတိုးတက်မှုကို မြန်မြန်ဆန်ဆန်ရနိုင်သည့်လုပ်ငန်းများကို အဆင့်လိုက်ဦးစားပေးပြီး ဆောင်ရွက်သွားမည်”**

(ယမန်နေ့မှအဆက်)

**ဘူးလက်နယူးဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေ**က အခြေခံဥပဒေပုဒ်မ ၃၆၁ အရ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအများစုကိုးကွယ်ပြီး ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည့် ဘာသာကြီးတစ်ရပ်ဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ သို့သော်လည်း လက်ရှိအချိန်၌ ဘာသာကြီး လေးမျိုးတွင် ဗုဒ္ဓဘာသာသည် အဖိနှိပ်ခံရဆုံး၊ အနှိပ်ကွပ်ခံရဆုံးအချိန်ဖြစ်နေကြောင်း၊ PDF များ၏ target သည် ဗုဒ္ဓဘာသာရဟန်းသံဃာများဖြစ်နေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ရဟန်းသံဃာများ အသတ်ခံရမှုနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ကြောင်း၊ နောက်နောင်တွင်လည်း မည်မျှအသတ်ခံရမည်ကို မသိနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါကိစ္စရပ်များကာကွယ်ပေးနိုင်ရန် လက်ရှိတွင် မဏ္ဍိုင်ကြီး (၃) ရပ် ကိုင်ဆောင်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘာသာသာသနာကို ကာကွယ်ပေးရန် အရေးပေါ်ဥပဒေများ သီးသန့်ပြဋ္ဌာန်းသင့်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် သာသနာပြုမင်းအစိုးရဖြစ်ကြောင်း၊ သာသနာတော်ကို ကာကွယ်ပေးရန် မြတ်စွာဘုရားဟောကြားသည့် “ရာဇာပဋ္ဌာနံ” ဆိုသည့်အတိုင်း မင်းအစိုးရသာလျှင် အဓိကကျသည်ဟုဆိုထားကြောင်း၊ ထို့ကြောင့် သာသနာတော်ကာကွယ်ရန် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဘာသာရေးနှင့်ပတ်သက်သည့် ဆရာတော်၊ သံဃာတော်များကို ပုတ်ခတ်လျှင်၊ ထိပါးစော်ကားလျှင် မည်သို့ပြင်းထန်သည့် ဥပဒေ၊ ပုဒ်မသတ်မှတ်ပြီး မည်သို့ပြစ်ဒဏ်ချမှတ်မည်၊ လူကိုသတ်လျှင်တစ်မျိုး၊ သံဃာတော်ကိုသတ်လျှင်တစ်မျိုး၊ သံဃာတော်ကိုသတ်လျှင် အယူခံမရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည် စသည်ဖြင့် သီးသန့်ပုဒ်မများပြဋ္ဌာန်းပေးထားစေလိုကြောင်း၊ ထိုသို့ပြဋ္ဌာန်းပြီးဆောင်ရွက်မှသာ မိမိတို့ဗုဒ္ဓဘာသာသံဃာတော်များအား အကာအကွယ်ပိုမိုရရှိနိုင်မည်ဟု ယူဆမိသဖြင့် လက်ရှိအချိန်တွင် ယင်းကိစ္စများအတွက် အရေးပေါ်ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်တစ်ရပ် ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်းမေးမြန်းသည်။

### အွန်လိုင်းပေါ်တွင် မဟုတ်မမှန် ရေးသားစော်ကားမှုများနှင့်ပတ်သက်၍ ဆက်သွယ်ရေး ဥပဒေပုဒ်မများ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဘာသာရေးနှင့်ပတ်သက်လျှင် ဗုဒ္ဓဘာသာကို စော်ကားသည့်အပြုအမူများ၊ ဘာသာရေးစိတ်ကိုနာကြည်းစေသည့် အပြုအမူများအတွက် အရေးယူရန် ရာဇသတ်ကြီးဥပဒေ အခန်း ၁၅၊ ဘာသာသာသနာဆိုင်ရာ ပြစ်မှုများတွင်ပါရှိသည့်ပုဒ်မများဖြင့်ဆောင်ရွက်၍ရကြောင်း၊ ဥပဒေပုဒ်မ ၂၉၅၊ ၂၉၅(က)၊ ၂၉၆ မှ ၂၉၈ အထိ ဆောင်ရွက်နိုင်ကြောင်း၊ အွန်လိုင်းပေါ်တွင် မဟုတ်မမှန်ရေးသားစော်ကားမှုများနှင့်ပတ်သက်၍ ဆက်သွယ်ရေးဥပဒေပုဒ်မများဖြင့် တရားစွဲဆိုနိုင်ကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပြစ်မှု၊ ပြစ်ဒဏ်များနှင့်ပတ်သက်၍ သီးခြားဥပဒေများရေးဆွဲထားခြင်းမရှိကြောင်း၊ သို့သော် ဥပဒေဆိုသည့်အကြောင်းအရာများ၊ ပညတ်ဆိုသည့်အကြောင်းအရာများ ပေါ်ပေါက်လာခြင်းသည် အများအားဖြင့် လိုအပ်ချက်များအရ၊ တောင်းဆိုမှုများအရ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင်လည်း သတင်းထောက်ကြီးပြောသကဲ့သို့ အမှန်တကယ်ဖြစ်ပျက်နေကြောင်း၊ သို့သော် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည်လည်း လိုအပ်ချက်အရ ပေါ်ပေါက်ကောင်းပေါ်ပေါက်လာနိုင်ကြောင်း၊ မိမိတို့အနေဖြင့် သက်ဆိုင်ရာများနှင့်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပြီးနောက် NUG အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်အမည်ခံထားသူ မျိုးရန်နောင်သိမ်းက အွန်လိုင်းတွင်တင်ထားသည့် သီတဂူဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များအား ပုတ်ခတ်စော်ကားထားသည့်ဗီဒီယိုကိုဖွင့်ပြပြီး ရမ်းကားမှုကို တွေ့ရမည်ဖြစ်ကြောင်း၊ တောင်းဆိုချက်များအရ ထိရောက်မှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**Myanmar Hard Talk သတင်းဌာနမှ အယ်ဒီတာ ဦးဥက္ကာ**က မိမိမေးမြန်းမည့်မေးခွန်းတွင် အချက် သုံးချက်ရှိကြောင်း၊ နံပတ်(၁)အချက်မှာ ဗဟိုဘဏ်က ဒေါ်လာငွေများကို ချုပ်ကိုင်လာခြင်းနှင့် နိုင်ငံခြားကြွေးမြီများကို ပြန်ဆပ်ရန် ဆိုင်းငံ့ခိုင်းခြင်းနှင့်ပတ်သက်ပြီး မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဖြေကြားစေလိုကြောင်း၊ နံပါတ်(၂)အချက်မှာ မြန်မာနိုင်ငံသည် သီရိလင်္ကာနိုင်ငံကဲ့သို့ဖြစ်လာနိုင်သည်ဟု ကောလာဟလများထွက်နေကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့တုံ့ပြန်သွားမည်ကို သိလိုပါကြောင်း၊ နံပါတ်(၃)အချက်အနေဖြင့် NUG အကြမ်းဖက်အုပ်စုများက ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များကို အွန်လိုင်းမှတစ်ဆင့် ဆက်ကြေးများကောက်ခံခြင်းရှိကြောင်း၊ ဆက်ကြေးကောက်ခံသည့်နေရာတွင် ဆက်ကြေးမပေးလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခံရသည်အထိရှိသည်ဟု ကြားသိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှ မည်သို့အကာအကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်ကဲ့သို့စီစဉ်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ကိုဗစ်ကာလစီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန်အတွက် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဗဟိုဘဏ်၏ဒေါ်လာနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်စေရန်နှင့် နိုင်ငံခြားငွေထိရောက်စွာအသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၂ ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုကြော်ငြာစာအရ နိုင်ငံခြားငွေကြီးကြပ်မှုကော်မတီအနေဖြင့် ပြည်ပသို့ နိုင်ငံခြားငွေပေးချေလွှဲပြောင်းရေးအတွက် ဘဏ်သို့ဝင်ရောက်လာသည့် ကုန်သွယ်မှုလုပ်ငန်းများမှ ရငွေနှင့် ကုန်သွယ်မှုမဟုတ်သည့် လုပ်ငန်းများမှ ရငွေများကို စိစစ်ပြီး ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့သောထိန်းချုပ်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ ပြည်ပချေးငွေများ ဆိုင်းငံ့ခြင်းသည် လုပ်ငန်းရှင်များအနေဖြင့် ကိုဗစ်ကာလစီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန်အတွက် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ငွေကြေးမတည်မှုနှင့် လုပ်သားရရှိနိုင်ရန် အရေးကြီးကြောင်း၊ ချည့်နဲ့စပြုလာသည့်လုပ်ငန်းများအနေဖြင့် ခွန်နှင့်အားနှင့် ရုန်းကန်လုပ်နေရသည့်အချိန်ဖြစ်ကြောင်း၊ မတည်ရင်းနှီးထားသည့်ငွေရင်းနှင့် ပြည်တွင်း၊ ပြည်ပကရယူထားသည့် ချေးငွေများသည် အဓိကအချက်တွင်ပါဝင်ကြောင်း၊ ပြည်တွင်းချေးငွေများနှင့်ပတ်သက်ပြီး ချေးငွေများပြန်ဆပ်ရမည့်အစီအမံကာလတစ်ခုကို ဖြေလျှော့ပေးထားကြောင်း၊ ကိုဗစ်အလွန် လုပ်ငန်းများပြန်လည်စတင်ချိန်တွင် ငွေရင်းထပ်မံတိုးချဲ့ရေးအတွက် အခက်အခဲရှိသကဲ့သို့ ချေးယူထားသည့်ငွေများရှိပါက ယင်းချေးငွေများကို အတိုးနှင့်အရင်းများ ပေးဆပ်ရန်ရှိမည်ဖြစ်ကြောင်း၊ ယင်းနှစ်ခုအနက်မှ ပြန်လည်ပေးဆပ်ရမည့်ကိစ္စရပ်များအတွက် ဗဟိုဘဏ်အနေဖြင့် ကာလတစ်ခုဆိုင်းငံ့စေခြင်းသည် လုပ်ငန်းရှင်များအရှိန်ရယူနိုင်ရန် အထောက်အပံ့ဖြစ်စေခြင်းသာ ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဆိုင်းငံ့လိုသည်ဆိုလျှင် ထိုအတိုင်းဆိုင်းငံ့၍မရကြောင်း၊ Payment Schedule အရ ပြန်လည်ပေးဆပ်ရမည့်အစီအစဉ်ကို ငွေချေးယူသူနှင့် ငွေချေးငှားသူတို့သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ရန် အသိပေးအကြောင်းကြားခြင်းဖြစ်ကြောင်း။

ယင်းကိစ္စများနှင့်ပတ်သက်ပြီး Negative Impact ဖြစ်စရာ အကြောင်းမရှိကြောင်း၊ လိုရာဆွဲတွေးပြီး အကျိုးမဲ့စေမည့်ဖြစ်ရပ်မရှိကြောင်း၊ အပြုသဘောဆောင်သည့်မှတ်ချက်ပြုပြီး ပြည်သူလူထုကို အနှောင့်အယှက်လုပ်ရင်း ငွေဈေးနှုန်း၊ ကုန်ဈေးနှုန်းများတက်အောင် လုပ်ဆောင်ခြင်းဖြစ်သည်ဟု မိမိမြင်ကြောင်း၊ ယင်းကိစ္စများသည် သဘောတူညီချက်များနှင့် လုပ်ဆောင်သွားရမည့်ကိစ္စများဖြစ်ကြောင်း၊ မိမိရပ်ဆိုင်းလိုတိုင်း ရပ်ဆိုင်း၍မရကြောင်း၊ သဘောတူညီချက်ရယူပြီး လုပ်ဆောင်ရမည်ဟုသာ ပြောခြင်းဖြစ်သည်ဟုပြောလိုကြောင်း၊ အွန်လိုင်းမှတစ်ဆင့် ခြိမ်းခြောက်ခြင်းကိုတွေ့ရကြောင်း၊ တချို့မည်မျှအထိဆိုးရွားသလဲဆိုလျှင် ကုမ္ပဏီ၏လိပ်စာများအထိပို့ကြောင်း၊ ကုမ္ပဏီနှင့် ပြည်သူလူထုနှင့် ဆက်သွယ်သည့် E- mail လိပ်စာမဟုတ်ကြောင်း၊ ထို E- mail လိပ်စာသည် သီးသန့်ပေးထားသည့် E- mail လိပ်စာဖြစ်ကြောင်း၊ အခွန်ဆောင်ရန်ပေးထားသည့် သီးသန့်ပေးထားသည့် E- mail လိပ်စာထဲသို့ဝင်ပြီးမှ ပို့သည်များကိုတွေ့ရကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး တချို့သတင်းပေါက်ကြားမှုများရှိသည်ကို သိရကြောင်း၊ ယင်းတို့ကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တချို့လည်း ငွေကြေးပေးနေသည်ဟု ကြားသိရကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ဆင်ခြင်ကြရန်ပြောလိုကြောင်း၊ အကာအကွယ်ပေးသွားမည်ဟု ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Hard Talk သတင်းဌာနမှ အယ်ဒီတာ ဦးဥက္ကာ**က နံပါတ်(၂)အချက်ဖြစ်သည့် မြန်မာနိုင်ငံကို သီရိလင်္ကာနိုင်ငံကဲ့သို့ဖြစ်လာနိုင်သည်ဟုပြောနေသည့် ကောလာဟလနှင့်ပတ်သက်ပြီး မည်သို့မှတ်ချက်ပေးလိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မြန်မာနိုင်ငံသည် သီရိလင်္ကာနိုင်ငံကဲ့သို့ ဖြစ်လာနိုင်စရာအကြောင်းမရှိကြောင်း၊ မြန်မာနိုင်ငံတွင် အရန်ငွေကြေးအဖြစ် ဒေါ်လာ ထိုက်သင့်သလောက် စုဆောင်းပြီးဖြစ်ကြောင်း၊ အရန်ငွေကြေးဖြစ်သည့် ယွမ်ကဲ့သို့ ငွေကြေးများလည်း စုဆောင်းပြီးဖြစ်ကြောင်း၊ ငွေကြေးပမာဏကို မပြောနိုင်သော်လည်း ထိုက်သင့်သည့် ငွေကြေးပမာဏ စုဆောင်းပြီး အခြေခံရှိပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Hard Talk သတင်းဌာနမှ အယ်ဒီတာ ဦးဥက္ကာ**က ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း တစ်ဖက်တစ်လမ်းက ပါဝင်သည်ဟု သတင်းသမားအနေဖြင့် မြင်မိကြောင်း၊ အကယ်၍ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့အစီအစဉ်နှင့် ဒေါ်လာကို ပြင်ပပေါက်ဈေးဖြင့်ဝယ်ပြီး သွင်းကုန်ကိုသွင်းလျှင် ထိုသွင်းကုန်အတွက် လိုင်စင်ပါမစ်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စနှင့်ပတ်သက်ပြီး အစီအစဉ်မရှိကြောင်း၊ သွင်းကုန်နှင့်ပတ်သက်ပြီး သတ်မှတ်ထားသည့် စီးပွားကူးသန်းနှင့်စီမံဘဏ္ဍာတို့က ကန့်သတ်ထားသည့်သွင်းကုန်များရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေချွေတာနိုင်ရန်အတွက် ကန့်သတ်ထားသည့်ကုန်များရှိကြောင်း၊ ကန့်သတ်ထားသည့်ကုန်များ မဟုတ်လျှင် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန့်သတ်ထားသည့် ကုန်များအနေဖြင့် ဆောင်ရွက်ခွင့်မပေးခြင်းကို ပြုပြင်ပေးရန် ယခုအချိန်အထိ မရှိသေးကြောင်း ပြန်လည်ဖြေကြားသည်။

**စာမျက်နှာ ၁၇ သို့** ☆

☆ စာမျက်နှာ ၁၆ မှ

**သူရိယနေ့ဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ငွေကျပ်၄၀၀ဘီလီယံကိုပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား အတိုးနှုန်းသက်သာစွာဖြင့် ငွေထုတ်ချေးသွားမည်ဟု ထုတ်ပြန်ခဲ့သည်ကို တွေ့ရကြောင်း၊ မည်သည့်လုပ်ငန်းအမျိုးအစား၊ မည်သည့်စံသတ်မှတ်ချက်များဖြင့် ထုတ်ချေးသွားမည်ကိုသိလိုပါကြောင်း မေးမြန်းသည်။

**အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား**


**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိရှင်းလင်းခဲ့သည့်အထဲတွင် တချို့အချက်များ ပါဝင်ပြီးပြီဖြစ်ကြောင်း၊ အဓိကလုပ်ဆောင်ရခြင်း၏အကြောင်းသည် စီးပွားရေးကို မြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထုတ်ချေးမည့်ငွေကျပ်ဘီလီယံ ၄၀၀ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ၎င်းတို့၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း၊ ထိုငွေများကို အဓိကရည်ညွှန်းခြင်းသည် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ပြည်နယ်များတွင်ရှိသည့် ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ အခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားသောစီးပွားရေးကဏ္ဍများကို မြှင့်တင်ရေးဟူ၍ မိမိတို့၏စီးပွားရေးဦးတည်ချက်ထဲတွင် ပါဝင်ကြောင်း၊ အခြားသောစီးပွားရေးကဏ္ဍများကို ဦးစားပေး ဆောင်ရွက်သွားမည်မှာ အခြေခံလူထုကို အလုပ်များများပေးနိုင်သည့် လုပ်ငန်းများ၊ စီးပွားရေးတိုးတက်မှုကို မြန်မြန်ဆန်ဆန်ရရှိနိုင်သည့်လုပ်ငန်းများကို အဆင့်လိုက်ဦးစားပေးပြီး ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **သူရိယနေ့ဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**က ကော်သူးလေးလက်နက်ကိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ ကရင်တိုင်းရင်းသားလက်နက်ကိုင်ဒေသများထဲတွင် ၁၉၅၆ ခုနှစ်ကတည်းက ကော်သူးလေးတပ်မတော်ဆိုပြီး ပေါ်ပေါက်ခဲ့ကြောင်း၊ သို့သော် ၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဘိုမြ၏သားစောနယ်ဒါးမြကဦးဆောင်၍ကော်သူးလေးတပ်မတော်ဆိုသည့်အမည်နာမကို ပြန်လည်သုံးစွဲပြီး ကော်သူးလေးလက်နက်ကိုင်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ စောနယ်ဒါးမြဦးဆောင်သည့် ကော်သူးလေးလက်နက်ကိုင်အဖွဲ့ကို KNU နှင့် KNLA/KNDO စသည့် EAO အဖွဲ့များက အသိအမှတ်မပြုသည့်အပြင် စောနယ်ဒါးမြကိုလည်း KNU မှ ထုတ်ပယ်လိုက်ကြောင်း Statement လည်းတွေ့ရကြောင်း၊ ကော်သူးလေးလက်နက်ကိုင်အဖွဲ့ကို ပြင်းထန်စွာအရေးမယူလျှင် နောက်နောင်လက်နက်ကိုင်များစွာ၊ အဖွဲ့ပေါင်းများစွာ ပေါ်ပေါက်လာမည်ကိုလည်း စိုးရိမ်မိကြောင်း၊ ထို့ကြောင့် ကော်သူးလေးလက်နက်ကိုင်အဖွဲ့ကို EAO အဖွဲ့အဖြစ် သတ်မှတ်ဆွေးနွေးမည်လား၊ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ချေမှုန်းမည်လားဆိုသည်ကို ရှင်းလင်းပြတ်သားစွာသိလိုပါကြောင်း မေးမြန်းသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကနှောင့်ယှက်လာနိုင်သည့် အဖွဲ့အစည်းတစ်ခု**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ၎င်းတို့လည်းပြောပြီးဖြစ်ကြောင်း၊ KNU မှခွဲထွက်ခြင်းသည် KNU ထဲတွင် NCA လမ်းကြောင်းကို လိုလားသည့်လူများ၊ တပ်များရှိနေသဖြင့် ခွဲထွက်ခြင်းဖြစ်သည်ဟု ပြောပြီးဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် ငြိမ်းချမ်းရေးကို မလိုလားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဦးဆုံးသတ်မှတ်သည်မှာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကနှောင့်ယှက်လာနိုင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ကြောင်း၊ နံပါတ်(၂) အနေဖြင့် နှိုင်းယှဉ်ခြင်းဖြစ်ကြောင်း၊ ဝေါလေတွင် အရပ်သား ၂၅ ဦးကို သတ်ဖြတ်ခဲ့ခြင်းကြောင့် KNU မှ ယင်းအဖွဲ့ကို ထုတ်ပစ်လိုက်ခြင်းဖြစ်ကြောင်း၊ စစ်ရာဇဝတ်မှု မြောက်သည့်လုပ်ဆောင်ခြင်းမျိုးကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ သို့သော် KNU တို့ကသာ ထောက်ခံခြင်းမရှိသော်လည်း ယင်းအဖွဲ့ကို ထောက်ခံသည့် အဖွဲ့အစည်းတစ်ဖွဲ့ရှိကြောင်း၊ မည်သူက ထောက်ခံသလဲဆိုသည်ကို ဒေါ်လာတစ်သန်းပေးခဲ့သည်ဆိုသည်ကို မိမိရှင်းပြခဲ့သည့်အထဲတွင် ပြသပြီးဖြစ်ကြောင်း၊ ယင်းအဖွဲ့အစည်း၏ စံနှုန်းကို သတ်မှတ်ရာတွင် ယင်းအဖွဲ့အစည်းသည် KNU အဖွဲ့ကပင် ထုတ်ပစ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ယင်းအဖွဲ့သည် အရပ်သားပါမရှောင် သတ်ဖြတ်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် “မူ” ရှိသည့် အဖွဲ့အစည်းဟု မိမိတို့မသတ်မှတ်ကြောင်း၊ “မူ” မရှိသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ မူမရှိသည့်အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေး

**တိုင်းရင်းသားလက်နက်ကိုင်များဆိုင်ရာ ကိစ္စရပ်များ။**



ဆွေးနွေးနိုင်ရန် ဖြစ်နိုင်စရာအကြောင်းမရှိကြောင်း၊ ယင်းကော်သူးလေးအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Trend ဂျာနယ်မှ အယ်ဒီတာချုပ် ဦးဝဏ္ဏ**က အာဆီယံအထူးသံတမန်လည်းဖြစ်သော ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဖြစ်သည့် ပရက်ဆိုခွန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခွင့်ရရန် အလားအလာကောင်းရှိသည်ဟု ဇူလိုင် ၂၂ ရက်တွင် ဖနောင်ပင်သတင်းစာနှင့် သတင်းဌာနအများစုက ဖော်ပြခြင်းကို တွေ့ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့် မည်သည့်အခြေအနေများရှိပါသလဲ၊ မည်သည့်အချိန်တွင် တွေ့ဆုံမည်ဆိုသည်ကိုသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် တချို့သတင်းဌာနအများစုကိုလည်း ဖြေဆိုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ပထမဦးဆုံးပြောကြားလိုသည်မှာ နိုင်ငံရေးတွင် မဖြစ်နိုင်ဘူးဆိုသည့်ကိစ္စမရှိဟု ပြောလိုကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်၏ ပြောကြားချက်အပေါ်တွင် သီးခြားမှတ်ချက်ပေးစရာမရှိကြောင်း၊ ဒုတိယ သတင်းစကားအနေဖြင့် နိုင်ငံရေးတွင် မဖြစ်နိုင်စရာမရှိဘူးဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ယခုကာလတွင် အွန်လိုင်းဂိမ်းများ အများအပြားထွက်ပေါ်လာသည်ကိုတွေ့ရကြောင်း၊ အွန်လိုင်းဂိမ်းများတွင် Slot Game ငါးပစ်ဂိမ်းများ နည်းမျိုးစုံဆော့သည့် ဂိမ်းများ၊ Facebook၊ TitTok ဆယ်လီများက ၎င်းတို့၏ရုပ်သံများတွင် ကြော်ငြာများကို တရားဝင်ခွင့်ပြုထားသည့်ပုံစံများဖြင့် ထည့်သွင်းကြော်ငြာခြင်းများ တွေ့ရကြောင်း၊ ၎င်းတို့၏ဖုန်းနံပါတ်များ၊ KBZ၊ AYA ဘဏ်များနှင့် ချိတ်ဆက်ထားသည့်အရာများ ပေါ်ပေါ်ထင်ထင် ကြော်ငြာလုပ်ဆောင်နေသည်များရှိကြောင်း၊ ထိုကိစ္စများကို ဖော်ထုတ်ပြီးအရေးယူမည်ဆိုလျှင် လွယ်ကူသည့်အခြေအနေတစ်ရပ်ဟု မြင်ရကြောင်း၊ ထိုကိစ္စများကို အရေးယူဆောင်ရွက်ရန် ရှိ/မရှိ သိလိုကြောင်း၊ ယခုကာလတွင် ဘဏ်များ၌ ခေးပြတိုက်ခံရသည့်ကာလဖြစ်သည့်အတွက် အကြမ်းဖက်နှင့်ဆက်စပ်ပြီး လောင်းကစားကိစ္စများ၊ ရာဇဝတ်မှုများ ပိုမိုများပြားလာခြင်းလားဆိုသည့် စဉ်းစားမှုများရှိလာကြောင်း၊ မည်ကဲ့သို့ အရေးယူရန် ရှိ/မရှိ သိလိုကြောင်း၊ ထို့နောက် အခြားအဆင့်တပ်မတော်သားများ အရာရှိဖြစ်ရန် ယခင်က လုပ်သက်၊ စည်းကမ်းကောင်းမွန်မှုများဖြင့်သတ်မှတ်ကြောင်း၊ ယခုအသက်ကန့်သတ်ချက်များဖြင့် လုပ်ထားသည့် သတင်းများကြားသိရကြောင်း၊ အသက် (၁၈) နှစ်ကတည်းက တပ်မတော်ထဲဝင်ပြီး စည်းကမ်းကောင်းမွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားများက အရာရှိဖြစ်ရန် နောက်ကျခဲ့ပြီး အသက်ကြီးမှဝင်လာသည့်သူက အရာရှိဖြစ်သွားသည့် အခြေအနေမျိုးကိုလည်း ပြန်ပြီးသုံးသပ်ရန်ရှိ/မရှိသိလိုကြောင်း၊ မန္တလေးမဟော်သဓာကိစ္စနှင့်ပတ်သက်ပြီး NLD အစိုးရလက်ထက်တွင် ကျောင်းဖြစ်မြောက်ရေးကော်မတီဝင်များကို တရားစွဲဆိုခဲ့ကြောင်း၊ အင်္ဂလိပ်အစိုးရလက်ထက်က ကျင့်သုံးခဲ့သည့် ဥပဒေနှင့်မရရအောင် တရားစွဲဆိုခဲ့ခြင်းများရှိခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အပြောင်းအလဲဖြစ်ပြီးနောက် ပြန်လည်တင်ပြပါဆို၍ ပြန်လည်တင်ပြခဲ့ကြောင်း၊ ယခုအချိန်ထိ အဖြူ အမည်း မသဲကွဲသေးကြောင်း၊ ဆောက်လုပ်ခွင့်ရရှိရန် မျှော်လင့်နေကြကြောင်း၊ ထိုကိစ္စအပေါ်တွင် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်ကို သိလိုကြောင်းမေးမြန်းသည်။

**မြေလျှောက်ထားမှု ၁ ဒသမ ၂၇ ဧက**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အွန်လိုင်းဂိမ်းကိစ္စများနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးမဟော်သဓာကိစ္စနှင့်ပတ်သက်၍ အဆင့်ဆင့်တင်ပြထားသည်များရှိကြောင်း၊ မိမိတို့ စိစစ်ဆောင်ရွက်နေကြောင်း၊ တချို့သောမူဝါဒများရှိကြောင်း၊ ယခင် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ထိုကျောင်းသည် အဆင့်မီမှန်းသိရကြောင်း၊ သို့သော် မိမိတို့အနေဖြင့် တစ်ခုတည်းလုပ်ရခြင်းမဟုတ်ကြောင်း၊ အများနှင့်လုပ်ကိုင်ရခြင်းဖြစ်ကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိကြောင်း၊ တချို့ပညာရေးဝန်ကြီးဌာနမှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ဆရာဆရာမများကို မိမိတို့က အဆင့်မြှင့်တင်ပေးခြင်း၊ ထောက်ပံ့ပေးခြင်းများကို လုပ်ဆောင်ပေးနေကြောင်း၊ အလယ်တန်းအဆင့်ထိလက်ခံကြောင်း၊ အလယ်တန်းအဆင့်မှ အသက်မွေးဝမ်းကျောင်းပညာကို ကူးမည့်အဆင့်အထိ သင်ကြားပေးနိုင်သည်အထိ ခွင့်ပြု၍ရကြောင်း၊ သို့သော် အထက်တန်းအဆင့်တွင် အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့သည် ဘွဲ့ယူမည့်လမ်းကြောင်းကိုသွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပြန်လည်စိစစ်၍ မူဝါဒချထားရာတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိပြီးသည်က ရှိပြီးဖြစ်ကြောင်း၊ ယခင်ကရှိပြီးဖြစ်သည့် ကျောင်းများကို လက်ရှိအခြေအနေအတိုင်း ဆက်လက်ခွင့်ပြုပေးမည်ဖြစ်ပြီး နောက်ထပ်ဖွင့်လှစ်မည့်ကျောင်းများကို အလယ်တန်းအဆင့်အထိသာခွင့်ပြုပြီး အထက်တန်းအဆင့်ကိုမူ အခြေခံပညာအထက်တန်းကျောင်းများတွင် ပြန်လည်တက်ရောက်စေရန် ပြန်လည်သုံးသပ်မှုများ လုပ်ဆောင်နေကြောင်း၊ ထို့ပြင် မဟော်သဓာကျောင်း မြေလျှောက်ထားမှုမှာ ပညာဒါနစာသင်ကျောင်းဆောက်လုပ်ရန် တင်ပြလာခြင်းဖြစ်ပြီး မြေလျှောက်ထားမှု ၁ ဒသမ ၂၇ ဧကရှိကြောင်း၊ OA(အခြားမြေ)ဖြစ်သည့်အတွက် အစိုးရစီမံခန့်ခွဲမှုမြေဖြစ်ရန် သက်ဆိုင်ရာဌာနများမှ အမှုတွဲများတည်ဆောက်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တချို့ကိစ္စများတွင် မူဝါဒအရ ကြန့်ကြာနေရခြင်းဖြစ်ကြောင်း။

နံပါတ်(၂)မေးခွန်းသည် အခြားအဆင့်စစ်သည်များ အရာရှိဖြစ်ရန်ကိစ္စကို ပြောရမည်ဆိုပါက တပ်မတော်တွင်ကျောင်းများရှိကြောင်း၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးပညာတက္ကသိုလ်တို့ကို မဆိုလိုဘဲ၊ ယခုနောက်ပိုင်းတွင် ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီးစာရေးသင်တန်းများ ပေါ်ပေါက်လာကြောင်း၊ ခေတ်မီတပ်မတော်တစ်ရပ် ထူထောင်ရန်အတွက် လိုအပ်ချက်အရ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ အင်ဂျင်နီယာဘာသာရပ်တွင်လည်း GTI အဆင့်နှင့်ညီသည့်ကျောင်းများပေါ်လာကြောင်း၊ ၎င်းအသက်တို့နှင့်နှိုင်းယှဉ်ရကြောင်း၊ သို့သော် စစ်မြေပြင်ထူးချွန်မှုရှိသည့်အပြင် လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ရည်ကိုင်ရည်များကို ကြည့်ရှုရပါကြောင်း၊ တချို့သော စက်မှုလက်မှုစစ်သည်များဆိုလျှင် ၎င်း၏ကျွမ်းကျင်မှု၊ အလုပ်အကိုင်ပေါ်မူတည်ပြီး ခန့်အပ်ရေး၊ အဆင့်တိုးမြှင့်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းများနှင့်ချိန်ညှိရသည့်အတွက် ယခင်ကထက် အနည်းငယ်ကန့်သတ်ချက်များရှိကြောင်း၊ သို့သော် ကန့်သတ်ချက်များကျော်လွှားနိုင်သည်က စစ်မြေပြင်ထူးချွန်သည့်သူများ၊ တကယ်အလုပ်လုပ်သည့်သူများအတွက် သီးခြားအရည်အချင်း သတ်မှတ်ချက်များရှိပြီးဖြစ်ကြောင်း၊ အွန်လိုင်းဂိမ်းကိစ္စများနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်နိုင်သည့် အခြေအနေများကို ပြောကြားပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အွန်လိုင်းဂိမ်းများနှင့်ပတ်သက်ပြီး လက်ရှိလောင်းကစား ဥပဒေအရ မိမိတို့ခွင့်ပြုထားသည်များ မရှိကြောင်း၊ အွန်လိုင်းဂိမ်းများနှင့်ပတ်သက်ပြီး CID တွင် နည်းပညာဌာနရှိကြောင်း၊ CID နည်းပညာဌာနမှ အွန်လိုင်းဂိမ်းလုပ်သည့်အကောင့်များကို စောင့်ကြည့်စိစစ်ပြီး ၎င်းတို့၏အချက်အလက်များကို ဆက်လက်ဖော်ထုတ်ကာ ဥပဒေအရအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့က ဂိမ်းများနှင့်ပတ်သက်ပြီး သံသယရှိသည့် ငွေကြေးလွှဲပြောင်းမှုများကိုလည်း ငွေကြေးဆိုင်ရာမှုခင်းများ တားဆီးနှိမ်နင်းစောင့်ကြည့်ရေးရဲတပ်ဖွဲ့များက စောင့်ကြည့်စိစစ်ပြီး သက်ဆိုင်ရာမသင်္ကာသည့် ဘဏ်အကောင့်များ စိစစ်ထားခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်နိုင်ရန် ထိုဘဏ်အကောင့်များ ဖျက်သိမ်းနိုင်ရေးကို ပေါင်းစပ်ပြီးဆောင်ရွက်နေကြောင်း၊ ထိုအကောင့်များကို စိစစ်သည့်နေရာတွင် တချို့အကောင့်များသည် ၎င်းတို့၏ Profile ကို

စာမျက်နှာ ၁၈ သို့ ☆




## ဆလုံ (မော်ကယ်) တိုင်းရင်းသားများအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်

**ကော့သောင်း ဇူလိုင် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ ဆလုံ(မော်ကယ်) တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်၊ ဆီ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ကော့သောင်းမြို့နယ်အတွင်းရှိ မကြံ့ဂုလက်၊ ညောင်ဝိ၊ ဂျလန်း၊ ဇာဒက်ကြီးနှင့် ဂျာအုန်းကျေးရွာငါးရွာမှ ဆလုံတိုင်းရင်းသားများ အိမ်ထောင်စု ၂၈၂ စုရှိ ဆလုံတိုင်းရင်းသားများအား အိမ်ထောင်စုတစ်စုလျှင် ဆန် ၂၄ ပြည်အိတ်နှစ်အိတ်နှင့် ဆီ ငါးပိဿာဆံ့တစ်ပုံးနှုန်းဖြင့် ထောက်ပံ့ပေးအပ်ရာ ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး ဆလုံစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးငွေဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးသည် တက်ရောက်လာသည့် ဒေသခံဆလုံတိုင်းရင်းသားများ၏ တင်ပြချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေတို့ကို ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းကာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## လယ်ဝေးမြို့နယ်အတွင်း e-ID စနစ်ဖြင့် နိုင် (၄) နှင့် ချိတ်ဆက်၍ ပုံစံ (၆၆/၆) စာရင်းများရေးသွင်းနေမှု ကြည့်ရှုစစ်ဆေး

**လယ်ဝေး ဇူလိုင် ၃၁**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်သည် ယမန်နေ့နံနက် ၉ နာရီက လယ်ဝေးမြို့နယ်ဦးစီးမှူးရုံး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် e–ID စနစ်ဖြင့် နိုင် (၄) နှင့်ချိတ်ဆက်၍ ပုံစံ (၆၆/၆) အိမ်ထောင်စုလူဦးရေစာရင်းများ ရေးသွင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီ အဖွဲ့ဝင်က မဲစာရင်းများ မှန်ကန်စေရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင် (၄) နှင့် ပုံစံ (၆၆/၆) အိမ်ထောင်စုဇယားများအား ရေးသွင်းပြုစုရာတွင် မှန်ကန်မြန်ဆန်စေရေး အလေးထားဆောင်ရွက်ရန်၊ အင်တာနက်လိုင်းနှင့် လျှပ်စစ်မီးများ ပြတ်တောက်မှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ လယ်ဝေးခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက်၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွေးနှင့် ဝန်ထမ်းများက မိမိတို့တာဝန်ကျဒေသများအလိုက် ခွဲဝေဆောင်ရွက်နေမှုများနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

■



☆ စာမျက်နှာ ၁၇ မှ

လျှို့ဝှက်ထားခြင်းများရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ရသည့်အပိုင်းများရှိကြောင်း၊ အွန်လိုင်းဂိမ်းများကို မိမိတို့က CID နည်းပညာ အကူအညီများဖြင့် စိစစ်ဖော်ထုတ်ပြီး ဆောင်ရွက်နေကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Myanmar Insider Journal မှ အယ်ဒီတာချုပ် ဦးအေးချမ်း**က Social Punishment နှင့်ပတ်သက်ပြီး မြန်မာပြည်က မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများကို တပ်မတော်နှင့်ပတ်သက်ခြင်း၊ တပ်မတော်မိသားစုပိုင်ဖြစ်ခြင်း၊ တပ်မတော်ကို မပုန်ကန်ခြင်းတို့ကြောင့် ကုမ္ပဏီကိုပျက်စီးအောင် Social Punishment လုပ်ခြင်းသည် Digital အကြမ်းဖက်မှုတစ်ရပ်ဖြစ်သည့်အပြင် အွန်လိုင်းမှ မြန်မာ့စီးပွားရေးကို တိုက်ရိုက်ဖျက်ဆီးနေခြင်းဖြစ်ကြောင်း၊ ထိုကုမ္ပဏီများကလည်း နိုင်ငံတော်စီးပွား ပြန်လည်တိုးတက်ရန် အပြည့်အဝ ပြန်လည်ကူညီလုပ်ဆောင်လိုသည့်အချိန်တွင် Social Punishment ၏ ဘေးရန်ကာကွယ်ရန်မရှိသည့်အတွက်ကြောင့် အပြည့်အဝ ပြန်လည်စတင်လုပ်ဆောင်ရန်ခက်ခဲနေကြောင်း၊ ထိုသို့သော မြန်မာကုမ္ပဏီများကို Social Punishment အကြမ်းဖက်မှုမှ ကာကွယ်ရန်နှင့် နောက်နောင် Social Punishment ထပ်လုပ်လျှင် အစိုးရကမည်သို့ကာကွယ်ပေးမည်လဲဆိုသည်ကိုသိလိုကြောင်း၊ နံပါတ်(၂)မေးခွန်းသည် Facebook နှင့်ပတ်သက်ကြောင်း၊ နိုင်ငံတော်ပုန်ကန်ခြင်းဖြစ်စေ၊ သတင်းဦးသတင်းထူးမှားများ ဖြန့်ဝေခြင်းဖြစ်စေ၊ နိုင်ငံတော် ပျက်စီးအောင်လုပ်ဆောင်ခြင်းဖြစ်စေ၊ လူကုန်ကူးခြင်း၊ ဘေးမဲ့တိရစ္ဆာန်ကုန်ကူးမှု၊ ငွေစက္ကူအတု၊ မကောင်းတာမှန်သမျှလုပ်သည့် Platform သည်Facebook ဖြစ်နေသည့်အတွက် Facebook သည် ပိုအကျိုးယုတ်သည်ကို လူအများစုက လက်ခံကြောင်း၊ ၂၀၁၃ ခုနှစ် အင်တာနက်များဖွင့်သည့်အချိန်ကစပြီး မြန်မာကုမ္ပဏီများက Facebook ကြော်ငြာပေါင်းများစွာ သန်းနှင့်ချီ လစဉ်ထည့်ခဲ့ကြောင်း၊ ထိုအတွက် Facebook ကလည်း မြန်မာပြည်အတွက် ဝင်ငွေခွန် တစ်ပြားမှမပေးခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ကောင်းကျိုးနည်းပြီး ဆိုးကျိုးအများကြီးရှိနေသည့် Digital Platform တစ်ခုကို အစိုးရက မည်ကဲ့သို့လုပ်ဆောင်မည်ကို သိလိုပါကြောင်းနှင့် အစိုးရအနေဖြင့် Facebook အား Contacts လုပ်လာစေချင်လျှင် လွယ်လွယ်လေးဖြစ်ကြောင်း၊ မြန်မာကုမ္ပဏီများကို Facebook တွင် ကြော်ငြာထည့်ခြင်းကို ချက်ချင်းပိတ်လိုက်လျှင် Facebook က ၎င်း၏ဝင်ငွေစထိသည်နှင့် အစိုးရကို ဆက်သွယ်လာမည်ဖြစ်ကြောင်းမေးမြန်းသည်။

### အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် လုပ်ပေးမည်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က Social Punishment လုပ်သည့် ကုမ္ပဏီတချို့လည်း ခြိမ်းခြောက်စာပို့ခံရကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာများကို တိုင်ကြားနိုင်သည်ဟု ပြောကြားပြီးဖြစ်ကြောင်း၊ ထူးဆန်းခြင်းတစ်ခုက တိုင်ကြားခြင်းမျိုး သိပ်မတွေ့ရကြောင်း၊ သို့သော် အပြင်တွင် ပြောဆိုခြင်းရှိကြောင်း၊ ၎င်းတို့ မည်သို့လုပ်ခံရကြောင်း၊ တချို့ကြိတ်ပြီး လုပ်ဆောင်သည့် လူများလည်းရှိကြောင်း၊ ယင်းသို့လုပ်ခြင်းမျိုးရှိလျှင် မိမိတို့အနေဖြင့် အရေးယူပေးနိုင်ရန် အသင့်ရှိကြောင်း၊ တစ်ခုတိုက်တွန်းလိုသည်မှာ လက်တွေ့တွင်လည်းမြင်ပြီးဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလလယ်ခန့်မှစပြီး ခြိမ်းခြောက်လာခြင်းဖြစ်ကြောင်း၊ ယခုအချိန်အထိရှိနေကြောင်း၊ လေလှိုင်းပေါ်တွင် ခြိမ်းခြောက်တိုင်း ရပ်နေမည်လားဟုပြောလိုကြောင်း၊ စီးပွားရေးလုပ်ငန်းဖြစ်စေ၊ ဘဝပဲဖြစ်စေ သိပ်ပြီး ရပ်နေရန်အချိန်မရှိဘူးဟု မိမိမြင်ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံရေးအရဖြစ်ကြောင်း ကျန်သည့်နိုင်ငံများက ကုမ္ပဏီများသည်လည်း ခြိမ်းခြောက်မှုနှင့်ကင်းသည်လား၊ စွပ်စွဲမှုနှင့် ကင်းသည်လားဆိုလျှင် မကင်းနိုင်ဘူးဟုမြင်ကြောင်း၊ တချို့အရာများကို အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့်လုပ်ပေးမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့်လည်း ရပ်နေမည်လား၊ သွားနေမည်လားဟု ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ အကုန်လုံးကို အစိုးရက တာဝန်ယူပေးရမည်ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ အစိုးရအနေဖြင့် တတ်နိုင်သမျှ တာဝန်ယူမှုရှိရှိဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ Facebook နှင့်ပတ်သက်ပြီး အကြံပြုခြင်းသည် ကောင်းမွန်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆောင်ရွက်ပေးသွားမည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Bloomberg Myanmar သတင်းဌာနမှ သတင်းထောက် ဒေါ်ပိုးသီဂီကျော်**က လက်ရှိသွင်းကုန်ပါမစ်များကို နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ရမှသာ ဆောင်ရွက်ပေးနေသည်ဟု သိရပါကြောင်း၊ သွင်းကုန်လိုင်စင်ထုတ်ပေးသည်နှင့် နိုင်ငံခြားငွေရောင်းချပေးသည်ဟု သိရပါကြောင်း၊ တစ်ဒေါ်လာကို ၁၈၅၀ ကျပ် သတ်မှတ်လိုက်သည့် ဧပြီလမှစ၍လက်ရှိအချိန်အထိသွင်းကုန်ကဏ္ဍအတွက် အမေရိကန်ဒေါ်လာ မည်မျှရောင်းချပေးခဲ့သည်၊ စက်သုံးဆီ၊ စားအုန်းဆီ ကဏ္ဍတစ်ခုချင်းစီတွင် မည်သည့်ဈေးဖြင့်ရောင်းချပေးခဲ့သည်ကို သိလိုပါကြောင်း၊ ဆက်လက်၍ ဒေါ်လာဈေးသည် ဗဟိုဘဏ်က သတ်မှတ်ဈေးနှင့် ပြင်ပပေါက်ဈေး အလွန်ကွာဟနေပါကြောင်း၊ ထိုသို့ကွာဟနေမှုကြောင့် ရောင်းဝယ်မှု၊ ကုန်သွယ်မှု ပြုလုပ်သည့်အခါတွင် အလွန်ခက်ခဲနေကြောင်း၊ အရှုံးပေါ်နေသည်ဟုလည်း သိရပါကြောင်း၊ ယင်းတို့ကို မည်သို့ထိန်းညှိပေးမည့်အစီအစဉ်ကို သိလိုပါကြောင်း မေးမြန်းသည်။

### စီးပွားရေးအရှိန်အဟုန်မြှင့်တင်ရေးအတွက် နိုင်ငံတော်က ချေးငွေပေးမည့်ကိစ္စများ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က စားသုံးဆီ၊ စက်သုံးဆီနှင့်ပတ်သက်ပြီး ရောင်းချပေးခဲ့သည်များရှိကြောင်း၊ ယခုထိရောင်းချပေးမှုပေါင်း အကြမ်းဖျဉ်းအနေဖြင့် ဒေါ်လာ ၂၀၈၀ သိန်းခန့် ရောင်းချပြီးဖြစ်ကြောင်း၊ စက်သုံးဆီအနေဖြင့် ဒေါ်လာ ၁၂၅၀၀ သိန်းကျော် ရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်လာဈေး/ရွှေဈေး တည်ငြိမ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုကြီးကြပ်ရေးကော်မတီက ဦးစီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ပေါက်ဈေးဖြင့် ချိန်နေသည်များရှိကြောင်း၊ တချို့ရွှေဈေးများသည်အပြင်တွင် အခြေအနေတစ်ရပ်ကြောင့် ကမ္ဘာ့ရွှေဈေးကျနေသော်လည်း မြန်မာ့ရွှေဈေးမြင့်တက်နေသည့် အနေအထားမျိုးရှိကြောင်း၊ ပြန်လည်တည်ငြိမ်အောင် လုပ်ဆောင်သွားနိုင်မည့် အခြေအနေများလည်းရှိကြောင်း၊ စီးပွားရေးအရှိန်အဟုန်မြှင့်တင်ရေးအတွက် နိုင်ငံတော်က ချေးငွေပေးမည့်ကိစ္စများရှိကြောင်း၊ ထိုချေးငွေပေးမည့်ကိစ္စများဖြင့် စတင်ဆောင်ရွက်နိုင်မည်ဆိုပါက အခြေအနေတစ်ခုအထိ တည်ငြိမ်သွားနိုင်မည်ဟု မိမိတို့မျှော်လင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**People Media Agency မှ သတင်းထောက်ချုပ် ဦးကျော်စိုးဦး**က စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသည့် ရှမ်းနီများ၊ ကချင်ပြည်နယ်တွင်နေထိုင်သည့် ရှမ်းနီများသည် ၎င်းတို့ဒေသလုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့လိုကြကြောင်း၊ ၎င်းတို့ ပြည်သူ့စစ်ဖွဲ့မည်ကို နိုင်ငံတော်အနေဖြင့် မည်သည့်သဘောထားရှိသည်ကို တိုင်းရင်းသားခေါင်းဆောင်တချို့ သိလိုကြကြောင်း၊ လက်ရှိ ဇူလိုင်လအတွင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုဖြင့် Passport လျှောက်ရန် အကျိုးဆောင်ပေးသည့် အမျိုးသမီးတစ်ဦးကို သက်ဆိုင်ရာက ဖမ်းဆီးပြီး ၎င်းအမျိုးသမီးနှင့်သက်ဆိုင်သည့် တာဝန်ရှိရဲတပ်ဖွဲ့ဝင် နှစ်ဦးကို ထိန်းသိမ်းစစ်ဆေးနေသည်ဟု သတင်းများထွက်ပေါ်နေပါကြောင်း၊ ယင်းသတင်းနှင့်ပတ်သက်ပြီး မှန်/မမှန်သိလိုကြောင်း၊ မှန်သည်ဆိုပါက နိုင်ငံတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ဒေသခံတပ်ရင်းများမှတစ်ဆင့် ဆက်သွယ်၍ ဆောင်ရွက်နိုင်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ပြည်သူ့စစ်ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ရှင်းပြခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့စစ်ကို ဒေသများ၊ တိုင်းရင်းသားများက လိုအပ်ပါက တိုင်းစစ်ဌာနချုပ်များဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ရှိပါကြောင်း၊ ပြန်လည်စိစစ်ခြင်း၊ လိုအပ်သည့်ကူညီထောက်ပံ့မှုပေးခြင်း၊ သင်တန်းပေးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းဒေသနှင့် သက်ဆိုင်သည်မှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့က သက်ဆိုင်မည်ထင်ပါကြောင်း၊ ဒေသခံတပ်ရင်းများမှတစ်ဆင့် ဆက်သွယ်၍ ဆောင်ရွက်နိုင်သည်ဟု ပြောလိုပါကြောင်း၊ Passport ကိစ္စနှင့်ပတ်သက်၍ ခေါ်ယူစစ်ဆေးနေခြင်းများရှိကြောင်း၊ ခေါ်ယူစစ်ဆေးနေသည့် ပွဲစားများ ၊ တချို့ဝန်ထမ်းများရှိကြောင်း၊ စစ်ဆေးမှု မပြီးသေးသည့်ကာလအတွင်း တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားမည်မဟုတ်ကြောင်း၊ Passport ကိစ္စတွင် မသမာမှုရှိခြင်းနှင့် Passport လုပ်ရာတွင်နှောင့်နှေးကြန့်ကြာမှုရှိခြင်းတို့ကို မူတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# အုတ်ချပ်၊ သဲပွင့်ပေါင်းများစွာမှသည် နိုင်ငံတော်၏ ခွန်အားထုဆီသို့…

**နွေကံ့ကော်(မြို့လှ)**

နေပြည်တော်မြို့ကြီးက ဇူလိုင်လလယ်ကာလအတွင်း ပိုမိုစိမ်းစိုနုပျိုနေသည့်အသွင်ဆောင်နေပါသည်။ မိုးနှင့်အတူ စိမ်းစိုနေသည့် သစ်ပင်ပန်းမန်များ၊ လယ်ကွင်းစိမ်းစိမ်းများနှင့် ပန်းရနေသည့် နေပြည်တော်မြို့ပြသရုပ်အား အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော ၂၀၁၉–၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် မောင်မယ်လေးများ၏အဖြူ၊အစိမ်းဝတ်စုံလေးများက ပိုမိုအားဖြည့်ထားခဲ့ပါသည်။ စိမ်းစိုအေးမြနေသော ရာသီနှင့်အတူ တိုင်းပြည်အေးချမ်းခြင်းနိမိတ်ပုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ တိုင်းပြည်အနာဂတ်မောင်မယ်လေးများ၏ ရုပ်ပုံလွှာများကို မြင်ရသဖြင့် စာရေးသူရင်ထဲတွင်လည်း ချမ်းမြေ့ကြည်နူးမိပါသည်။

**ဆုချီးမြှင့်ပွဲ မှတ်တမ်းပုံရိပ်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဘက်စုံပညာထူးချွန် လူငယ်များအား ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ ဆုချီးမြှင့်ပွဲ မှတ်တမ်းပုံရိပ်များတွင် ဆုလက်ခံရယူသူ၏ရှေ့တွင် မိဘအမည် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသဖြင့် ဝမ်းသာပီတိဖြစ်မိခဲ့သည်။ မိမိတို့၏ကြိုးစားမှုဖြင့် မိဘကို ဂုဏ်တင့်အောင်ဆောင်ရွက်ပေးခဲ့သော မောင်မယ်လေးများ ပါလားဟူသောအတွေး ရင်ထဲရောက်လာခဲ့သည်။ ဆုလက်ခံရယူစဉ်နှင့် နေပြည်တော်သို့ရောက်ရှိပြီး လေ့လာရေးခရီးများသွားရောက်ခဲ့ကြစဉ် မောင်မယ်လေးများ၏ မျက်နှာလေးများသည် ကျေနပ်ဂုဏ်ယူမဆုံး တပြုံးပြုံးရှိနေခဲ့ကြသည်။ ရရှိသည့်ဆုကြေးငွေတို့ထက် ဆုလက်ခံရယူရသည့် မှတ်တမ်းနှင့် အနယ်နယ် အရပ်ရပ်မှ သူငယ်ချင်းတို့နှင့် ဆုံတွေ့ရခြင်း အတွေ့အကြုံဗဟုသုတများ တိုးပွားခြင်းတို့က ပိုမိုတန်ဖိုးထားစရာများဖြစ်ခဲ့သည်။

မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများ ထိုသို့ဆုလက်ခံရယူသည့်မြင်ကွင်းနှင့် ထူးချွန်မှုကြောင့် ရရှိလာသောအခွင့်အရေးများ အပေါ် ကြည့်ကာ ဝမ်းသာပီတိများ တဖွားဖွားဖြစ်နေမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ဤနေရာတွင် စာရေးသူအနေဖြင့် လောကနီတိပါ အဆိုအမိန့်လေးတစ်ခုကို သတိရမိလိုက်၏။

(က) မိဘတို့သည် သားသမီးကို ငယ်စဉ်ကပင် အတတ်ပညာကို သင်ပေးရာ၏။

(ခ) အတတ်ပညာကို သင်မပေးခဲ့မူ ဟင်္သာတို့အလယ်၌ ဥဗျိုင်းငှက်သည် မတင့်တယ်သကဲ့သို့ ပရိသတ်ဗိုလ်ပုံအလယ်၌ မတင့်မတယ်ဖြစ်ရာ၏။

(ဂ) အတတ်ပညာ ကင်းမဲ့သောကြောင့် သားနှင့် မိဘတို့သည် ရန်သူသဖွယ် ဖြစ်လာရ၏ဟူသော အဆိုအမိန့်ပင်ဖြစ်ပါသည်။

“မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်” တည်းဟူသော မိဘကျင့်ဝတ်ပါအတိုင်း သားသမီးများကို အတတ်ပညာသင်ပေးသော




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မိဘများကြောင့် သားသမီးတို့ လမ်းကြောင်းမှန်ပေါ်ရောက်ကြရသည်။ ထို့နောက် ကိုယ်စိုက်သောအပင် ကိုယ်ပြန်ရိတ်သိမ်းရသည်ဟူသော စကားအတိုင်း ကြိုးစားမှုနှင့်ထိုက်တန်စွာ အောင်မြင်မှုများရလာကြသည်။ ယနေ့ မောင်မယ်တို့၏ အောင်မြင်မှုအသီးအပွင့်များသည် နိုင်ငံတော်အတွက် အထောက်အပံ့ဖြစ်စေမည့် ခွန်အားထုများဖြစ်ပေသည်။ သားသမီးကို ငယ်စဉ်ကတည်းက အတတ်ပညာ၊ အသိပညာများ မသွန်သင်ခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ငယ်စဉ်က နားထောင်ဖူးခဲ့သည့် မိခင်နားရွက်ပြန်ကိုက်သော လုလင်၏လုပ်ရပ်ကို နားထဲပြန်ကြားယောင်မိသည်။ ထိုသားအမိဥပမာသည် အထက်တွင် တင်ပြခဲ့သည့် လောကနီတိပါ နောက်ဆုံးအချက်နှင့် ကိုက်ညီနေသည်ကို တွေ့ရှိရပါသည်။

**ပညာရေးလမ်းကြောင်းကို လျှောက်လှမ်းချင်သော အဖိုးတန်မျိုးဆက်သစ်**

ကိုယ်စိုက်သောအပင်ကို ကိုယ်ပြန်ရိတ်သိမ်းခွင့်ရသော မောင်မယ်လေးများကိုကြည့်၍ သူတို့အတွက်၊ သူတို့မိဘများအတွက် ဝမ်းသာပီတိ ဖြစ်မိသလို အနာဂတ်နိုင်ငံတော်အတွက်လည်း အားရကျေနပ်မိပါသည်။ တစ်ဆက်တည်းအားဖြင့် မိဘနှင့်သားသမီး ရန်သူမည်အောင် ဆောင်ရွက်နေသည့် လူသားတချို့အတွက် စိတ်မကောင်းဖြစ်မိပါသည်။ တစ်ချိန်က အတန်းတူသူငယ်ချင်းများ တစ်ဆင့်မြင့်အတန်းများကို ရောက်ရှိသွားကြချိန်တွင် အမိအဘတို့၏ အမျိုးသားနိုင်ငံရေးအသိအမြင်မကြွယ်ဝမှုများက သားသမီးများကို မျက်နှာငယ်စေခဲ့ရသည်။ ဧကန်စင်စစ် ကလေးငယ်များသည် အဖြူထည်လေးများဖြစ်ကြ၏။ စာသင်ကျောင်းထဲတွင် သူငယ်ချင်းများနှင့် ပြေးလွှားဆော့ကစားချင်သည်။ သူများစာရလျှင် ကိုယ်လည်းစာရချင်သည်။ သူများတစ်တန်းတက်လျှင် ကိုယ်လည်းတစ်တန်းတက်ချင်သည်။ အပြစ်ကင်းပြီး ပညာရေးလမ်းကြောင်းကိုလျှောက်လှမ်းချင်သောအဖိုးတန်မျိုးဆက်သစ် အချို့ မိဘတို့၏ လွဲမှားသည့်ခံယူချက်များကြောင့် ပညာရေးအခွင့်အလမ်းကောင်းများ ဆုံးရှုံးကြရသည်။ အချိန်ဆိုသောယန္တရားကြီးက ရပ်တန့်နေမည်မဟုတ်သောကြောင့် မျက်စိမှိတ်လျက် အမှောင်တွင် တိုးနေသမျှ မိမိတို့သားသမီးများက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူငယ်ချင်းများကို ဆရာဟု ပြန်ခေါ်ကြရပါလိမ့်မည်။ ထို့မှတစ်ဆင့် တက်သော် ခေတ်သစ်နားကိုက်ခံရသည့်မိဘများ ဖြစ်လာကြပါလိမ့်မည်။ ဤသည်ကို မိဘများ သတိချပ်စေလိုပါသည်။

**မိဘများအနေဖြင့် ပညာကိုသာ အကောင်းဆုံးအမွေပေးတတ်**

မနှစ်ကနှင့်စာလျှင် ယခုနှစ်မှာတော့ ကျောင်းတက်သူဦးရေများ ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။ နိုင်ငံတော်အတွက် အပေါင်းလက္ခဏာပင် ဖြစ်ပါသည်။ သို့သော် ဟိုမျှော်ဒီမျှော်ဖြင့် မျှော်မဝတဲ လုပ်နေသူများလည်း ကျန်ရှိနေပါသေးသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိတ်ရှည်သည်းခံမှုအပြည့်ဖြင့် လမ်းကြောင်းမှန်ပေါ်ပြန်ရောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသည့်တိုင် အချို့က မိုက်တွင်းနက်ပြီးရင်းနက်နေကြဆဲ ဖြစ်ပါသည်။ သူတို့ မိုက်တွင်းနက်ရာသို့ ကျွန်ဝယ်ရာ အဆစ်ပါသူက သားသမီးရင်သွေးရတနာများပင်ဖြစ်ကြပါသည်။ သားသမီးရှေ့ရေး အမှန်တကယ် ပူပင်တွေးတောကြသည့် မိဘများအနေဖြင့် ပညာကိုသာ အကောင်းဆုံးအမွေပေးတတ်ကြပါသည်။ နိုင်ငံရေးနှင့် ဘာသာရေး၊ ပညာရေးကို ခွဲခြမ်းစိတ်ဖြာနိုင်မှသာ မိဘဆရာကောင်းများဟု ဆိုနိုင်မည်ဖြစ်၏။ မြန်မာဆိုရိုးစကားတွင် သားသမီးမကောင်း မိဘခေါင်းဟုသာ ရှိပါသည်။ သားသမီးများ မကောင်းမှုတစ်ခုခုပြုလုပ်မိပါက မိဘတို့ဆီသာ ရောက်လာတတ်စမြဲမို့ လမ်းကောင်းလမ်းမှန် ရောက်စေရေးကိုသာ ရောက်စေလိုကြသည်။ မိဘတိုင်း သားသမီးကို ကောင်းစားစေချင်ကြသည်။ အောင်မြင်စေချင်သည်။ တိုးတက်စေချင်ကြသည်။ အများနှင့်ယှဉ်လာလျှင် သာစေချင်သည်။ ထိုသို့ဖြစ်အောင် ပံ့ပိုးမှုများဆောင်ရွက်ပေးသဖြင့် ယနေ့တွင် နိုင်ငံတော်အကြီးအကဲက ချီးမြှင့်သည့်ဂုဏ်ပြုဆုများကို ရရှိခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း အောင်မြင်မှုအလိုက် ချီးမြှင့်ခြင်းများ ပြုလုပ်ပေးခဲ့သည်။ ကြည့်ရှုခွင့်ရသည့်မျိုးဆက်သစ်မောင်မယ်လေးများအနေဖြင့်လည်း အားကျနေမည်မှာမလွဲပင်ဖြစ်၏။

> **ခေတ်သစ်ကာလတွင် မိခင်ကိုနားကိုက်သောလူငယ်ကို ရာဇဝင်ပုံပြင်ထဲမှာသာ ထားခဲ့လိုပါသည်။ ထိုသို့သောလူငယ်များ တိုးပွားလာမည်ကို မလိုလားပါချေ။ မိဘမကောင်း သားသမီးခေါင်းဟူ၍လည်း မဖြစ်စေလိုပေ။ တကယ်တော့ ရေနှင့်တူသော လူငယ်လူရွယ်များမှာ အပြစ်ကင်းလှပြီး သူတို့ကို ရောစပ်လာမည့် အရောင်များကသာ အဓိကဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ရှေ့တန်းတင်လျက် ပညာဖြင့်သာ ထုဆစ်ပုံဖော်မည့် အနာဂတ်နိုင်ငံတော်တွင် မျိုးဆက်သစ်မောင်မယ်တည်းဟူသော အုတ်ချပ်များ၊ သဲပွင့်များ၏အားက အဓိကကျသဖြင့် ထိုအုတ်ချပ်များ၊ သဲပွင့်များ အလေအလွင့်မရှိစေရေး လက်ဦးဆရာများက ထိန်းသိမ်းစောင့်ရှောက်ရမည်**

ခေတ်သစ်ကာလတွင် မိခင်ကိုနားကိုက်သောလူငယ်ကို ရာဇဝင်ပုံပြင်ထဲမှာသာ ထားခဲ့လိုပါသည်။ ထိုသို့သောလူငယ်များ တိုးပွားလာမည်ကို မလိုလားပါချေ။ မိဘမကောင်း သားသမီးခေါင်းဟူ၍လည်း မဖြစ်စေလိုပေ။ တကယ်တော့ ရေနှင့်တူသော လူငယ်လူရွယ်များမှာ အပြစ်ကင်းလှပြီး သူတို့ကို ရောစပ်လာမည့် အရောင်များကသာ အဓိကဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ရှေ့တန်းတင်လျက် ပညာဖြင့်သာ ထုဆစ်ပုံဖော်မည့် အနာဂတ်နိုင်ငံတော်တွင် မျိုးဆက်သစ်မောင်မယ်တည်းဟူသော အုတ်ချပ်များ၊ သဲပွင့်များ၏အားက အဓိကကျသဖြင့် ထိုအုတ်ချပ်များ၊ သဲပွင့်များ အလေအလွင့်မရှိစေရေး လက်ဦးဆရာများက ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပုံပြင်

## မုဆိုးမနှင့် ကြက်မ

## ကြက်ဖနှင့် ကျောက်မျက်ရတနာ

မင်းယုဝေ

**မုဆိုးမနှင့် ကြက်မ**

တစ်ခါသော် မုဆိုးမတစ်ဦးသည် ကြက်မတစ်ကောင်ကို မွေးမြူကာ ကြက်ဥရောင်း၍ အသက်မွေးသည်။ တစ်နေ့သော် သူသည် အတွေး တစ်ခု တွေးမိလေသည်။ ထိုအတွေးမှာ...

"ငါ၏ကြက်မသည် ယခုအခါ တစ်နေ့လျှင် တစ်ကြိမ်သာ ဥဥနိုင်သည်။ ယခုထက်ပိုမို၍ အစာအာဟာရများ ကျွေးမွေးလျှင်မူ ကြက်မသည် တစ်နေ့နှစ်ကြိမ်ခန့် ဥဥနိုင်ပေလိမ့်မည်"ဟူ၍ဖြစ်သည်။ သူသည် ဤသို့တွေးမိသည့်အလျောက် သူ့ကြက်မအား မုယောစပါးများကို ပိုမိုကျွေးမွေးလေသည်။ ဤသို့ဖြင့် ကြက်မသည် တစ်နေ့တခြား တစ်သွေး တစ်မွေးဖြစ်ကာ ဝဖြိုးလာလေသည်။ ဝသည်ထက် ပိုဝလာပြီးလျှင် ကြက်မသည် ဥမဥနိုင်တော့ပေ။ အမြဲတမ်းလဲလျောင်း၍သာ နေပေတော့သည်။ မုဆိုးမလည်း အထင်နှင့်အမြင်လွဲပြီး နောင်တကြီးစွာ ရမိလေတော့သည်။

**ကြက်ဖနှင့် ကျောက်မျက်ရတနာ**

တစ်ခါသော် ကြက်ဖတစ်ကောင်သည် ကြက်မတစ်အုပ်နှင့်အတူ လယ်ကွင်းအတွင်း အစာရှာဖွေလျက်ရှိသည်။ သူသည် အစာယက်ရင်း ကောက်ရိုးအောက်တွင် တန်ဖိုးရှိသော ကျောက်မျက်ရတနာတစ်လုံးကို တွေ့လေသည်။ သူသည် ထိုကျောက်မျက်ရတနာအား ကြည့်ရင်း...

"သင်ဟာ တကယ်ကို တန်ဖိုးရှိတဲ့ကျောက်မျက်ရတနာတစ်ခုပါ။ ဒါကို သံသယရှိစရာမလိုပါ။ သင်ဟာ ကျွန်ုပ်ရရှိတဲ့ ဆုလာဘ်တစ်ခုလည်း ဖြစ်မှာပါ။ သို့သော် သင်မည်မျှပင်တန်ဖိုးရှိပါစေ၊ ကျွန်ုပ်အတွက်မူ မုယောစပါးနှင့် ပြောင်းလောက် တန်ဖိုးမရှိပါ။ ကျွန်ုပ်အတွက် ကမ္ဘာပေါ်တွင် တန်ဖိုးအရှိဆုံးရတနာမှာ မုယောစပါးနှင့် ပြောင်းတို့သာ ဖြစ်ပါသည်"ဟု ဆိုလိုက်လေသည်။ ကြက်ဖကား စဉ်းစားချင့်ချိန်ဉာဏ် အပြည့်ရှိပေသည်။ အချို့သောလူတို့သည်မူ မိမိတို့အတွက် မည်သည့်အရာက တန်ဖိုးရှိသည်၊ မရှိသည်ကို နားမလည်နိုင်ကြပေ။

## နတ်နှင့် ကျေးတောသား

တစ်ခါသော် ကျေးတောသား တစ်ယောက်သည် မြင်းလှည်းပေါ်တွင် ဝန်များတင်၍ လမ်းတစ်လျှောက် ပေါ့ဆစွာ မောင်းနှင်လာခဲ့သည်။ တစ်နေရာအရောက်၌ လှည်းဘီးများသည် ရွှံ့ထဲသို့ကျရောက်ကာ နစ်သွားလေသည်။ သူ၏မြင်းများမှာလည်း ရှေ့သို့ရောက်အောင် မရုန်းနိုင်ကြတော့ပေ။

ထိုအခါ ကျေးတောသားသည် မည်သည့်အားထုတ်မှုနှင့် လုံ့လစိုက်ထုတ်မှုမှမရှိဘဲ နတ်တို့ကိုသာ တမ်းတကာ သူ့အား အကူအညီပေးရန် တောင်းဆိုနေသည်။ ထိုစဉ် နတ်တစ်ပါးရောက်ရှိလာပြီး ကျေးတောသားအား...

"သင်သည် မည်သည့်အားထုတ်မှုမှ မပြုလုပ်ဘဲ နတ်တို့ကိုသာ ဆုတောင်းနေပေသည်။ ဆုတောင်းနေမည့်အစား သင်၏ပခုံးများဖြင့် အားထည့်ကာ လှည်းဘီးအားတွန်း၍ရုန်းပါလေ။ ကောင်းကင်ဘုံမှ နတ်များသည် မိမိကိုယ်ကို အားကိုးသူများကိုသာ စောင့်ရှောက်ကြပေသည်"ဟု ပြောဆိုလိုက်လေသည်။

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

## ကဗျာ

### လှည့်စားမှု ရောင်ခြည်ရိပ်ဝယ်


**စံပယ်ပန်းက လန်းကြူကြူ။**
**ကြယ်ပြာပွင့်က ပြုံးမူမူ။**
**ညမှောင်မှာ လရောင်ပြက်တော့**
**ဖွေးညက်ညက်ဖြူ။**
**မဝေခွဲနိုင်ဘု**
**စိတ်ထဲက အတူတူ**
**ထင်ယူမိ တစ်ဦး။**
**မလှည့်စားပါနဲ့**
**မှောင်ပါးကာ ငွေရည်ပြယ်လို့**
**နေခြည်ခြယ် လင်းရောင်ပေးရင်(ဖြင့်)**
**အသွေးမြင် အဆင်သိမှာမို့**
**နဂိုသွင် မင်းဇာတိကို**
**ဝိလုပ်သင့်ဘူး။**

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)



လူမှုဘဝ

# လူငယ်များနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

လူငယ်များအနေဖြင့် မိတ်ဆွေသူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိသူများကို တွေ့ဖူးကြပေမည်။ သူတို့တွင် ကိုယ်ပိုင်အစွမ်းအစများ ရှိကြသည်။ လူငယ်များသည် မိမိတို့ဘဝအတွက် လှုပ်ရှားတက်ကြွနေသော ဖွဲ့လုံ့လများရှိနေလျှင် ဘဝအဓိပ္ပာယ် ပီပြင်ပေမည်။ လူငယ်များ၏ဘဝအောင်မြင်ပျော်ရွှင်မှု အပြည့်အဝရရှိရေးအတွက် လိုအပ်သည်မှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု (Self Confidence) ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၏ လျှို့ဝှက်ချက်သည် မိမိကိုယ်မိမိ ယုံကြည်ရန်ပင်ဖြစ်သည်။ ဘဝခရီးလမ်းလျှောက်လှမ်းနေရသောအခါ မိမိကိုယ်မိမိယုံကြည်မှုရရှိရန် လိုအပ်သည်။ အချို့သောလူများက ကျန်းမာရေးကောင်းမွန်ပြီး အဆက်အသွယ်ကောင်းမွန်ကာ ငွေအမြောက်အမြားရှိနေသောအခါ သူတို့ကိုယ်သူတို့ ယုံကြည်မှုရှိနေကြသည်။ သို့သော် ဘဝဟူသည် ယင်းသို့ အမြဲဖြစ်မနေချေ။ လူငယ်များအနေဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိနေလျှင် ဘဝခရီးအတွက် ပျော်ရွှင်မှုရရှိနေမည်ဖြစ်သည်။ ထို့အပြင် လူငယ်များသည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရရှိရေး တည်ဆောက်နိုင်ရမည်။

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု တည်ဆောက်ရန်အတွက် အဆင့် သုံးဆင့် ရှိသည်။

**(၁) ပျော်ရွှင်ခြင်းဟူသော ပထမအဆင့်**

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၏ ပထမအဆင့်မှာ ပျော်ရွှင်ခြင်း(Happiness) ဖြစ်သည်။ ဆိုလိုသည်မှာ လူငယ်များအနေဖြင့် ကြည်လင်ပြတ်သားသော ရည်မှန်းချက်များဖြင့် စိတ်ပျော်ရွှင်မှုရှိနေရမည်ဖြစ်သည်။ စိတ်ပျော်ရွှင်မှုဆိုသည်ကလည်း သင်လုပ်ချင်ရာလုပ်ဖို့ ဖြစ်သည်။ မိမိဘဝကို အောင်မြင်စေဖို့ မိမိလုပ်ချင်ရာလုပ်နိုင်ဖို့ အရေးကြီးသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက မိမိထံသို့အလိုအလျောက်ရောက်ရှိလာမည်ဖြစ်သည်။

ဂျွန်နီးကပ်စ်သည် စိတ်ဓာတ်တက်ကြွသူတစ်ဦးဖြစ်သည်။ သူသည် သူ့ဘဝအတွက် သူနှစ်သက်ရာလုပ်သည်။ သူသည် အပင်များကိုမြတ်နိုးသူဖြစ်ပြီး နိုင်ငံအသီးသီးမှ ပန်းဥယျာဉ်များနှင့် သစ်ရိုင်းများရှိရာသို့ စူးစမ်းလေ့လာရန် ခရီးသွားသည်။ သူ့ကို မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးရန် စာမူတောင်းကြသည်။ သင်ခန်းစာများပို့ချပေးရန်နှင့် အသံလွှင့်ဟောပြောရန် ဖိတ်ခေါ်ကြသည်။

ဂျွန် ဟောပြောသောအခါ ပန်းမကြိုက်သူများလျှင်ပင် ပန်းများကိုချစ်ခင်လာသည်အထိ ဂျွန်ဟောပြောနိုင်သည်။ ဂျွန်သည် ပန်းပင်ရိုင်းများကိုရှာဖွေရန် အဲလ်ပ်တောင်ပေါ် တက်လှမ်းခဲ့ပုံများကိုပြောပြသည်။ ဒစ်နေးကမ္ဘာ (Disney World) ပန်းဥယျာဉ်ကဲ့သို့ ကမ္ဘာ့ထင်ရှားသော နေရာများတွင် သူ လည်ပတ်ခဲ့ပုံများကို ပြောပြသည်။ ထို့နောက် သူ့ခရီးသွားအတွေ့အကြုံများကို ပြောပြသည်။ ဂျွန်သည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိခြင်း၊ သူလုပ်နေသောအရာများတွင် စိတ်အားထက်သန်မှု၊ ဖွဲ့ရှိမှုတို့နှင့်အတူ သူ့ကိုယ်သူ မေ့နေသည်။ ဂျွန် ပျော်နေသည်။ သူလုပ်ချင်ရာ လုပ်ခွင့်ရရှိခဲ့ခြင်းကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသူ ဖြစ်သည်။

**(၂) ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချခြင်းဟူသော ဒုတိယအဆင့်**

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချခြင်းသည် ဒုတိယအဆင့်ဖြစ်သည်။ ဤအဆင့်သည် အလွန်အရေးကြီးသည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိမှသာလျှင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချမှု ရှိလာမည်ဖြစ်သည်။ သို့မှသာ မိမိအလိုရှိရာလုပ်ဖို့ အဆင်ပြေမည်။ သည်လိုနှင့် သင်ပျော်ရွှင်ဖို့ အခွင့်အရေးရလာပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချခြင်းသည် သတ္တိကို မွေးဖွားပေးသည်။

ဗောလ်ဖိစ်သည် ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချသူဖြစ်သည်။ သူကြိုက်နှစ်သက်ရာ ပြုလုပ်ခြင်းဖြင့် အသက်ရှင်နေထိုင်သည်။ ဗောလ်သည် အင်္ဂလိပ်ကျေးလက်တောရွာရှိ ခွေးမွေးထားရာ ခွေးအိမ်ခြံဝင်းထဲတွင် နေထိုင်သည်။ နေရာဒေသအသီးသီးမှလူများသည် သူတို့၏ခွေးများကို ဗောလ်၏ ခွေးခြံဝင်းထဲတွင် လာရောက်ထားရှိကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ခွေးများသည် ဗောလ်၏ ခွေးခြံဝင်းမှ ပြန်လာသောအခါ အလွန်ပျော်ရွှင်လာကြသောကြောင့်ဖြစ်သည်။ အဆိုပါခွေးများသည် ပိုမိုနုပျိုလာပြီး ကျန်းမာလာသည်ကို တွေ့ရှိရသည်။ ဗောလ်၏ခွေးအိမ်ခြံဝင်းတွင်ခွေးထိန်းစောင့်ရှောက်သူများအတွက် နေအိမ်များ အထူးဆောက်လုပ်ပေးထားသည်။ အချို့လူများအတွက် ရုပ်မြင်သံကြားစက်နှင့် ရေဒီယိုထားရှိပေးသည်။ ဗောလ်သည် ခွေးအားလုံးအတွက် အစားအစာကို သူကိုယ်တိုင်ပြင်ဆင်ပေးသည်။ ခွေးတစ်ကောင်ချင်းအား ညမအိပ်ခင် ဂွတ်ဒ်နိုက်ဟုဆိုကာ အနမ်းဖြင့် နှုတ်ဆက်သည်။

ဗောလ်သည် ပျော်ပျော်ရွှင်ရွှင်နေတတ်သော အမျိုးသမီးကြီးဖြစ်သည်။ သူသည် ခွေးများကိုချစ်ပြီး ကျေးလက်ဒေသကို နှစ်သက်သည်။ သူ အလုပ်မှ အနားယူပြီးနောက် သူ နှစ်သက်မြတ်နိုးသော အသက်မွေးမှုကို စတင်လုပ်ဆောင်ခဲ့သည်။ စင်စစ်သူ ယခင်ကလုပ်လိုသောအလုပ်ကို လုပ်နေခြင်းဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချခြင်းသည် စိတ်ဓာတ်ခွန်အားကို ပိုမိုကြံ့ခိုင်စေပြီး တိုးတက်မှုတစ်စုံတစ်ရာကို ရရှိစေသည်။ စတင်ရန်အလွယ်ကူဆုံးနည်းလမ်းမှာ သင့်ကိုယ်သင် ပျော်ရွှင်မှုရရှိရန်ခွင့်ပေးလိုက်ပါ။ သို့မဟုတ်ပါက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု မရရှိနိုင်ပါ။

**(၃) မိမိရည်မှန်းချက်ပန်းတိုင်များကို စိတ်တွင် ရုပ်ပုံကားချပ်လို စွဲမြဲနေခြင်းဟူသော တတိယအဆင့်**


ဤတတိယအဆင့်သည် ရည်မှန်းချက်ပန်းတိုင်များကို စိတ်ထဲတွင် ရုပ်ပုံကားချပ်လို စွဲမြဲနေခြင်းပင်ဖြစ်သည်။ သင့်ရည်မှန်းချက်သည် ပျော်ရွှင်ချမ်းမြေ့မှုပင် ဖြစ်သည်။ ပျော်ရွှင်မှုကို သင်ဘယ်လိုတွေ့ကြုံရသလဲဆိုသည်က သင်လုပ်ချင်ရာကို လုပ်နိုင်ခြင်းပင်ဖြစ်သည်။

တတိယအဆင့်သည် သင်လုပ်ချင်ရာလုပ်ခွင့်ကို ရှာဖွေတွေ့ရှိရန် ကူညီလိမ့်မည်ဖြစ်သည်။ ယင်းသရုပ်ကို စိတ်ပိုင်းဆိုင်ရာရုပ်ပုံဖော်ခြင်း(Mental Picturing) ဟု ခေါ်သည်။ Mental Picturing ဟူသည် စိတ်ဖြေလျှော့ပြီး သင့်စိတ်ကို သင်အလိုရှိရာ အနာဂတ်အတွက် မျှော်မှန်းကြည့်ခြင်းပင် ဖြစ်သည်။ ယင်းသည် သင့်ရည်မှန်းချက်ပန်းတိုင်များ ရရှိအောင်မြင်ရန်အတွက် အလွယ်ကူဆုံးနှင့် အလျင်မြန်ဆုံးနည်းလမ်းပင်ဖြစ်သည်။ အားကစားသမားများသည် အနိုင်ရရှိရန် ယင်းစိတ်ပိုင်းဆိုင်ရာ ရုပ်ပုံဖော်ခြင်းကို အသုံးပြုကြသည်။

ဗိသုကာပညာရှင် ဆာနော်မန်ဖော်စတာ (Sir Norman Fooster)သည် ကြီးကျယ်မြင့်မြတ်သော Mental Picturer ဖြစ်သည်။ သူသည် ဆင်းရဲသော ပတ်ဝန်းကျင်မှ ကြီးပြင်းလာသူဖြစ်၍ ဗိသုကာပညာရှင်ဖြစ်ရန် သင်ကြားလေ့လာရေး စိတ်ကူးစိတ်သန်းသည် သူ့အတွက် မဖြစ်နိုင်ချေ။ သို့ရာတွင် လူငယ်တစ်ဦးအနေဖြင့် သူသည် သူ့ဒေသရှိ စာကြည့်တိုက်တွင် စာအုပ်များဖတ်ရှုပြီး မြင့်မားသော အဆောက်အအုံများနှင့် ခမ်းနားသောမြို့ကြီးများ၏ ရုပ်ပုံများကို ကြည့်ခဲ့သည်။ သူသည် တစ်နေ့တွင် အဆောက်အအုံများကို ဆောက်လုပ်နိုင်ရမည်ဟု ရည်မှန်းထားခဲ့သည်။ သူ့အိပ်မက်သည် လက်တွေ့ဖြစ်လာခဲ့သည်။ သူသည် ကမ္ဘာအနှံ့ အောင်မြင်ကျော်ကြားသော အဆောက်အအုံများကို ဖန်တီးနိုင်ခဲ့သည်။ သူသည် လူအများက ရိုသေလေးစားခြင်းခံရသော ခေတ်မီဗိသုကာပညာရှင်ဖြစ်လာခဲ့ပြီး သူ့လုပ်ဆောင်မှုအတွက် Knight Third ချီးမြှင့်ခြင်းခံရသည်။ Mental Picturing သည် သူ၏အနာဂတ်အတွက် သော့ချက်တစ်ခုအနေဖြင့် အထောက်အကူပြုခဲ့သည်။

အထက်ဖော်ပြပါ အဆင့်သုံးဆင့်ကို လုပ်ဆောင်ခြင်းဖြင့် လူငယ်များတွင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ရရှိလာနိုင်သည်။ ဤသို့ဖြင့် ပျော်ရွှင်မှုနှင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကို ထာဝရပိုင်ဆိုင်လာမည်ဖြစ်သည်။

**Ref: You are Great by Julia Hastyings**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၀၇ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၃၅,၉၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၀၉၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၀-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၀၈,၇၁၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၀၄၇,၃၀၆) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၃၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၈) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၉၅) ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၈၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၂၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၁၇၇) ခု | (၆) ဦး |
| စုစုပေါင်း | (၄,၂၀၇) ခု | (၉) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၃၀-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၀၈,၇၁၃ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၀၄၇,၃၀၆ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၃၀၆၉၈၆၃ | ၈၈၁၀၁၄၄၉ | ၁၀၅၅၀၅၁ |
| ၂။ | အိန္ဒိယ | ၄၄၀၁၉၈၁၁ | ၄၃၃၄၉၇၇၈ | ၅၂၆၃၅၇ |
| ၃။ | ပြင်သစ် | ၃၃၈၂၈၀၄၀ | ၃၂၁၉၀၆၁၅ | ၁၅၁၉၈၃ |
| ၄။ | ဘရာဇီး | ၃၃၈၁၉၄၅၁ | ၃၂၃၀၂၃၁၉ | ၆၇၈၅၃၇ |
| ၅။ | ဂျာမနီ | ၃၀၈၅၃၃၁၂ | ၂၈၈၃၂၀၀ | ၁၄၃၉၇၂ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၆၆၃၁၁၁ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၁၀၀၂၇၇၃ | ၁၉၅၄၄၀၄၄ | ၁၇၂၀၀၃ |
| ၈။ | တောင်ကိုရီးယား | ၁၉၇၇၆၀၅၀ | ၁၈၅၇၇၀၈၂ | ၂၅၀၄၇ |
| ၉။ | ရုရှား | ၁၈၆၀၁၇၁၉ | ၁၇၉၇၅၃၉၈ | ၃၈၂၄၃၃ |
| ၁၀။ | တူရကီ | ၁၅၈၈၉၄၉၅ | ၁၅၄၈၇၄၆၈ | ၉၉၃၄၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၇၉၆၃၂ | ၉၉၁၃၃၉၆ | ၄၃၀၉၃ |
| ၂။ | အင်ဒိုနီးရှား | ၆၂၀၇၀၉၈ | ၆၀၀၁၄၀၂ | ၁၅၆၉၉၃ |
| ၃။ | မလေးရှား | ၄၆၇၇၂၇၀ | ၄၅၉၄၂၉၆ | ၃၅၉၆၀ |
| ၄။ | ထိုင်း | ၄၅၉၀၁၇၆ | ၄၅၃၅၆၃၀ | ၃၁၃၈၈ |
| ၅။ | ဖိလစ်ပိုင် | ၃၇၇၆၆၂၇ | ၃၆၈၂၂၇၈ | ၆၀၇၂၇ |
| ၆။ | စင်ကာပူ | ၁၇၀၈၉၅၀ | ၁၆၁၂၀၄၅ | ၁၄၉၇ |
| ၇။ | မြန်မာ | ၆၁၄၀၉၂ | ၅၉၂၈၉၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၂၃၉ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၅၈၉၀ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၇၈၉ | ၁၃၃၅၁၇ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဇူလိုင် ၃၀ ရက် ညနေပိုင်းတွင် ပုဗ္ဗသီရိတပ်နယ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၁ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၅၄ ကီလိုတန်းနှင့် ၅၇ ကီလိုတန်း (က) အဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ ဂုဏ်ပြုဆု၊ လူသစ်တန်း၊ (က)တန်းနှင့် အလွတ်တန်းအဆင့်ပြိုင်ပွဲများတွင် အကောင်းဆုံးကစားသမားဆုရရှိသူများ၊ အသင်းလိုက် ပထမဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် အသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဇူလိုင် ၂၃ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီး၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး တိုင်း၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်ခြင်း၊ ကျွဲ၊ နွားရောဂါကာကွယ်ဆေးထိုးလုပ်ငန်းနှင့် မေထုန်မဲ့သားစပ် ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ တိရစ္ဆာန်မွေးမြူရေးဇုန်များ ထူထောင်ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်အစာ၊ ဆေးဝါး၊ တိရစ္ဆာန်ထွက်ပစ္စည်းများ စစ်ဆေးခြင်း၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးမြှင့်သရုပ်ပြနှင့် သုတေသနခြံများ ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် ပြည်ပသို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ တင်ပို့နိုင်ရန် ကျန်းမာရေးစစ်ဆေးပေးနိုင်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် ယူနစ်အလိုက် မွေးမြူရေးဆောင်ရွက်ခြင်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ အစားအစာ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ရန်၊ သဘာဝအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းပြီး ဒေသတွင်းကူးစက်ရောဂါများကို စဉ်ဆက်မပြတ်စောင့်ကြည့်၍ ကြိုတင်ကာကွယ်ရေး လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး)သို့ ရောက်ရှိကြပြီး ကျောင်းဆင်း မောင်မယ်များအနေဖြင့် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လက်တွေ့အသုံးချနိုင်မှုနှင့်အတူ နည်းပညာပြန့်ပွားရေးလုပ်ငန်းများတွင် အားကိုးအားထားပြုနိုင်သော အကျိုးဆောင် တောင်သူများဖြစ်စေရေး မျှော်မှန်းပြီး စနစ်တကျလေ့ကျင့်သင်ကြားပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသိပ္ပံကျောင်း၏ လက်တွေ့သင်ကြားမှုအထောက်အကူပြု ဥစားကြက်မွေးမြူရေးခြံများ၊ ဆိတ်မွေးမြူရေးခြံနှင့် ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးကြသည်။

**ဆွေးနွေးမှာကြား**

ညနေပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဧည့်ရိပ်သာ၌ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သီးနှံအလိုက် အကျိုးအမြတ်အများဆုံးရရှိသည့် စိုက်ပျိုးရေးနည်းစနစ်များကို ပညာပေးဆောင်ရွက်ရန်လိုအပ်ချက်များ၊ ငါးသယံဇာတများ ထိန်းသိမ်းရေး၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်အခြေခံသော တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှုဖွံ့ဖြိုးလာစေရေးနှင့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဆည်ရေများအလေအလွင့်မရှိ စနစ်တကျသုံးစွဲနိုင်ရေးစီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ ရာသီအလိုက် စိုက်ပျိုးမည့်သီးနှံပုံစံရေးဆွဲရာ၌ သီးနှံ၏သက်တမ်းနှင့် ရေလိုအပ်ချက်ကို တွက်ချက်ရန်နှင့် ရေသွင်းစနစ်များ ချိန်ညှိဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာအလုပ်သမားများ MoU စနစ်ဖြင့် အလုပ်လုပ်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ကော့သောင်း ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများစေလွှတ်ရေး လုပ်ငန်းစဉ်အရ ယမန်နေ့မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား အမျိုးသား ၂၀၊ အမျိုးသမီး ၇၉ ဦးတို့သည် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား Golden Royal Mandalay Co.,Ltd. မှ ထိုင်းနိုင်ငံရှိ Westcom Co.,Ltd. သို့ နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့်ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းခရိုင်ရုံးနှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးကြပြီး အလုပ်အကိုင် ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်မည့် ကုမ္ပဏီသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

**အဝါရောင်အဆင့်**

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

**လိမ္မော်ရောင်အဆင့်**

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

**အနီရောင်အဆင့်**

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

**အညိုရောင်အဆင့်**

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

**အစိမ်းရောင်အဆင့်**

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# ပြည်နယ်အဆင့် ဌာနဆိုင်ရာဘောလုံးအသင်းနှင့် မွန်ပြည်နယ် လက်ရွေးစင်လူကြီးဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးအားကစားပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၃၁**

မွန်ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်စေရေးနှင့် စိတ်ဓာတ်ရေးရာ မြင့်မားစေရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ကျင်းပပေးခြင်းအပြင် အသက်အရွယ်အလိုက် အားကစားလေ့လာလိုက်စားနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၉ ရက် ညနေပိုင်းက မော်လမြိုင်မြို့ Southern Myanmar ဘောလုံးအားကစားကွင်း၌ ကျင်းပသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ ဘောလုံးအသင်းနှင့် မွန်ပြည်နယ် လက်ရွေးစင် လူကြီး (Old Star) ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ဘောလုံးအားကစားပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဘောလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးသည်။

အားကစားသမားများက ကွင်းအတွင်းသို့ နေရာယူကြ၍ အသင်းလိုက် အားကစားသမားတစ်ဦးချင်းစီ မိတ်ဆက်ပေးခဲ့ကြပြီး ဘောလုံးပြိုင်ပွဲကို စတင်၍ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထိုနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖





# ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၄၅ ဦး မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၃၁**

ထိုင်းနိုင်ငံ၌ ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ–ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ၁၄၅ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါဆိုင်ရာများ အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ဆယ်မြို့နယ်အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတို့တွင် ၁၀ ရက်ကြာ အသွားအလာ ရက်ကန့်သတ်ထားရှိကာ ကိုဗစ်–၁၉ ရောဂါပိုးရှိမရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့်တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးမှ အမျိုးသား ၁၁၃ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၁၄၅ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်းဆင်း

**မန္တလေး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်း (၁/၂၀၂၂)ဆင်းပွဲကို ဇူလိုင်၂၉ ရက် နံနက်ပိုင်းက အမရပူရမြို့နယ် နတ်ရေကန် ငါးလုပ်ငန်းစခန်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှ မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနမှ နည်းပြနှင့် ဆရာ ဆရာမများ၊ ငါးမွေးတောင်သူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာန စခန်းတာဝန်ခံနှင့်ဌာနမှ နည်းပြများက သုံးရက်ကြာ သင်ကြားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းက တက္ကသိုလ်များ၊ ငါးမွေးတောင်သူများနှင့် စိတ်ပါဝင်စားသူများအား ငါးမွေးမြူခြင်းနှင့် ဆေးထိုးသားဖောက်ခြင်း နည်းစနစ်များကို စာတွေ့လက်တွေ့ စဉ်ဆက်မပြတ် လက်ဆင့်ကမ်း သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် ပြန်လည်၍လက်ဆင့်ကမ်းဖြန့်ဝေကာ ပြည်သူ့အကျိုးပြု ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကြောင်း သိရသည်။

**မောင်အေးချမ်း**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၃၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၃၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၂၉-၇-၂၀၂၂ ရက်နေ့မှအဆက်**

နွယ်နွယ်ထွန်းသည် လက်ထဲမှအထုပ်ကို ချလိုက်သည်။ ယင်းအချိန်မှာပင် ဒေါ်နွယ်နွယ်သည် နွယ်နွယ်ထွန်းထံ ရောက်သွားကာ ထွေးပွေ့လိုက်သည်။ မျက်ရည်လည်ရွဲ ဖက်လဲတကင်းနှုတ်ဆက်လိုက်သည်။ နောက်တော့ ဦးကျော်ထွန်း၊ မျိုးထွန်းသိန်း။

"အဲလစ်၊ ဒီမှာကြည့်စမ်း"

မျိုးထွန်းသိန်းသည် သူ၏ဇနီးဖြစ်သူ နန်းကိန္နရီအား လူအကြားမှ ဆွဲထုတ်ပြလိုက်သည်။

နွယ်နွယ်ထွန်းက နန်းကိန္နရီအား စူးစိုက်ကြည့်သည်။ မိမိ၏ ရုပ်သွင်ကို မိမိဘာသာ ပြန်လည်မြင်ရသည်သို့ ဖြစ်နေသည်ဟု ထင်သည်။ အရပ်အမောင်းအနေနှင့် နန်းကိန္နရီက အနည်းငယ်ပုသည်ကလွဲ၍ မေးရိုးကျပုံ၊ နှာတံနှင့် နှုတ်ခမ်းတည်နေပုံတို့က တစ်ထပ်တည်းလိုလို တူလှသည်။

"ဒါ၊ ဒါ နန်းကိန္နရီ။ ကိုယ့်အမျိုးသမီး"

နန်းကိန္နရီကလည်း နွယ်နွယ်ထွန်းကို ပင်ကြည့်နေသည်။ နန်းကိန္နရီ၏စိတ်တွင်လည်း လှုပ်ရှားနေသည်။ မိမိနှင့် ရုပ်ဆင်းသွင်ပြင်ချင်းတူသူကို မြင်တွေ့နေရသဖြင့် အံ့သြနေမိသည်။ သည်အကြောင်းကို ကြိုတင်သိရှိထားရလင့်ကစား တကယ်တမ်းဆုံတွေ့ရလေပြီဆိုသောအခါတွင်မူ စိတ်တွင် ဆန်းကြယ်သည်ဟု မထင်၍မရ၊ အံ့သြရခြင်းကို ဖုံးကွယ်ထား၍မရ။

အကယ်၍ နန်းကိန္နရီမှာသာ ကိုယ်ဝန်အရင့်အမာကို လွယ်မထားရလေလျှင် နန်းကိန္နရီနှင့် နွယ်နွယ်ထွန်းတို့သည် အမြွှာညီအစ်မသဖွယ် ဖြစ်နေမည်မှာ မလွဲမသွေပါပေ။

ဗိုလ်မှူးညိုထွန်းကတော့ နွယ်နွယ်ထွန်းနှင့် နန်းကိန္နရီကို စိတ်ထဲမှနေ၍ ဆွေမျိုးစပ်နေသည်။

ဦးကောင်းမိုးနှင့် ဒေါ်သူဇာက ကိုမောင်မောင်ဦးကို မွေးဖွားခဲ့သည်။ ဦးကောင်းမိုးနှင့် မခင်သန်းနွဲ့က နန်းကိန္နရီကို မွေးဖွားခဲ့ပြန်သည်။ ကိုမောင်မောင်ဦးနှင့် နန်းကိန္နရီတို့သည် ဖအေတူမအေကွဲ မောင်နှမများဖြစ်ကြသည်။ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးက နွယ်နွယ်ထွန်းကို မွေးဖွားခဲ့သည်။ သို့ဖြင့် နွယ်နွယ်ထွန်းနှင့် နန်းကိန္နရီတို့မှာ သွေးမဝေးလှ၊ တူအရီးတော်စပ်သည်။ စင်စစ် နန်းကိန္နရီသည် နွယ်နွယ်ထွန်း၏ အဒေါ်တော်နေပေသည်။ နွယ်နွယ်ထွန်းသည် နန်းကိန္နရီ၏ တူမဖြစ်နေရပေသည်။ သို့တိုင်အောင် နွယ်နွယ်ထွန်းသည် နန်းကိန္နရီထက် အသက်အနည်းဆုံး နှစ်နှစ်လောက်ကြီးလိမ့်မည်ထင်ရသည်။

မျိုးထွန်းသိန်းက နွယ်နွယ်ထွန်းကို ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီတို့နှင့်လည်းကောင်း၊ ဗိုလ်မှူးညိုထွန်းနှင့်လည်းကောင်း မိတ်ဆက်ပေးသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အားလုံး၏နောက်တွင်ရှိနေလေရာ သူ၏အလှည့်သည် နောက်ဆုံးဖြစ်နေရသည်။

အစကတော့ တွေ့ပြီဆိုသည်နှင့်တစ်ပြိုင်နက် "သမီး" ဟု ခေါ်လိုက်မည်၊ လှိုက်လှဲဝမ်းသာစွာ ထွေးပွေ့နှုတ်ဆက်လိုက်မည်ဟု စိတ်ကူးထားမိလင့်ကစား တကယ်တမ်း ကြုံဆုံရလေပြီဆိုသောအခါတွင်မူ ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ စောစောကတွေးထားသော အတွေးများ၊ စိတ်ကူးများ လွင့်ပျောက်သွားရသည်။ ဤသည်မှာ သူ၏ရှေ့မှခံနေသော ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်တို့ကြောင့်လည်းဖြစ်မည်။ ပြီးလျှင် မိမိ၏ ရင်နှစ်သည်းချာစင်စစ်ဖြစ်လျက် ယခုတိုင်အောင် တကယ်တမ်းပိုင်ဆိုင်ခွင့် မရှိသေးသည့် အဖြစ်ကို တွေးမိသောကြောင့်လည်း ဖြစ်သည်။

ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်တို့နှင့် နွယ်နွယ်ထွန်းတို့ အချင်းချင်း လှိုက်လှဲဝမ်းသာစွာ နှုတ်ဆက်နေကြသည့်အဖြစ်ကိုကြည့်ရင်း ရင်ထဲမှ နာကျင်လာရသလိုရှိသည်။ အလိုလို ကြေကွဲဝမ်းနည်းလာသည်။ သူသည် လူအုပ်နောက်ကျောဘက်မှနေကာ အရာရာကိုစောင့်ကြည့်နေသည်။

မျိုးထွန်းသိန်းက နွယ်နွယ်ထွန်းကို ဒေါ်ရေနံ့သာခင်ခင်ကြီး ရှေ့မှောက်သို့ ခေါ်လာသည်။ ယခုတော့လည်း သမီးနှင့်မိခင်တို့ မျက်နှာချင်းဆိုင်မိပါပြီ။ တစ်ယောက်ကိုတစ်ယောက် မမှိတ်မသုန် ငေးကြည့်မိလျက်ရှိကြပါပြီ။

"အဲလစ်ရေ၊ ဒါ- ဒါ အဲလစ်ရဲ့ မေမေလေ။ ဒေါ်ရေနံ့သာခင်ခင်ကြီးလေ"

မျိုးထွန်းသိန်း၏စကားသံမှာ အပိုဖြစ်နေသည်။ မျက်နှာချင်းဆိုင်လိုက်မိပြီဆိုကတည်းက ဤသည်မှာ မိမိ၏ မိခင် ဒေါ်ရေနံ့သာခင်ခင်ကြီးဖြစ်မည်ဟု နွယ်နွယ်ထွန်း အလိုလိုသိပြီးဖြစ်နေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်ကလည်း ယင်းသို့ သတိမူနိုင်လောက်အောင်ပင် ထူးခြားနေသည်။ အများတကာတို့နှင့်မတူ။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မာမာတောင့်တောင့်ကြီးဖြစ်နေသည်။ ရင်မှာခုန်လှသည်။ နှလုံးသားများ ပေါက်ကွဲထွက်ရလေတော့မတတ် သွေးလည်ပတ်နှုန်း မြန်ဆန်နေသည်ထင်သည်။

"သမီး၊ သမီး"

ယင်းစကားသံသည် ရင်ထဲမှာတော့ ဂယက်ထန်နေသည်ပင်ဖြစ်ပါသည်။ မိမိတစ်ကိုယ်တည်းအတွက် ယင်းအသံသည် ဘဝင်တိုင်အောင် ညံနေသည်။ သို့တိုင်အောင် အသံသည် လည်ချောင်းကို ဖြတ်သန်းထွက်ပေါ်လာနိုင်ခြင်းမရှိ။ ရင်ထဲမှာသာ တစ်ဆို့တိမ်ဝင်နေသည်။

နွယ်နွယ်ထွန်းကိုယ်တိုင်သည်လည်း သည်သို့သာဖြစ်သည်။

"မေမေ၊ မေမေ" ခေါ်လိုက်ချင်သည်။ အနည်းဆုံး"မေမေ" တစ်ခွန်းတလေကိုပင်ဖြစ်စေ ခေါ်လိုက်မိဖို့ကောင်းသည်။ သို့လင့်ကစား အသံသည် ရင်ထဲမှာသာ မြည်ဟည်းနေသည်။ ပဲ့တင်သံသဖွယ် ပေါ်ပေါက်နေသည်။ နှုတ်ခမ်းဝမှ အသံထွက်ပေါ်လာနိုင်ခြင်းမရှိ။ ရင်ထဲမှာပင် တစ်ဆို့တိမ်ဝင်နေသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆိုင်ကြည့်ကာ တစ်စုံတစ်ခုသော အဓိပ္ပာယ်ကို မျက်ဝန်းများ၌ ရှာဖွေနေမိကြသည့်နှယ် ရှိသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ကတုန်ကယင်ဖြစ်လာသည်။ ဝမ်းသာသည်လား၊ ကြေကွဲသည်လား မပြောတတ်၊ မျက်လုံးအိမ်တွင် မျက်ရည်ကြည်ဝေ့လည်လာသည်။

ဗိုလ်မှူးညိုထွန်းတို့ လူသိုက်သည် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် နွယ်နွယ်ထွန်းတို့အဖြစ်ကိုကြည့်ကာ အံ့အားသင့်နေမိကြသည်။ စကားသံ တစ်စုံတစ်ရာထွက်မလာဘဲ စိန်းစိန်းစူးစူး စိုက်ကြည့်နေကြသည်ကို အားမလိုအားမရဖြစ်နေမိကြသည်။ သမီးဖြစ်သူနှင့် မိခင်တို့၏ ပြန်လည်ဆုံတွေ့ပုံမှာ သည်သို့ဖြစ်လိမ့်မည်မထင်ခဲ့။ အလွန်လှိုက်လှိုက်လှဲလှဲကြီးရှိနေလိမ့်မည်ထင်ခဲ့သည်။ ယခုမူ သည်သို့မဟုတ်။ ကြည့်မြင်ရသည်မှာ ကြေကွဲဝမ်းနည်းဖွယ်ကောင်းနေပြန်လေသည်။

မျိုးထွန်းသိန်းက နွယ်နွယ်ထွန်း၏ ခရီးဆောင်အိတ်နှစ်လုံးကို ကောက်ယူလိုက်သည်။

"အေးအေးဆေးဆေးနားပြီးမှ စကားပြောကြရအောင်လား"

သူ့စကားကြောင့် အားလုံး ပြန်လည်သက်ဝင်လှုပ်ရှားလာကြသည်။

"ဟုတ်တယ်၊ အိမ်ကိုသွားကြရအောင်"

ဗိုလ်မှူးညိုထွန်းက ဝင်ပြောသည်။

သို့ဖြင့် သူတို့အားလုံး လေဆိပ်အဆောက်အဦမှ ထွက်လာခဲ့ကြသည်။ ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်က နွယ်နွယ်ထွန်းကို နှစ်ယောက်ညှပ်၍ ခေါ်သွားရင်း စကားဖောင်ဖွဲ့သွားကြသည်။ သူတို့မှာ အရေးမကြီးသော်လည်း ပြောစရာစကား များစွာရှိပုံရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သမီးဖြစ်သူ၏ ကျောပိုင်းကိုကြည့်ကာ မျက်ရည်ဝဲနေသည်။ အရေးကြီးသော်လည်း ပြောစရာစကား များစွာမရှိသည့် အဖြစ်ကို တွေးနေမိသည်။ စင်စစ်တွင်မူ ပြောစရာစကားတွေက များပြားလွန်းသောကြောင့် ပြော၍မထွက်နိုင်ခဲ့ခြင်းသာဖြစ်သည်။

ကားများဆီသို့ ရောက်လာကြသည်။

"ဒီလို လုပ်ကြရအောင်လားဟင်။ လောလောဆယ်သမီးကို ကျွန်တော်တို့ ခေါ်သွားပါရစေ။ တစ်အောင့်တစ်ဖြုတ်နားပြီးမှ ကျွန်တော်တို့အားလုံး ရေနံ့သာကို လာခဲ့ပါရစေ"

ဦးကျော်ထွန်းက အကြံပြုသည်။

"ကောင်းပါတယ်။ ဒီလိုလုပ်ကြရအောင်လား။ ဦးတို့ရေနံ့သာမှာပဲ ထမင်းစားကြပေါ့။ အားလုံးပြန်လည်ဆုံတွေ့ကြခြင်းအထိမ်းအမှတ်ပေါ့၊ မဟုတ်လား"

ဗိုလ်မှူးညိုထွန်း၏အကြံကို အားလုံးကလက်ခံကြသည်။ ခုနစ်နာရီတွင် ဆုံတွေ့ကြရန် သဘောတူညီကြသည်။

သို့ဖြင့် ဦးကျော်ထွန်း၊ ဒေါ်နွယ်နွယ်၊ နွယ်နွယ်ထွန်း၊ မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့က မော်တော်ကားတစ်စီး၊ ဦးခင်မောင်ညွန့်၊ ဒေါ်ဝင်းရီ၊ ဗိုလ်မှူးညိုထွန်း၊ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့က ကားတစ်စီး နှစ်စီးခွဲလျက် လေဆိပ်မှ ပြန်လာခဲ့ကြသည်။

လမ်းတွင် ဒေါ်ရေနံ့သာခင်ခင်ကြီးက ညည်းညူသလို ဆိုရှာသည်။

"ဝဋ်ကြွေးကတော့ မကုန်တတ်သေးဘူး အစ်ကိုထွန်း။ ဟုတ်တယ်၊ သူနဲ့ပတ်သက်တဲ့ ဝဋ်ကြွေးက မကုန်တတ်သေးဘူး။ သမီးကိုတွေ့လျက်နဲ့ သမီးလို့မှ မခေါ်နိုင်သေးတဲ့ဘဝ၊ သမီးကလည်း မေမေလို့ ခေါ်ဖို့ဝန်လေးတဲ့ဘဝပဲ ရှိသေးတယ် "

သည်တွင် ဗိုလ်မှူးညိုထွန်းက ဖျောင်းဖျသည်။

"ဒါပေမဲ့ အစ်ကိုထွန်းသိတယ် ညီမ။ နှုတ်က ဖွင့်ဟမခေါ်ခဲ့ကြပေမဲ့ နှလုံးသားရဲ့ နက်ရှိုင်းလွန်းလှတဲ့အပိုင်းမှာ ဒီအသံတွေ မြည်ဟည်းနေတယ်ဆိုတာ အစ်ကိုထွန်း သိတယ်။ အဲဒါကို ညီမတို့ရဲ့ မျက်လုံးတွေက ဖော်ပြနေတာ အစ်ကိုထွန်းမြင်ပါတယ်။ အားလုံးကလည်း မြင်နိုင်ကြပါတယ်။ ညီမမှာ ဝဋ်ကြွေးကင်းစင်နေပြီဆိုတာ အားလုံးက သိနေကြပါတယ်။ ဒီအတွက် သံသယဖြစ်မနေပါနဲ့တော့ကွယ်"

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ဦးကောင်းမိုးနှင့် ဒေါ်သူဇာက ကိုမောင်မောင်ဦးကို မွေးဖွားခဲ့သည်။ ဦးကောင်းမိုးနှင့် မခင်သန်းနွဲ့က နန်းကိန္နရီကို မွေးဖွားခဲ့ပြန်သည်။ ကိုမောင်မောင်ဦးနှင့် နန်းကိန္နရီတို့သည် ဖအေတူမအေကွဲ မောင်နှမများဖြစ်ကြသည်။ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးက နွယ်နွယ်ထွန်းကို မွေးဖွားခဲ့သည်။ သို့ဖြင့် နွယ်နွယ်ထွန်းနှင့် နန်းကိန္နရီတို့မှာ သွေးမဝေးလှ၊ တူအရီးတော်စပ်သည်။ စင်စစ် နန်းကိန္နရီသည် နွယ်နွယ်ထွန်း၏ အဒေါ်တော်နေပေသည်။ နွယ်နွယ်ထွန်းသည် နန်းကိန္နရီ၏ တူမဖြစ်နေရပေသည်။ သို့တိုင်အောင် နွယ်နွယ်ထွန်းသည် နန်းကိန္နရီထက် . . .

## အား/ကာသိပ္ပံနှင့် ရန်ကုန်ယူနိုက်တက် ဂိုးမရှိသရေကျ

ရန်ကုန် ဇူလိုင် ၃၁

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ကို ဇူလိုင် ၃၁ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းကို အမီလိုက်ရန် ကြိုးပမ်းရင်း နောက်ထပ်တစ်ပွဲ ခြေချော်ခဲ့ပြီး အား/ကာသိပ္ပံအသင်းနှင့် သရေကျခဲ့သဖြင့် ဒုတိယနေရာမှ တတိယနေရာသို့ ဆင်းပေးခဲ့ရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ အား/ကာသိပ္ပံအသင်းမှာလည်း အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲသရေရလဒ်ကြောင့် ဒုတိယနေရာမှ တတိယနေရာသို့ ဆင်းပေးခဲ့ရသလို ဩဂုတ် ၁ ရက်တွင် ကစားမည့်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသာ အနိုင်ရပါက ငါးမှတ်အထိကွာဟသွားမည်ဖြစ်သည်။

ပွဲစဉ် (၆)တတိယနေ့ကို ဩဂုတ် ၁ ရက် မွန်းလွဲ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

### ○ လီဗာပူးအသင်းမှ

အဲဒီပွဲစဉ်မှာ နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးက ပထမပိုင်း ပွဲကစားချိန် ၂၁ မိနစ်မှာ လီဗာပူးအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့တာကြောင့် ပထမပိုင်းပွဲကစားချိန်အပြီးမှာ လီဗာပူးအသင်းက မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းမှာတော့ မန်စီးတီးအသင်းဟာ ချေပဂိုးနဲ့ အနိုင်ဂိုးရရှိရေးပြင်ဆင်လာခဲ့ရာ ပွဲကစားချိန် မိနစ် ၇၀ မှာ ဂျက်ဂရီယယ်လစ်ရှ်ရဲ့ နေရာမှာ လူစားလဲဝင်ရောက်လာတဲ့ အယ်လ်ဗာရက်ဇ်ရဲ့ သွင်းဂိုးကြောင့် ချေပဂိုးတစ်ဂိုး ပြန်လည်ရရှိခဲ့ပါတယ်။

ဒါပေမယ့် လီဗာပူးအသင်းဟာ ပွဲကစားချိန် ၈၃ မိနစ်မှာ ဆာလာရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ သာမန်ပွဲကစားချိန်ပြီးလို့ နာကျင်အချိန်ပိုလေးမိနစ်မှာ သွင်းယူခဲ့တဲ့ နူနက်ဇ်ရဲ့ သွင်းဂိုးတွေ ထပ်မံရရှိခဲ့တာကြောင့် လီဗာပူးအသင်းက မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ မန်စီးတီးအသင်းကို အနိုင်ရရှိကာ ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ကွန်မြူနတီဒိုင်းကို (၁၆)ကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပြီး ပရီမီယာလိဂ်အသင်းတွေထဲမှာ မန်ယူအသင်းက ကွန်မြူနတီဒိုင်းကို (၂၁)ကြိမ်၊ အာဆင်နယ်အသင်းက (၁၆)ကြိမ် အသီးသီးရရှိထားကာ လီဗာပူးအသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ ကွန်မြူနတီဒိုင်းရရှိမှုအကြိမ်ရေ တူညီသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## ၂၀၂၂ AFF Cup ပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၃၁

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဒေသတွင်း အဆင်မြင့်ဆုံး ပြိုင်ပွဲဖြစ်သည့် ၂၀၂၂ AFF Cup ပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲအတွက် စပွန်ဆာအသစ် ရရှိထားပြီး မစ်ဆူဘီရှီကုမ္ပဏီနှင့် စာချုပ်ချုပ်ထားကာ ယခုနှစ်ကုန် ပြုလုပ်မည့်ပြိုင်ပွဲမှစတင်ကာ Title Sponsor အဖြစ် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ AFF Cup ပြိုင်ပွဲကို ဒီဇင်ဘာလတွင် စတင်ကျင်းပရန် စီစဉ်ထားပြီး ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်းပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈ ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံ သီးခြားရွေးချယ်ခြင်း မရှိတော့ဘဲ ပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ကစားရခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုလည်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။



၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာနှင့် စင်ကာပူအသင်းတို့ တွေ့ဆုံခဲ့စဉ်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ AFF Cup ပြိုင်ပွဲ ကျင်းပမည့်ပုံစံနှင့် ကျင်းပမည့်ကာလကို အရှေ့တောင်အာရှဒေသတွင်း ကိုဗစ်-၁၉ ကပ်ရောဂါအပေါ်မူတည်၍ အတည်ပြုသွားမည်ဖြစ်သည်။

၂၀၂၀ ပြိုင်ပွဲကိုမူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ နှစ်ကုန်ပိုင်းသို့ ပြောင်းလဲကျင်းပခဲ့ရပြီး ပွဲစဉ်အားလုံးကို စင်ကာပူ တစ်နိုင်ငံတည်းတွင်သာ ပြုလုပ်ကာ ထိုင်းအသင်းက ချန်ပီယံဆုရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲအဖြစ် ၂၀၂၂ AFF Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် AFF Cup ပြိုင်ပွဲ(ယခင်ဆူဇူကီးဖလားပြိုင်ပွဲ)တွင် အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးရပ်တည်မှုအဖြစ် ဆီမီးဖိုင်နယ်သို့ နှစ်ကြိမ်သာ တက်ရောက်နိုင်ခဲ့သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

## MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ဩဂုတ်လပထမပတ်တွင် စတင်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနေရှင်နယ်လိဂ်သည် ယခုနှစ်အတွင်း ဒုတိယမြောက် လိဂ်ပြိုင်ပွဲအဖြစ် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဩဂုတ်လပထမပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**ဆက်လက်ကျင်းပမည်**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇွန် ၂၅ ရက်တွင် စတင်ကျင်းပလျက်ရှိပြီး တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးမည့် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်သည်။ ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ဩဂုတ်လပထမပတ်မှ နိုဝင်ဘာလအထိ ကျင်းပမည်ဖြစ်ပြီး အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြိုင်ပွဲဝင်အသင်းများနှင့် ပွဲစဉ်ဇယားကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် မြန်မာ ယူ-၁၉ အမျိုးသားအသင်းနှင့် ယူ-၁၆ အမျိုးသားအသင်းတို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

မြန်မာနေရှင်နယ်လိဂ်သည် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၀ ရာသီကိုမူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပထမအကျော့အပြီးတွင် ဖျက်သိမ်းခဲ့ရပြီး ပြီးဆုံးအောင် ကျင်းပနိုင်ခြင်းမရှိကြောင်း သိရသည်။

**ကိုညီလေး**



၆၀-၆၃ ကီလိုတန်းတွင် ကျော်ကိုကိုဆွေနှင့် နိုင်ရဲလင်းဦးတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ လူရွေးပွဲနှင့် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့တွင်းရှိ လက်ဝှေ့ကလပ်များ၊ GYM များမှ ရွက်ပုန်းသီးလက်ဝှေ့ကျော်များအား ဖော်ထုတ်ရန် ရည်ရွယ်ကာ 360 Sports မှ စီစဉ်ကျင်းပသည့် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ လေးချီ အထူးတွဲဆိုင်းအပါအဝင် တွဲဆိုင်း ၁၁ ဆိုင်းဖြင့် ကျင်းပသည်။

**ယှဉ်ပြိုင်ထိုးသတ်**

အဆိုပါပြိုင်ပွဲ၌ သုံးချီစိန်ခေါ်ပွဲများတွင် အမျိုးသား ၅၀-၅၃ ကီလိုတန်းတွင် ဇင်ကိုထက်(Fighting Fight Club)နှင့် ကဆောထူး(ရိုးရာကျား)၊ ထန်ခ္ခီးရှိန်(ဓွဲမြန်မာ)နှင့် ထက်ဦးလူ(အဖြူရောင်သွေးသစ်)၊ ဂျလ(Python)နှင့် စောကဲဒို(Holy Power)၊ စောပေါ်ထူးနှင့် အောင်လေး၊ ၅၅-၅၈ ကီလိုတွင် ဝိုင်းခန့်အောင်(STL)နှင့် မျိုးဇော်ဇော်(ဓာတိမာန်)၊ ၆၀-၆၃ ကီလိုတန်းတွင် ဇင်နိုင်ဝင်း(BBH)နှင့် ထွယ်ရှောင်(Python)၊ ၆၀-၆၃ ကီလိုတန်း လေးချီပွဲ၌ စောဂျွန်(နဂါးမာန်)နှင့် နိုင်ဝင်းထွန်း(BBH)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြရာ အလူးအလဲဖြင့် ပူးတွဲသရေများဖြစ်ခဲ့သည်။ ထို့ပြင် ၆၀-၆၃ ကီလိုတန်းတွင် ကျော်ကိုကိုဆွေ(Oscar Lethwei Club)နှင့် ရဲလင်းဦး SMART Fight Club (ရွှေဒေါ်ပုံ)တို့ ပြိုင်ပွဲတွင် ရဲလင်းဦးက ကျော်ကိုကိုဆွေကို ဒုတိယအချီ၌ အလဲထိုးနိုင်ခဲ့သည်။ ၆၅-၆၈ ကီလိုတန်း၌ စောကဲ(Yangon Fight Club)က ဓာတ်သွေး (Player one Fight Club)ကို ဒုတိယအချီတွင် အလဲထိုးနိုင်ခဲ့သည်။

ဆက်လက်၍ (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ လူရွေးပွဲ ၄၈ ကီလိုတန်း လေးချီစိန်ခေါ်ပွဲများအဖြစ် ကာဝိ(စက်ရုံ)နှင့် ကျောက်ရိုင်း(ဓမ္မဟေဝန်)တို့ပြိုင်ပွဲတွင် ကျောက်ရိုင်း သွက်လက်မြန်ဆန်သောလက်သီးများကြောင့် ကာဝိ တတိယအချီအထိ အမှတ်စဉ်သုံးကြိမ် ရေတွက်ခံရပြီး ကျောက်ရိုင်း အလဲထိုးနိုင်ခဲ့သည်။ နောက်တစ်ပွဲဖြစ်သည့် ၅၁ ကီလိုတန်း၌ ကျော်ကေ(ရွှေဖူး)နှင့် ကိုကို(စက်ရုံ)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ထိမိကြကာ အမှတ်ပေးစနစ်ဖြင့် ဒိုင်သုံးဦးထဲမှ နှစ်ဦးက ကိုကို(စက်ရုံ)ကို အနိုင်ပေးလိုက်သည်။

**ဗလစိုး**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

## ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ် အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဩဂုတ် ၁ ရက်နံနက် ၇ နာရီ တွင်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ယင်းနေ့မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို ယင်းနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် MRTV Sports Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်ပြီး ၎င်းပွဲစဉ်ကို MRTV HD မှ မွန်းလွဲ ၁ နာရီတွင် Replay ပြန်လည်ပြသခြင်းဖြင့်လည်းကောင်း၊ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်တွင်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV HD နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ဖြင့်လည်းကောင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## စစ်တွေမြို့နယ်ရှိ မင်းသားလေးအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က မုန့်မျိုးစုံထုတ်လုပ်

**စစ်တွေ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မြောက်စံပြ ပြည်တော်သာရပ်ကွက်ရှိ မင်းသားလေး အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက် က ဘာဘာကိတ်၊ မာဘယ်ကိတ်၊ နို့ကိတ်၊ ခေါက်ပေါင်မုန့်၊ ပေါင်မုန့်လုံး၊ ပူတင်းပေါင်မုန့်နှင့် နို့ကိတ်သေးစသည့် မုန့်မျိုးစုံကို အဓိကထုတ်လုပ်လျက် ရှိသည်။

**ဖြန့်ဖြူးရောင်းချလျက်ရှိ**

အသင်းမှ ထုတ်လုပ်ရရှိသော မုန့်မျိုးစုံကို ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကျန်မြို့နယ်များသို့ပါ ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သတင်းစဉ်



## ဇီးကုန်းမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ရှင်းလင်းဆွေးနွေး

**ဇီးကုန်း ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဇီးကုန်းမြို့နယ် သက္ကယ်ချင်းကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆောင်ရွက်ထားရှိမှု အခြေအနေအား ဇူလိုင် ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဆွေးနွေးဟောပြော**

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းက မြစိမ်းရောင်(ငါးကဏ္ဍ)ကျေးရွာကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံပြီး စာရင်းဇယားများ စနစ်တကျထားရှိရေး၊ ချေးငွေအတိုးနှင့်အရင်းတို့အား အချိန်မီပေးဆပ်နိုင်ရေးတို့အတွက် ဆွေးနွေးဟောပြောပြီး ကျေးရွာကော်မတီဝင်များက သိလိုသည်များမေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ရေ ချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာ သင့်ပါသည်**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၂)၊ မြေကွက်အမှတ်(၁၀၅)၊ အကျယ်ပေ(၁၇၀x၂၀၀) ဧရိယာ(၀.၇၈)ဧက၊ နှစ်(၆၀)ဂရန် ထွက်ရှိထားသော မြေနှင့် မြေပေါ်ရှိ နေအိမ် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်သည့်ကို ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးပြည့်ဖြိုးဝင်း(ခ) စိုးစံမင်း(ဘ)ဦးကျော်ဝင်း[၁၂/လမန(နိုင်)၁၀၉၇၂၅]ထံသို့ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေး ဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးအောင်မြသိန်း | ဒေါ်ဆွေဆွေအောင် | ဒေါ်နီနီအေး |
| (စဉ်-၆၂၄၂) | (စဉ်-၁၂၉၁၃) | အထက်တန်းရှေ့နေ |
| (LL.B,D.B.L) | LL.B,D.B.L,D.I.L, | (စဉ်-၄၈၇၈၉) |
| | WIPO(Switzerland) | LL.B,D.I.R,D.I.L, |
| | | D.M.L,D.L (101) |
| | | WIPO(Switzerland) |

**တရားလွှတ်တော်ရှေ့နေများ**

**ရုံးအမှတ်(၉/၁၁)၊ (၁၀၁/ဒီ)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၄၇၄၄၈၊ ၀၉-၇၈၂၁၄၈၁၁၃၊ ၀၉-၂၅၂၀၃၃၃၃၈**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၁၁၀)၊ တတိယထပ်(ယာ)နေအိမ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ဝါဝါစိုး [၁၂/ဗတထ(နိုင်)၀၃၄၉၄၆] ၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်လေးဖြူဖြူစိုး [၁၂/မဂဒ(နိုင်)၀၁၆၃၇၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်သိန်း [၁၂/ဗတထ (နိုင်)၀၃၉၀၉၄]က အပြီးအပိုင် ဝယ်ယူရန် (၃၁-၇-၂၀၂၂)ရက်၌ တိုက်ခန်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ သို့ ခိုင်လုံသည့် စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးမြင့်သိန်း** | **ဦးခင်မောင်လွင်(စဉ်-၁၃၈၈၃/၁၇)** | **ဒေါ်ခင်အေးလှိုင် (၁၂၂၀၈/၁၇)** |
| | **LL.B, D.B.L, D.I.L** | **LL.B, LL.M (Civil Law)** |

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉- ၆၄၀၃၆၆၆၆၊ ၀၉- ၂၅၄၁၃၄၄၃၀**
**အမှတ်(၃၁)၊ ပထမထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၇၊ မြေကွက်အမှတ်-၄၉၀/က၊ အကျယ်အဝန်း(အလျား ၂၀ပေxအနံ၆၀ပေ)မြေကွက်အစိတ် အပိုင်းအနက်မှ (အလျား၁၀ပေxအနံ၆၀ပေ)ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ်-၄၉၀/က ဟုခေါ်တွင်သော တစ်ထပ်အိမ်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို **ဒေါ်ကြည်ကြည်ဝင်း(TKA-056532)**အမည်ဖြင့် သာကေတမြို့နယ်၊ ကျုံးကျော်ရှင်းလင်းရေးအဖွဲ့မှ ပြန်လည်ချပေးထားသောမြေကွက်ဖြစ်ပြီး၊ ဒေါ်ကြည် ကြည်ဝင်းထံက အရပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ **ဒေါ်ညာနဆောင်ဒရီ[၁၂/သဃက(နိုင်)၁၅၂၅၆၉]**က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းအိမ်မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူ မဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉/၁၉)**
**အမှတ်(၁၃၃၉/ခ)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ အမှတ် (၂၈)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၇) ထပ်တိုက်၏ ပထမထပ် ခေါင်းရင်းခြမ်း (၁၂ ၁/၂ x ၅၅)ပေရှိ တိုက်ခန်းအား မူလအမည်ပေါက် ဦးလှကြွယ် (PDE-၀၆၁၆၇၂)နှင့် ဒေါ်ပြုံးခင်ဇော် (B/RGN-၀၁၄၉၄၃) တို့မှ ပိုင်ဆိုင် ခဲ့ပြီး ၎င်းတို့ကွယ်လွန်သွားပြီးနောက် အဆိုပါတိုက်ခန်းအား ညီအစ်ကို မောင်နှမ များဖြစ်သည့် ဦးအံ့ကြွယ် [၁၂/ဗတထ(နိုင်)၀၀၈၅၀၆]၊ ဒေါ်ခင်လေးကြွယ် (PDE- ၀၇၃၉၉၉)၊ ဦးသောင်းကြွယ် [၇/သကန(နိုင်)၀၈၈၈၂၃]၊ ဦးဝင့်ခင်ဇော် (B/RGN- ၀၁၇၄၆၆)တို့မှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြ ပါသည်။

အဆိုပါ တိုက်ခန်းအား ဒေါ်ဖြိုးသီတာအောင် [၇/သကန(နိုင်)၁၃၂၇၂၃] မှ ၎င်းတို့၏ကိုယ်စား ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၁)**
**အခန်း (၁၀၁)၊ တိုက် (၇)၊ ၁၆လမ်း (အေ)၊ (၉၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၃၀၇၇၂**

**ကန့်ကွက်နိုင်ကြောင်းကြေညာချက်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ ခရေ လမ်းမကြီး၊ အမှတ်(၁၁၀၅)ဟုခေါ်တွင်သော (၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဥပဒေရေးရာအကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို မြေချပါမစ်အမည်ပေါက် ဒေါ်အေးသီတာဦးထံမှ ဝယ်ယူပိုင်ဆိုင်လျက်ရှိသော ဒေါ်ယဉ်ခင်[၁၄/မမန(နိုင်)၁၀၆၃၁၄]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကြေညာ၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ရာ အဆိုပါရောင်းချသည့်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ ဥပဒေရေးရာအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လူဟွေ့လန့်** | **ဒေါ်ထက်ထက်လှိုင်(LL.B.,D.B.L)** |

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၇)**
**အမှတ်-၂၂၂/ခ၊ အောင်သုခလမ်း၊ ပန်းခြံ-၁၈၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၂၄၉၄၃၊ ၀၉-၇၇၆၄၅၄၉၁၂**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၃)၊ လူနေရပ်ကွက်အမှတ်-၂၃၊ မြေကွက်အမှတ်- ၁၁၅၂၊ ခရေလမ်းမကြီး၊ အကျယ်အဝန်း (အလျား ၄၀ပေxအနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀) စတုရန်းပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးဇော်မင်း [၁၄/မအန(နိုင်)၁၆၅၀၈၆] အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် အမည်ပေါက်ပိုင်ရှင်ထံ စရန်ငွေ တစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါ က ကျန်ရောင်းဖိုးငွေများ ပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးယုံခွေ** | **ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L)** |

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၇)**
**အမှတ်-၂၂၂/ခ၊ အောင်သုခလမ်း၊ ပန်းခြံ-၁၈၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၂၄၉၄၃၊ ၀၉-၇၇၆၄၅၄၉၁၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၁၉၀၀၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၁၉၀၀)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းမွေး [၁၂/ရကန(နိုင်)၀၅၉၁၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၅၂၇)**
**အမှတ် (C-2A)၊ အခန်းအမှတ် (110)၊**
**Botahtaung Time Square အိမ်ရာ**
**ကုန်သည်လမ်း၊ ၃-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူက ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၃)၊ လူနေရပ်ကွက်အမှတ်- ၂၃၊ မြေကွက်အမှတ်-၁၁၈၁၊ ခရေလမ်းမကြီးကျောကပ်လမ်း၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ)၊ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးလတ်ကိုသိဒ္ဓိခိုင်(ဘ)ဦးသိန်းတိုး [၁၂/ပဘတ(နိုင်)၀၂၉၂၆၂]အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဥပဒေရေးရာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် မူလအမည်ပေါက်ပိုင်ရှင်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူထံမှ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွတ်လပ်စွာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မင်း [၁၄/မအန(နိုင်)၁၆၅၀၈၆]ထံ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်နေ့တိုင် ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးယုံခွေ** | **ဒေါ်ထက်ထက်လှိုင်(LL.B, D.B.L.)** |
| | **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၇၄၇)** |
| | **အမှတ်-၂၂၂/ခ၊ အောင်သုခလမ်း၊ ပန်းခြံ-၁၈၊** |
| | **ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၂၅၀၅၂၄၉၄၃၊ ၀၉-၇၇၆၄၅၄၉၁၂** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၂၂)၊ တတိယထပ် (၄-လွှာ)၊ ခေါင်းရင်းခန်း(တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၂၂'-၆"x ၆၇'-၃") ရှိတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ခင်သဉ္ဇာဝင်း [၁၂/တကန(နိုင်)၁၀၀၁၈၁]မှ အရှုပ်အရှင်းကင်းရှင်း၍ မိမိတရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဝေသန်း [၁၂/မဂတ(နိုင်)၀၄၆၀၉၀]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမွန်**
**LL.B, D.B.L, DL-101(WIPO)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၂၂၇)**
**အမှတ်-၇၃၉၊ နီကြောဝလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09- 444410448, 09- 973055517**
**E-mail- ayethidarmon2@gmail.com**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ငွေစင်လမ်း၊ မြေကွက်အမှတ်(၈၂၅)ဟုခေါ်တွင်သော (အလျား၄၀'ပေxအနံ၆၀')၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေအကျယ်ရှိ ဂရန်မြေအမျိုးအစားမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးခင်မောင်လှ အမည်ပေါက်ပိုင်ဆိုင်သောမြေနှင့်အိမ်ဖြစ်ပြီး အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်လှ ထံမှတစ်ဆင့် ဒေါ်ပြုံးပြုံးလွင်[၁၂/ရကန(နိုင်)၀၁၄၉၁၅]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် လက်ရှိနေထိုင်သူဖြစ်ကြောင်းနှင့် အပေါင်အနှံ၊ အရှုပ်အရှင်း၊ ပေးကမ်းထားခြင်းတို့ကင်းရှင်းပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဝင်း အထက်တန်းရှေ့နေ(စဥ်-၂၃၈၂၈)**
**အမှတ်(၂၉၁)၊ အောင်ရာဇာလမ်း၊ ၁၂-ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၄၀၄၈၀၇၆၊ ၀၉-၇၇၆၂၄၀၂၇၇**

# သင့်သွေးဖြင့် အသက်ကယ်ပါ

## (၂၁-၇-၂၀၂၂) ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၁) နှင့် (၂၉-၇-၂၀၂၂) ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၁) တို့တွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကိုမောင် [၅/မရန(နိုင်)၀၄၀၉၀၄] နှင့် ဒေါ်မြင့်မြင့်သက် [၁၂/ဗဟန(နိုင်)၀၄၃၇၁၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၁-၇-၂၀၂၂) ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၁)နှင့်(၂၉-၇-၂၀၂၂) ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၁)တို့တွင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခဲ့ရာ အဆိုပါကြေညာချက်များအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးကိုကိုမောင် [၅/မရန(နိုင်)၀၄၀၉၀၄]** | **ဒေါ်ဇာနည်အောင်** |
| **ဒေါ်မြင့်မြင့်သက် [၁၂/ဗဟန(နိုင်)၀၄၃၇၁၅]** | **LL.B, DBL, DIL, DML** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၁၂၇၁၈/၁၅-၆-၂၀၁၇)** |
| | **၁၅၃၊ ၃၂-လမ်း (လယ်)၊ ပန်းဘဲတန်းမြို့နယ်၊** |
| | **ရန်ကုန်မြို့။ Ph: 09-5030919, 09-78041106** |

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၄)၊ လူနေရပ်ကွက်အမှတ် (ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ် (၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂)၊ မြေအကျယ်အဝန်း (၁၁၆ပေx၈၀ပေ)၊ စတုရန်းပေ (၂၅၂၈၀)၊ ဧရိယာ (၀.၅၈) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အမှတ် (၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂)၊ ခရေ (၉)လမ်း၊ (၂၇/၄)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးဝင်းမော် [၁၂/စခန(နိုင်)၀၄၆၉၀၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဘူမောင် (LL.B) (စဥ်-၂၂၇၄၇)၊** | **ဒေါ်ရွှေစင်ဝင်း (စဥ်-၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၈၃၅၆၉၊ ၀၉-၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၈၅)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက် (ဝေဘာဂီမြို့သစ်)၊ မြေကွက်အမှတ် (၂၈၅)ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (အလျား ၁၅ပေxအနံ ၅၀ပေ)ရှိ ဒေါ်တင်တင်ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းအောင် [၁၂/စခန(နိုင်)၀၄၅၂၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးကျော်စိုးအောင် (ခ) ဦးကျော်စိုး [၁၂/မဂဒ(နိုင်)၀၅၇၅၉၁] သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (တစ်ပတ်)၊ (၇ရက်)အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လင်းအေး**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၇၃၁)**
**အခန်း (၃)၊ ၇-လွှာ၊ Strand Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

## (၂၄-၃-၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)တွင်ပါရှိသည့် မစုစုထွန်း(ခ) ရှော်ဖီယာဘေဂွမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမြတ်သန်းဦး အထက်တန်းရှေ့နေ(စဥ်-၁၀၂၂၀)မှ ကြေညာသည့် ကိုဇော်ထွန်း(ခ) အာရဖသ်ဟူစိန် နှင့်အများသိစေရန် ကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာသိင်္ဂီလမ်း၊ အမှတ်(၁၀၄)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်း(ခ) အာရဖသ်ဟူစိန် (S/OKA 123209)၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးမြတ်သန်းဦး၏ အထက်ဖော်ပြပါ သတင်းစာကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်း အောက်ပါအတိုင်းအများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်း(ခ) အာရဖသ်ဟူစိန် နှင့် မစုစုထွန်း(ခ) ရှော်ဖီယာဘေဂွမ်း [၁၂/ဗတထ(နိုင်)၀၄၅၉၈၀] တို့သည် (၁၃-၁၂-၂၀၀၃)ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။ မစုစုထွန်း(ခ) ရှော်ဖီယာဘေဂွမ်းသည် ကျွန်ုပ်မိတ်ဆွေ ဦးဇော်ထွန်း(ခ) အာရဖသ်ဟူစိန်မှ သိရှိခြင်းမရှိဘဲ ဇနီးမောင်နှံနှစ်ဦးပိုင်ဆိုင်သော ရွှေငွေများ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကလေး(၃)ဦးပါ ခေါ်ဆောင်ပြီး (၂၆-၇-၂၀၁၈)ရက်တွင် နေအိမ်မှ ဆင်းသွားခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်း(ခ) အာရဖသ်ဟူစိန်မှ ၎င်း၏ ဇနီးဖြစ်သူ မစုစုထွန်း(ခ) ရှော်ဖီယာဘေဂွမ်းအား ကိုယ်တိုင်သော်လည်းကောင်း၊ မိတ်ဆွေများဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်အကြိမ်ကြိမ်ခေါ်ခဲ့သော်လည်း လာရောက်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိပါသည်။ အစ္စလာမ်ဘာသာရေးမော်လဝီများထံသို့ တိုင်တန်းခဲ့ရာ ၎င်းမော်လဝီအဖွဲ့မှ ၎င်းတို့လင်မယားနှစ်ဦးအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြန်လည်ပေါင်းသင်းခြင်းမရှိဘဲ ငြင်းဆိုခဲ့ပါသည်။

သို့ဖြစ်ပါ၍ မစုစုထွန်း(ခ) ရှော်ဖီယာဘေဂွမ်း၏ ကြေညာချက်တွင်ပါရှိသည့် ဓမ္မသတ်ဌာနထံတွင် အစ္စလာမ်တရားဥပဒေအရ ဖသ်ဝါဓမ္မသတ် ဆုံးဖြတ်ချက်ရယူခဲ့ပြီး (၁၇-၃-၂၀၂၂)ရက်မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးပြတ်ကွာရှင်းပြတ်စဲကြောင်း၊ ကြေညာချက်မှာ မှန်ကန်မှုမရှိပါ။ အစ္စလာမ်ဘာသာတရားဥပဒေအရ ဇနီးဖြစ်သူသည် ခင်ပွန်းဖြစ်သူအား တစ်ဖက်သတ်ကွာရှင်း၍မရပါ။ မြွက်ဟကြေညာ၍လည်း မရပါ။ ခင်ပွန်းအနေဖြင့် တေလာက် (Talak)ပေး၍ ကွာရှင်းနိုင်ခွင့်ရှိပါသည်။ ထို့ကြောင့် ဇနီးသည်အနေဖြင့်လည်း တည်ဆဲဥပဒေများနှင့် အညီသာ လင်မယားကွာရှင်းနိုင်မည်ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်း(ခ) အာရဖသ်ဟူစိန်နှင့် မစုစုထွန်း(ခ) ရှော်ဖီယာဘေဂွမ်း တို့သည် လင်မယားအဖြစ် ဆက်လက်တည်ရှိနေကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးဇော်ထွန်း(ခ) အာရဖသ်ဟူစိန်** | **AMRAN & ASSOCIATES LAW FIRM** |
| **S/OKA 123209** | **ဦးအေမ်ရာန်** |
| | **LL.B, LL.M (Civil Law Group),** |
| | **Dip In International Law** |
| | **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၈၇၈)** |
| | **တိုက်(၄)၊ အခန်း(၃၀၂)၊ လှိုင်သီရိအိမ်ရာ၊** |
| | **ရန်ကုန်အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊** |
| | **လှိုင်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၇၈၆၁၇၉၁** |

## အမည်မှန်နှင့် ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အ.ထ.က(၂) Grade-10တွင် တက်ရောက်နေသော မောင်ပြည့်ဖြိုးလျှံ၏အမည်မှန်မှာ မောင်ဝေယံမိုးမြင့်ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်းအောင် [၈/ပခက(နိုင်)၂၁၄၃၀၁]ဖြစ်ပါကြောင်း။

# မူးယစ်ကို ပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ မြေကွက်အမှတ်(၄၉၇)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'x၆၀')(၀.၀၅၅) ဧက၊ (၂၄၀၀)စတုရန်းပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ် RCအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နွဲ့[၁၂/သလန(နိုင်)၀၀၅၅၃၈](AA၀၇၆၄၆၅)က ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးညီညီနော်[၁၂/အလန(နိုင်)၀၃၇၉၃၈]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်မြေကွက်နှင့် နေအိမ်တန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၂၁၆)** | **အထက်တန်းရှေ့နေ** |
| **LL.B,DBL,DIL,MA(Bussiness Law)** | **LL.B(စဥ်-၅၀၅၉၅)** |
| **ဖုန်း-၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၉/ဂ၊ မြေကွက်အမှတ်-၁/ခ၊ ဧရိယာ(၀.၃၆၇)ဧက၊ မြေကွက်တည်နေရာအမှတ် -၁/ခ၊ အမှတ်-၄ လမ်းမကြီး၊ ပန်းခြံစုကျေးရွာ၊ ဇီးကုန်းအုပ်စု၊ ရွှေပြည်သာမြို့နယ်၊ ဦးကိုကိုထွေး[၁၂/စခန(နိုင်)၀၁၅၉၅၀] အမည်ပေါက်၊ "ဝ"(မြေ)၃(က)ရပြီးမြေအား အမည်ပေါက် ဦးကိုကိုထွေး [၁၂/စခန(နိုင်)၀၁၅၉၅၀]သည် (၂၃-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးသန်း[၁၂/စခန(နိုင်)၀၁၆၆၀၈]မှ အမည်ပေါက်၏သေစာရင်း၊ ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၁၁၁၉)၊ (၀.၀၅၅)ဧက၊ (၄၀'x၆၀')အကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (မြို့/မြေ)ဌာနတွင် ဦးကျော်ကျော်မှ အမည်ပေါက်ပြီး၊ ၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၁၁/၂၀၂၂)ရရှိသူ ဦးမျိုးလွင်ကျော် [၁၂/ဥကတ(နိုင်)၀၁၅၁၂၂]မှ အဆိုပါမြေကွက်အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရေန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟန်သီစိုး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၇၆၃)**
**ဖုန်း-၀၉- ၄၅၄၄၃၃၆၀၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (၁)လမ်း၊ တိုက်အမှတ်(၄၈)၊ အလျား (၁၅)ပေ × အနံ (၅၀)ပေရှိ နှစ်ခန်းတွဲ (၃½)ထပ်တိုက်၏ ပဥ္စမထပ်၊ဒါဘာ (ခြေရင်းခန်း) တိုက်ခန်းကို ဒေါ်ကြူကြူခင် (၁၂/လမန(နိုင်)၁၃၃၄၇၃)ကိုင်ဆောင်သူမှ(၉-၃-၂၀၁၇)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းများရောင်းဝယ်ခြင်းကတိပြုစာချုပ်"အရ တရားဝင်လက်ရှိပိုင်ဆိုင်သူ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုး ငွေ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါ တိုက်ခန်းနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ခိုင်မာသော စာရွက် စာတမ်း အထောက် အထား မူရင်းများဖြင့် ကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်း အဝယ်စာချုပ်ကို ဥပဒေနှင့် အညီချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေနှင်းအေး (စဥ်-၂၈၂၉၃)**
**LL.B, B.A(B.Law), DBL, DIL, DML**
**အထက်တန်းရှေ့နေ**
**ဖုန်း -09250060946, 09978891920**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အနောက်အောင်မေတ္တာလမ်းသွယ် (၂) လမ်း၊ တိုက်အမှတ်(၄၅/၄၆)၊ အလျား (၁၃)ပေ × အနံ (၄၅)ပေရှိ နှစ်ခန်းတွဲ (၅)ထပ်တိုက်၏ A-ဒုတိယထပ်၊(၃)လွှာ (ခေါင်းရင်းခန်း) တိုက်ခန်းကို ဦးဝင်းဇော် (၁၂/မဂဒ(နိုင်)၁၀၆၉၂၉) ကိုင်ဆောင်သူမှ(၁-၁၀-၂၀၁၅)ရက်စွဲပါ "တိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်" အရ တရားဝင်လက်ရှိ ပိုင်ဆိုင်သူ လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ် ကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါ တိုက်ခန်းနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့နှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ခိုင်မာသော စာရွက် စာတမ်း အထောက် အထား မူရင်းများဖြင့် ကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်း အဝယ်စာချုပ်ကို ဥပဒေနှင့် အညီချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန် ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေနှင်းအေး (စဥ်-၂၈၂၉၃)**
**LL.B, B.A(B.Law), DBL, DIL, DML**
**အထက်တန်းရှေ့နေ**
**ဖုန်း -09250060946, 09764539599**

## ဒေါ်စန်းစန်းတင့်(ခ)ဒေါ်စီစီမြင့်(ဝါဇီ)
**လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အသက်(၆၀)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ဘဏ်ရိပ်သာ၊ တိုက်အမှတ်(ဃ)၊ အခန်း(၁၁)နေ (ဦးအေးမြင့်-ဒေါ်စန်းရီ)တို့၏ သမီးထွေး၊ (ဗိုလ်ကြီးတင်အေး)-ဒေါ်ရင်မေတို့၏ သမီးချွေးမ၊ (ဒေါ်နီနီမြင့်)၊ ဦးသန်းလွင်ဦး-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးမြင့်-(ဒေါ်ဟန်ဟန်မြင့်)၊ ဦးဆွေအေးမြင့်-ဒေါ်မိမိမော်၊ ဦးသန်းဌေးမြင့်၊ (ဦးဝင်းမော်မြင့်)တို့၏ ညီမ၊ ဗိုလ်မှူးအောင်မျိုးဦး (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးအောင်ပြည့်ဦး- ဒေါ်ခင်မျိုးသူ၊ ကိုကြည်သော်ဦးတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်စန်းစန်းတင့် (ခ) ဒေါ်စီစီမြင့်သည် ၃၁-၇-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၈:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြရီ**
**အသက် (၈၁) နှစ်**

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃) သူရတပ်ခွဲမှ သူငယ်ချင်း ဗိုလ်ကြီးကျော်ကျော်ဦး(ငြိမ်း)-ဒေါ်စောမြတ်မွန်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မြရီ သည် ၂၉-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၃)
သူရတပ်ခွဲမှသူငယ်ချင်းများ

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
**ဆရာဦးချစ်မြ(B.A)**
**အ.ထ.က(၄)အလုံ**
**အသက်(၈၃)နှစ်**

ဆရာမ ဒေါ်ချို့နွယ်သန်း(အ.ထ.က ၄၊ အလုံ)၏ ခင်ပွန်း (ဦးချစ်မြ)၏ ၁-၈-၂၀၂၁ရက်တွင် ကွယ်လွန်ခြင်း (၁)နှစ်ပြည့်အားရည်စူး၍ အထိမ်းအမှတ်အလှူဒါနပြုလုပ် "အမျှ"ပေးဝေခဲ့ပါသည်။ အမြဲလှူဒါန်းခဲ့သော ကောင်းမှုကုသိုလ် အစုစုတို့အတွက် မြင့်မြတ်သော ဘုံဘဝမှ "အဖေ"၊ "သာဓု"ခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး၊ သားသမီးနှင့် မြေးများ**

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၃၂၄/ခ)၊ ဧရိယာ (၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ ၁-ရပ်ကွက်၊ အနော်မာ (၈)လမ်း၊ အမှတ်(၃၂၄/ခ) ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့် အဆောက်အအုံ၏ တရားဝင်အမည်ပေါက်ပိုင်ရှင် ဒေါ်နူဒဂျန်(ခ)ဒေါ်ခင်အုန်းရီ [၁၂/သကတ(နိုင်)၁၂၇၇၇၇]ဖြစ်ပြီး အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူထားသူ ဦးလှရွှေ(ခ) ကာစင် [၁၂/သကတ(နိုင်)၁၂၆၁၈၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် (မြောက်ပိုင်း)ရပ်ကွက်၊ ဦးရွှေမှန်လမ်းသွယ် (၃) လမ်း၊ အမှတ် (၁၅၁)၊ (၃)ထပ်ခွဲတိုက်၏ ပထမထပ် (၂)လွှာ၊ အကျယ်အဝန်း (၂၀ပေ×၃၆ပေ) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟကြေညာသော ပိုင်ရှင်ဖြစ်သူဒေါ်ယဉ်မျိုးဝင်း (၁၂/စခန (နိုင်) ၀၁၇၆၉၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤသတင်းစာကြေညာသည့်နေ့မှ စ၍ (၇) ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိအိခိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၅၁၁၅၈)
အမှတ် (၅၆၅/က)၊ မာန်အောင်လမ်း၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်၊
ဖုန်း - ၀၉ ၄၅၆၃၃၅၃၅၃၊ ၀၉-၇၇၇၈၉၉၆၃၃

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်စန်းစန်းရွှေ
**လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)**
**ICT Section**
**စွမ်းအင်ဝန်ကြီးဌာန**
**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ အမှတ် ၄၂၁/က ဓမ္မာရုံ(၁)လမ်း၊ လှိုင်မြို့နယ်နေ(ဦးလှရွှေ-ဒေါ်မြမြ)တို့၏သမီး၊ (ဦးစံဝင်း)၏ ဇနီး၊ (ဦးတင်အောင်)-ဒေါ်ရီရီရွှေတို့၏ ညီမ၊ (ဒေါ်နွယ်နီရွှေ)၊ ဦးသန်းဇော်လွင်- ဒေါ်အေးသင်းအောင်တို့၏ အစ်မ၊ ဦးတင်မင်းလတ်-ဒေါ်ကေရီစံဝင်း၊ ဦးဇာလီစံဝင်း-ဒေါ်ဥမ္မာ၊ ဦးရဲရန်နိုင်-ဒေါ်ကိန္နရီစံဝင်းတို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားဒေါ်စန်းစန်းရွှေသည် ၃၁-၇-၂၀၂၂ ရက် နံနက် ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂ ရက် (အင်္ဂါနေ့)၊ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်ဦးဆွေ (ခ) Baby**
**(ရန်ကုန်မြို့)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့နေ [ဦးသန်း(စတီးဘရားသား)-ဒေါ်အမာ]တို့၏ သမီးကြီး၊ [ဗိုလ်ကြီးရောဘတ်နော့(ဆက်သွယ်ရေး)]၏ ချစ်လှစွာသော ဇနီး၊ (ဦးကိုကိုဦး - ဒေါ်နုနုခင်)၊ ဦးခင်မောင်အေး-ဒေါ်ချိုချို၊ (ဒေါ်နီနီခင်)၊ ဦးဝေလွင်သန်း-ဒေါ်ချိုချိုခင်၊ ဦးမြင့်ရွှေ- ဒေါ်ဖြူဖြူခင်၊ ဦးကိုကိုနိုင်-ဒေါ်မို့မို့ခင်၊ဦးထွန်းထွန်း-ဒေါ်စန္ဒာဝင်း၊ (ဦးအောင်ဇော်မိုး)-ဒေါ်သင်းသင်းခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး (၁၃)ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်ဦးဆွေသည် ၃၁-၇-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးများ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးဝင်း
**ရုံးအုပ်ကြီး (ငြိမ်း) ဟိုတယ်/ခရီး**
**Tour Mandalay (ငြိမ်း)**
**အသက် (၇၆)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၀၄)၊ လမ်း(၄၀)၊ ဒု/ယာနေ(ဦးပေါများ-ဒေါ်စိန်မေ)တို့၏သားကြီး၊ ဦးမောင်မောင်မြို့(ထွေ/အုပ်-ငြိမ်း)-ဒေါ်ကြူကြူ၊ [ဒု-ဗိုလ်မှူးကြီးဇော်ဝင်း(ရေ-ငြိမ်း)-ဒေါ်စုစုမိုး]၊ ဦးရွှေသွေး(B.V.S)၊ ဒေါ်ခင်ယုမေ (ဆ-လ-ရ၊ ငြိမ်း)၊ ဦးမြသွေး(YBS-ပါရမီ)-ဒေါ်တင်တင်မြင့်တို့၏ အစ်ကိုကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ဘကြီး ဦးအေးဝင်းသည် ၃၀-၇-၂၀၂၂ရက် ည ၁၁:၂၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၂၂ရက် နံနက် ၁၀:၁၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၈-၂၀၂၂ (သောကြာနေ့) နံနက် ၇နာရီ မှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှကြိုင် (မော်လမြိုင်)
**A.G.T.I (Civil) Insein 1973 Batch**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၄၂)နေ (ဦးထွန်းတင်)-ဒေါ်မာပုတို့၏သား၊ (ဦးမောင်မောင်ကြီး)၏ညီ၊ ဒေါ်အေးမြင့်၊ ဦးသိုက်ထွန်း-ဒေါ်အေးအေးချို၊ ဒေါ်လှမြင့် (Absolute Exotic Tour Ltd.)၊ ဒေါက်တာအေးအေးသစ်(ရန်ကင်းကလေးအထူးကုဆေးရုံကြီး) တို့၏ အစ်ကိုသည် ၃၀-၇-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၁-၈-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၂ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
**ဦးMဘောက်နော်**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ အမှတ်(၉၉)နေ ဒေါ်ရှုဘီရို့(စ်) မိုင်းနပ်(စ်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဆယ်မြူရယ်၊ (မောင်တိမောသေ)၊ မရှဲရွှန်၊ မောင်Silas Praise Jedidiahတို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၇-၂၀၂၂(စနေနေ့) နံနက်၃နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁-၈-၂၀၂၂ (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်သိန်းညွန့်(ဇာသပြင်)**
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၈၆၃)နေ (ဦးဘိုးခက်-ဒေါ်ငွေစု)တို့၏သမီး၊ (ဦးချစ်စံ-ဒေါ်ကြင်မွေး) တို့၏ ညီမ၊ (ဦးခင်မောင်အေး- ဒေါ်အုန်းကြွယ်)၊ (ဦးတင်စော)-ဒေါ်မြင့်မူ၊ ဦးစိန်ဝင်း- ဒေါ်ခင်မြရီ၊ ဦးညဏ်ဝင်းတို့၏အစ်မကြီး၊ တူ၊ တူမ ၂၇ ယောက်တို့၏ ချစ်လှစွာသော အဒေါ် ဒေါ်သိန်းညွန့်သည် ၃၀-၇-၂၀၂၂ (စနေနေ့) ည ၇:၁၅ နာရီတွင် ၉၆ ပါး သောရောဂါဖြင့် ပင်လုံဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဆရာကြီးဒေါက်တာမင်းသိခ်
(၁၄)နှစ်မြောက် အမှတ်တရ (၁-၈-၂၀၂၂)

မြန်မာတင်မက ပြည်ပမှာတွင်
တနိုင်းစရာ မမြင်၊
ဗေဒကဝိ ဆရာသခင်၊
ကျွန်ုပ်တို့၏ နှလုံးသားတွင်၊
တစ်နေ့ တစ်ရက်မှ မမေ့သာပင်။

**မောင်မောင်မြင့်အေး+ဒေါက်တာစောယုနွယ် မိသားစု နှင့်**
**ဒေါက်တာစောယုနွယ်၏ တပည့်များ**

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့ အတူ ဆက်လက် ဆောင်ရွက်စို့**

## ဆရာကြီးမင်းသိခ်
## (၁၄)နှစ်ပြည့် လွမ်းဆွတ်အမျှဝေခြင်း

- ကျေးဇူးရှင် အစ်ကိုကြီး၊ ဆရာကြီး မင်းသိခ်အတွက် ရည်စူးပြီး
- (၁-၈-၂၀၂၂)ရက်တွင် ပဲခူးမြို့၊ ဆယ်မိုင်ကုန်း၊ ဓမ္မဒူတ တောရ သာသနာ့ရိပ်သာ၊ ဓမ္မဒူတ ဗုဒ္ဓတက္ကသိုလ်၌လည်းကောင်း၊
- (၃-၈-၂၀၂၂)ရက်တွင် မှော်ဘီမြို့နယ်၊ ဘိုးဒေါနကုန်း ကျေးရွာရှိ မဟာဝိဟာရ ဓမ္မဝိနယ ဗုဒ္ဓတက္ကသိုလ်၌လည်းကောင်း၊
- ဝါဆိုသင်္ကန်းကပ်လှူပြီး သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်းကပ်လှူသော ကုသိုလ်ကောင်းမှုကို အများဝေနယျာ သာဓုခေါ်ကြပါကုန်လော့။

**ညီ-ဦးဝင်းဇော်၊ ညီမ-ဒေါ်သန်းနုအောင်**
**တူမ-အေးချမ်းမိုး**

## (၄)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြင့်မြင့်စန်း(မော်လမြိုင်)**
**(၁-၈-၂၀၁၈)-(၁-၈-၂၀၂၂)**

ချစ်ဇနီး ဒေါ်မြင့်မြင့်စန်းသည် မိသားစုနှင့် ခွဲခွာသွားသည်မှာ (၄)နှစ်ပြည့်သွားပြီးဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ သတိရတမ်းတ အောက်မေ့လျက်ပါ။ ဒေါ်မြင့်မြင့်စန်းရဲ့ ဆန္ဒကိုဖြည့်တင်း၍ ဒေါ်မြင့်မြင့်စန်းကို ရည်စူးပြီး လှူဒါန်းထားသော အလှူဒါနများအားလည်းကောင်း၊ မိသားစုမှ လစဉ်ပြုလုပ်သော အလှူဒါနများနှင့် (၄)နှစ်ပြည့် အလှူဒါနများအားလည်းကောင်း၊ ဒေါ်မြင့်မြင့်စန်းအား ကုသိုလ်အမျှ-အမျှ-အမျှ ပေးဝေပါ၏။

ဒေါ်မြင့်မြင့်စန်း မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

**ခင်ပွန်း-ဦးသန်းလွင်**
**သား-ဦးတင်စိုးလွင်မိသားစု**
**သမီး-ဒေါ်ခင်သိင်္ဂီလွင်မိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ ဆရာစံလမ်း၊ မြေကွက်အမှတ်(၁၅၁)၊ မြေအကျယ်အဝန်း (၄၁ပေ x၆၀ပေ)၊ (၀.၀၅၆) ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဒေါ်ယမင်းဇာဇာလွင် [၁၄/မမန(နိုင်)၁၃၄၃၅၇]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားမည့်မိန့်ခွန်းအား ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို ဩဂုတ် ၁ ရက် နံနက် ၈ နာရီတွင် (မြန်မာစံအသံနှင့် ရုပ်မြင်သံကြား) MRTV HD၊ MRTV News Channel၊ MWD HD Channel၊ MWD HD Variety Channel၊ မြန်မာ့အသံရေဒီယို၊ ချယ်ရီ FM၊ ပတ္တမြား FM၊ ပုဂံ FM၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ရွှေ FM နှင့် သဇင် FM တို့၌ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**

**"မိတ်ကောင်း ဆွေကောင်း အိမ်နီးချင်းကောင်း တပ်မတော်၏ ၉၅ နှစ်တာ ခရီး ..."** ဆောင်းပါး စာမျက်နှာ ၁၀၊ ၁၁

**အမေရိကန်နိုင်ငံ ကန်တက်ကီပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၅ ဦးရှိလာ** စာမျက်နှာ ၁၃

**ပခုက္ကူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး** စာမျက်နှာ ၁၅

**အုတ်ချပ်၊ သဲပွင့်ပေါင်းများစွာမှသည် နိုင်ငံတော်၏ ခွန်အားထုဆီသို့ . . .** စာမျက်နှာ ၁၉




## လီဗာပူးအသင်း ကွန်မြူနတီဒိုင်း (၁၆)ကြိမ်မြောက်ဆွတ်ခူး

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနဲ့ အက်ဖ်အေဖလားချန်ပီယံ လီဗာပူးအသင်းတို့ ဇူလိုင် ၃၀ ရက်ညပိုင်းက လက်စတာစီးတီးအသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ ကင်းပါဝါကွင်း၌ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကွန်မြူနတီဒိုင်းပွဲစဉ်မှာ လီဗာပူးအသင်းက မန်စီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းက ကွန်မြူနတီဒိုင်းကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၃၁

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✳